www.burmeseclassic.com

BURMESE CLASSIC .com

# သတိုးတေဇ

စောင့်နေသူ

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ▪ ၅၀၁၃၅၂၀၉၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ▪ ၅၀၁၂၂၀၀၉၀၈ |
| ထုတ်ဝေသူ | ▪ ဦးဝင်းသူရလွင် (အိပ်မက်အသစ်စာပေ) ၃၈ (၃ လွှာ)၊ ၁၅၃-လမ်း၊ တာမွေမြို့နယ်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | ▪ ဦးဇော်မြင့်ဝင်း (ကာလာဝုန်ပုံနှိပ်တိုက်) ၁၈၄(ဘီ) ၃၁ လမ်း (အထက်) ပန်းဘဲတန်းမြို့နယ်။ |
| မျက်နှာဖုံးဒီဇိုင်း | ▪ Antt Bwere Zin |
| ပုံနှိပ်ခြင်း | ▪ ပထမအကြိမ် စက်တင်ဘာလ၊ ၂၀၀၈ ခုနှစ် |
| အုပ်ရေ | ▪ ၁၀၀၀ |
| တန်ဖိုး | ▪ ၂၀၀၀ ကျပ် |


## အိပ်မက်အသစ်


အမှတ်-၃၈၊ (၃-လွှာ)၊ ၁၅၃ လမ်း၊ တာမွေမြို့နယ်၊
ဖုန်း-၀၉၅၁၁၂၄၂


## အိပ်မက်အသစ် မှထွက်ရှိပြီးစာအုပ်များ


| | |
|---|---|
| ၁။ ပြာဖြစ်သွားသောပန်းသီးနှင့်အခြားမော်ဒန်ဝတ္ထုတိုများ | သစ္စာနီ |
| ၂။ အဆောင်သူအတွက်. . . | ဝေမှုံးသွင် |
| ၃။ ဂလိုဘယ်လိုက်ဖေးရှင်း ရွှေတောင်းလူဆိုးနဲ့ . . . . . | မောင်စူးစမ်း |
| ၄။ ဂလက်စီမိန္ဒာနှင့်သံမဏိမီးလျှံ | တာရာလင်းနွယ် |
| ၅။ မိုးရာသီပတ်ဖျိုး | တာရာမင်းဝေ၊ ဝေမှုံးသွင် |
| ၆။ ကမ်းဝေးလှောင်အိမ် | သစ္စာနီ၊ မင်းခိုက်စိုးစန် |
| ၇။ သူရဲကောင်းပြနေနှင့်ရွှေလျားနေသောရဲတိုက် | တာရာလင်းနွယ် |
| ၈။ မှုကြိုတစ်ဦး၏ဖါလှုဒါအရသာ | ဝေမှုံးသွင် |
| ၉။ ကြက်ခြေခတ်နှစ်ခု | တာရာမင်းဝေ၊ ဝေမှုံးသွင် |
| ၁၀။ မင်းလူ. . ဝေမှုံးသွင်. . Lမင်းပြည့်မွန် | မင်းလူ၊ ဝေမှုံးသွင်၊ L မင်းပြည့်မွန် |
| ၁၁။ မြတင်းပေါက်ကလွတ်ကျသွားတဲ့အိပ်မက် | L မင်းပြည့်မွန် |
| ၁၂။ အိပ်မက်တစ်မက်က | ရွှေထိုက် |
| ၁၃။ တစ်ဝက်တစ်ပျက်ည | မင်းခိုက်စိုးစန်၊ L မင်းပြည့်မွန် |
| ၁၄။ ဟနေးသွားလွှန်းဖျံယံဉ် | ဝေမှုံးသွင် |
| ၁၅။ တိုး. . . ရွှေရွှေတုန်းတ | ရွှေထိုက် |
| ၁၆။ ငှက်ဆိုးတွန်ချိန် | သတိုးဝေဇ |
| ၁၇။ စောင့်နေသူ | သတိုးဝေဇ |


## ဆက်လက်ထွက်ရှိမည့်စာအုပ်များ


| | |
|---|---|
| ၁၈။ ညဥ့်နက်သန်းခေါင်ခွေးတစ်ကောင် | သတိုးဝေဇ |
| ၁၉။ ဆက်မမက်ခဲ့တဲ့အိပ်မက်ဟောင်း | သတိုးဝေဇ |
| ၂၀။ အမှောင်ကြောက်သူ | သတိုးဝေဇ၊ ဓေဝလကျော် |
| ၂၁။ မိန္ဒာမျက်ရည် | ဓေဝလကျော် |
| ၂၂။ အပြာရောင်မှတ်ဉာဏ်အပိုင်းအစများ | ဝေမှုံးသွင် |

www.burmeseclassic.com

Eainmakathit presents

BURMESE CLASSIC .com

# သတိုးစာ

စောင့်နေသူ

Eainmakathit
38 (3rd-fl), 153rd Lane, Tamwe Ts, Yangon.
095112428

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## နိဒါန်း

ဒီကနေ့ည...။

ရွှေမြိုင်သာယာမြို့၏ စိန့်ဖလောရင့်ကျောင်းရှိ ကျောင်းခန်းမ ကဇာတ်ရုံမှာ မီးရောင်စုံဖြင့် လင်းထိန်နေသည်။ ကဇာတ်ရုံအတွင်းဘက်တွင်လည်း အသံဗလံပေါင်းစုံဖြင့် ကျွက်ကျွက်ညံနေ၏။ နှစ်စဉ် ဒီကျောင်းတွင် ကျောင်းသားတွေ ပျော်ပွဲရွှင်ပွဲအတွက် ပြဇာတ် တင်ဆက်ကပြလေ့ရှိသည်။

စိန့်ဖလောရင့်ကျောင်းကို လွတ်လပ်ရေးမရခင် ခေတ်ကတည်းက သာသနာပြု မစ်ရှင်ကျောင်းအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်ရာ နှစ်ကာလ သက်တမ်းရှည်ကြာလှပြီဖြစ်၏။

ဟိုခေတ်ကတည်းက မျက်နှာဖြူ သာသနာပြုများ နေထိုင်ခဲ့ခြင်းကြောင့် ကျောင်းကိုတည်ဆောက်ထားသော ဗိသုကာ



www.burmeseclassic.com

www.burmeseclassic.com



လက်ရာမှာလည်း အုတ်သားနီနီများ၊ မှန်ရောင်စုံ တပ်ဆင်ထားသော အမိုးခုံးခုံး ပြတင်းအမြင့်ကြီးများ၊ ရှည်လျားသောစင်္ကြံများ၊ မြင့်မားပြီး အမိုးချွန်သည့် ခေါင်းလောင်းထိုးမျှော်စင်၊ မြေအောက်ခန်းတို့ဖြင့် ဥရောပ အလယ်ခေတ်လက်ရာဟန် ပေါ်လွင်လျက်ရှိသည်။

လွတ်လပ်ရေးရပြီး နောက်ပိုင်းကာလတွင် ပြည်သူပိုင်ကျောင်းအဖြစ်လည်းကောင်း၊ ပုဂ္ဂလိကကျောင်းအဖြစ် လည်းကောင်း ခေတ်အမျိုးမျိုးပြောင်းကာ ကျောင်း၏ အမည်အဆင့်ဆင့်ပြောင်းသွားခဲ့သော်လည်း မြို့ခံလူထု၏ အခေါ်အဝေါ်အရတော့ 'စိန့်ဖလောရင့်'ကျောင်းဟူသည့် နာမည်ဟောင်းကသာ နှုတ်ကျိုးနေခဲ့လေသည်။

နောက်ပြီး နှစ်စဉ်နှစ်တိုင်း ကျောင်းသားသစ်မိတ်ဆက်ပွဲများ၊ မိဘဆရာကန်တော့ပွဲများ၊ ကျောင်းကပွဲနှင့် ရန်ပုံငွေရှာဖွေရေး ပျော်ပွဲရွှင်ပွဲများကိုလည်း ဟိုယခင် မစ်ရှင်ကျောင်းခေတ်အတိုင်း ထုံးတမ်းစဉ်လာမပျက် ကျင်းပမြဲဖြစ်သည်။

သည်နှစ် ပြဇာတ်ကတော့ ခါတိုင်းနှစ်တွေနှင့်မတူ။ တစ်မူထူးခြားနေပြီး စိတ်ဝင်စားစရာကောင်းနေလေ၏။ ထို့ကြောင့်ပင် ကျောင်းသားမိဘများပါ လာရောက်ကြည့်ရှုနေကြသည်။ ယခုလည်း ပြဇာတ်အကြောင်းကို ကြိုတင်၍ ပြောဆိုနေကြခြင်း





ကြောင့် ကဇာတ်ရုံတစ်ခုလုံးလည်း ဟိန်းထွက် ဆူညံနေသည်။ ကလေးများထဲက တစ်ယောက်က ဘေးဘက်သို့လှည့်ပြီး...

"ပြဇာတ်နာမည်က ဝိညာဉ်မေတ္တာဆိုတော့ သရဲတွေ တစ္ဆေတွေ ပါမယ်ထင်တယ်နော်"

"အေး...ပါတာပေါ့ဟ၊ ဘာလဲ...နင် ကြောက်လို့လား"

ပြန်ဖြေလိုက်သည့် မိန်းကလေးကပင် ဆက်ပြီး ပြောလိုက်သည်။

"အစမ်းလေ့ကျင့်တဲ့နေ့ကဆို သရုပ်ဆောင်တွေ ဝတ်စားထားကြတာ တကယ့် တစ္ဆေသရဲတွေလိုပဲ ကြောက်စရာကြီး။ မျက်နှာတွေမှာလည်း..."

သူမစကားသံပင် မဆုံးလိုက်၊ နားထောင်နေသော ကလေးငယ်က...

"တော်ပြီ...တော်ပြီ...မပြောနဲ့တော့"

ဟု ကြောက်လန့်တကြား ငြင်းပယ်လိုက်ပြီး ခြေထောက်နှစ်ဖက်ကို ထိုင်ခုံပေါ်သို့ ဆွဲတင်လိုက်ကာ ကျုံ့ကျုံ့လေးထိုင်နေလေတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ခုံအနောက်ဘက် အဝတ်လဲခန်းထဲတွင်တော့ မိတ်ကပ်လိမ်းသူလိမ်း၊ အဝတ်အစားလဲသူကလဲနှင့် ယောက်ယက်ခပ်နေကြသည်။ တာဝန်ခံဆရာမကလည်း လိုအပ်သည်များကို လိုက်လံပြင်ဆင်ပေးရင်း မကြောက်မရွံ့ တင်ဆက်ကပြဖို့ မှာကြားနေလေသည်။ တင်ဆက်ကပြမည့် ကျောင်းသားတွေကလည်း ဆိုင်ရာ ဇာတ်ဝတ်ဇာတ်စားတွေနှင့် အသင့်ဖြစ်နေလေ၏။ ထိုအချိန်တွင်...။ တာဝန်ခံဆရာမက တစ်ခုခု သတိရသွားပြီး...

"ဟဲ့...မိုးညိုရော၊ မိုးညို"

"မသိဘူးဆရာမ၊ ခုနကတော့ အဝတ်အစားလဲနေတာ တွေ့လိုက်တာပဲ"

"ဒုက္ခပါပဲ၊ ရှာကြစမ်းပါဦး၊ ဒီကောင်လေး ဘယ်လျှောက်သွားနေလဲမသိပါဘူး၊ သူက အရေးကြီးတယ်၊ တစ္ဆေနေရာက သရုပ်ဆောင်ရမှာ"

အားလုံး ပျာပျာသလဲဖြစ်သွားကြကာ မိုးညိုကို လိုက်ရှာလေတော့သည်။ ပြဇာတ်ကမယ့်အချိန်ကလည်း နီးနေပြီ။ အတန်ကြာသည်အထိ မတွေ့။ နောက်ဆုံး တာဝန်ခံဆရာမက စိုးရိမ်ပူပန်စွာ ဇာတ်ရုံရှေ့သို့ အလောတကြီးထွက်သွားလိုက်သည်။ သိမ်မကြာခင်မှာပင် ဇာတ်ရုံရှေ့ဘက်တွင် လှုပ်လှုပ်ရှားရှား ဖြစ်





ကုန်ကြသည်။ ထိုကလေးကို လိုက်ရှာဖို့ ပြင်ဆင်နေကြခြင်းပင်ဖြစ်သည်။ ဇာတ်ရုံ၏ တခြားနေရာတွင်တော့...

* * *

မြေပြင်၏ အေးစက်စိုစွတ်မှုကြောင့် သူ ပြန်သတိရလာသည်။ တစ်ကိုယ်လုံး ကိုင်ဆောင့်ထားသည့်နှယ် ထုံကျင် ကိုက်ခဲနေ၏။ မျက်လုံးကို တဖြည်းဖြည်းဖွင့်ကြည့်လိုက်သည်။ မှောင်ရီဆဝါးနေပြီး ဘာမှမသဲကွဲ။ နောက်တစ်ကြိမ် ကြိုးစားပြီး ကြည့်လိုက်သည်။ သည်တစ်ခါ ခုနကထက်စာရင် သဲသဲကွဲကွဲ မြင်လာရသည်။

လေးဘက်လေးတန် မြေကြီးနံရံတွေ...။

သူ ဒီပတ်ဝန်းကျင်ကို တစ်ခါမှ မမြင်ဘူး။

"ငါ ဘယ်နားရောက်နေတာလဲ"

ဟု သူ့ကိုယ်သူ ပြန်မေးလိုက်မိသည်။ ထို့နောက် သူက လက်ဖြင့်ထောက်ပြီး မတ်တတ်ထရပ်ဖို့ ကြိုးစားလိုက်သည်။ သူ့ခန္ဓာကိုယ်က မရွေ့လျား။ အားတင်းပြီး နောက်တစ်ကြိမ် ကြိုးစားလိုက်ပြန်သည်။ သူ စိတ်ပျက်အားငယ်သွားမိသည်။ ချက်ချင်းပင် မာန်တင်းပြီး နောက်တစ်ကြိမ် ကြိုးစားမည်အလုပ်...သူ့ဆီမှ တုန်လှုပ်ချောက်ချားဖွယ်အသံကြီးကို ကြားလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်...သူ...လဲ"

အထစ်ထစ်အငေါ့ငေါ့နဲ့ မေးလိုက်သည်။ အမှောင်ထဲမှ မည်သည့်ဖြေသံမျှ မကြားရ။ ပတ်ဝန်းကျင်တစ်ခုလုံး သုသာန်တစပြင်ကဲ့သို့ ခြောက်ကပ်တိတ်ဆိတ်နေလေ၏။ တစ်ဆက်တည်းမှာပင် အဝေးဆီမှ သူ့နာမည်ကို ရေရွတ်အော်ခေါ်နေသံများကို ခပ်သဲ့သဲ့ကြားလိုက်ရလေ၏။ အသံလာရာဘက်သို့ လက်ဖြင့်ထောက်ပြီး သူ့ခန္ဓာကိုယ်ကို တရွတ်တိုက်ဆွဲသွားလိုက်သည်။ ရုတ်တရက် သူ့ကျောဘက်မှ အေးခနဲဖြစ်သွားသည်။

"ဟင်..."

ကြောက်လန့်တကြား နောက်သို့ ချက်ချင်းလှည့်ကြည့်လိုက်သည်။ မြင်တွေ့လိုက်ရသည်ကား...မြွေသားနံ့ရုံကြီးတစ်ခု။

ထိုနံ့ရုံကြီးက သူ့နောက်ဘက်ဆီမှနေ၍ ပိတ်ဆို့ကာဆီးနေလေ၏။ ထိုအချိန်မှာပင် ရေ့တည့်တည့်ဆီမှ ချိုးချိုးချွတ်ချွတ် အသံတွေကို ခပ်တိုးတိုးကြားလိုက်ရလေသည်။ နောက်မှ မြွေသားနံ့ရုံကိုမှီလျက် သူချောက်ချားတုန်ယင်စွာ အော်ဟစ်ရေရွတ်လိုက်သည်။

"ဘယ်...သူ...လဲ၊ ဘယ်...သူ...လဲ"

အထစ်ထစ်အငေါ့ငေါ့ဖြစ်နေသော သူ့အသံက တဖြည်းဖြည်း တိုးအက်ပြာဝင်လာသည်။ ချိုးချိုးချွတ်ချွတ် အသံတွေ





ကလည်း တဖြည်းဖြည်း နီးကပ်လာလေ၏။ ထို့နောက်တွင်ကား သူမြင်တွေ့လိုက်ရသည်က အမှောင်ထဲမှ မျက်လုံးနီနီရဲရဲတစ်စုံ...။

"အောင်...မ...လေး...ကယ်ကြပါဦးဗျ"

အာခေါင်ခြစ်၍ အော်လိုက်သော အသံကြီးနှင့်အတူ ထိုလူငယ်လည်း မေ့မြောသွားလေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁ )

မျက်နှာပေါ်သို့ ဝေ့ဝဲကျနေသော ဆံပင်တို့ကို သပ်တင်လိုက်ပြီး သော့ကို နောက်တစ်ကြိမ်ဖွင့်ဖို့ ကြိုးစားလိုက်သည်။ ဒီသော့ အစုတ်ပလုတ်က ဘယ်တော့မှ တစ်ခါတည်းနှင့် ဖွင့်မရ။ အမြဲတမ်းလိုလို အာရုံနှောက်စေသည်။

စိန့်ဖလောရင့်ကျောင်းအောက်ထပ် စင်္ကြံအဆုံးတွင် ကျောင်းသားတစ်ယောက်ချင်းစီအတွက် ထမင်းဘူး၊ ထီး၊ စာအုပ် စသည့် ကိုယ်ပိုင်ပစ္စည်းများ သိမ်းဆည်းဖို့ သံဗီရို အံဆွဲကလေးတွေ ရှိသည်။

အဲဒီသံဗီရိုတွေများအနက် ကျွန်မ၏ဗီရိုသော့က အစုတ်ဆုံးဖြစ်၏။ ဘယ်တော့မှ တစ်ခါတည်း ဖွင့်လို့မရ။

"တောက်...ဒီအစုတ်ပလုတ်သော့ကတော့"

"ချောက်..."



www.burmeseclassic.com

www.burmeseclassic.com



ကျိန်ဆဲနေတုန်းမှာပင် သော့က ပွင့်သွားလေသည်။

"ဟင်း"

ခုမှပဲ သက်ပြင်းချနိုင်တော့သည်။ ကျွန်မက စိတ်လက်ပေါ့ပါးစွာပင် ကျောင်းစာအုပ်တွေကို သံဗီရို (locker)ထဲသို့ ပစ်သွင်းထည့်လိုက်သည်။ နောက်...တံခါး ဂျိန်းခနဲမြည်အောင် ဆောင့်ပိတ်ပစ်လိုက်၏။ သည်တစ်ပတ် အိမ်စာတွေမလုပ်တော့ဘူးဟု တွေးလိုက်မိပြီး လှည့်ထွက်မည်အလုပ်...

"ဘုန်း"

သံဗီရိုတံခါးရွက်ကို ထုရိုက်လိုက်သံကြောင့် ကျွန်မ လန့်ဖျပ်သွားသည်။ ယင်းအခိုက်မှာပင်...။ ကျွန်မနောက်ဘက်ဆီမှ...

"ဟဲ့...နေနေ ဘာလုပ်နေတာတုံး၊ ဒီအပတ် အိမ်စာမလုပ်ဘူးလား"

ကျွန်မ လှည့်ကြည့်စရာပင်မလို။ ဘယ်သူဆိုတာ ချက်ချင်းသိလိုက်သည်။ တစ်ကျောင်းလုံးတွင် နေနေမြင့်မိုရ်ဆိုသော ကျွန်မနာမည်ကို နေနေဟု အဖျားဆွတ်ခေါ်တာ သူတစ်ယောက်တည်းရှိသည်။ ချမ်းမင်း...။ နာမည်ကို အင်္ဂလိပ်လို charming လို့ စာလုံးပေါင်းလေ့ရှိပြီး အသားဖြူဖြူ၊ အရပ်ထောင်ထောင်မောင်းမောင်းနှင့် ချမ်းမြေ့စရာ မျက်နှာပိုင်ရှင်။ ကျွန်မက သူ့ဘက်သို့လှည့်လိုက်ပြီး လျှာထုတ်ပြလိုက်သည်။ ပြီးတော့မှ...





"ဟင့်အင်း...ငါ ဒီအပတ် အိမ်စာမလုပ်ချင်ဘူး၊ ဪ...ဒါနဲ့ နင့်ကိုပြောစရာရှိသေးတယ် ချမ်းမင်းရ..."

ချမ်းမင်းက ကျွန်မပြောတာကို မျက်လုံး ပေကလပ်ပေကလပ်လုပ်ကာ နားထောင်နေသည်။

ကျွန်မက...

"ဒီအပတ် ရုပ်ရှင်ရုံမှာ သရဲကားပြမှာဟ၊ အဲဒါ နင့်အစ်ကို ကိုကြီးသီဟကိုခေါ်ပြီး ရုပ်ရှင်လိုက်ပြခိုင်းမလို့၊ မကောင်းဘူးလား..."

ချမ်းမင်းနှင့် ကျွန်မက သရဲကားဆို မလွတ်တမ်း ကြည့်ကြ၏။ နှစ်ယောက်စလုံးက သရဲမကြောက်တတ်။ သရဲမြောက်သည့်အခန်းဆို ကြောက်ရမည့်အစား တစ်ခါတစ်ရံ အူတက်အောင်ပင် ရယ်ကြသည်။ ချမ်းမင်းက ခေါင်းခါပြလိုက်ပြီး...

"ဖြစ်မယ်မထင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့... ကိုကြီးသီဟကို အရင်တစ်ပတ်က စာမေးပွဲကျထားလို့ အဖေက အိမ်အပြင်မထွက်ရ အမိန့်ထုတ်ထားတယ်"

ချမ်းမင်းကပင် လွယ်အိတ်ကို ပခုံးပြောင်းလွယ်လိုက်ပြီး ဆက်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရုပ်ရှင်ကြည့်မယ့်အစီအစဉ်ကို မေ့ပစ်လိုက်ပါ ဟာ၊ ဒီနေ့ ဘာနေ့လဲသိလား"

ချမ်းမင်းစကားကြောင့် ကျွန်မ တွေဝေသွားမိသည်။ ဒီနေ့ ဘာနေ့ဘာလဲ...။ ကျွန်မ စဉ်းစားလိုက်သည်။ စဉ်းစားလို့မရ။ ချမ်းမင်းက ခေါင်းကို တဗျင်းဗျင်းကုတ်လျက်...

"စဉ်းစားကြည့်ပါဦးဟာ၊ နင်ကလဲ ဒီလောက် အရေးကြီးတဲ့ဟာကို မေ့နေရတယ်လို့"

နောက်ဆုံး ကျွန်မ ခေါင်းကိုခါယမ်းလိုက်ပြီး...

"ဟင့်အင်း...မသိဘူး"

ချမ်းမင်းက ကျွန်မခေါင်းကို ခပ်ဖွဖွလှမ်းထုလိုက်ပြီး ပြောလိုက်လေသည်။

"ဒီနေ့ ကျောင်းပြဇာတ်အတွက် သရုပ်ဆောင် စာရင်းထွက်မယ့်နေလေဟာ"

ထိုစကားကြောင့် ကိုယ့်နဖူးကိုကိုယ် ဖြန်းခနဲမြည်အောင် ရိုက်လိုက်မိသည်။ ရင်လည်း ဒိန်းခနဲဖြစ်သွားသည်။ ဟုတ်ပါရဲ့။ ဒါကို ငါ ဘာဖြစ်လို့ မေ့နေရတာလဲ။ ကျွန်မတို့နှစ်ယောက် သရုပ်ဆောင်စာရင်းထွက်မယ့်နေ့ကို မျှော်လင့်တကြီး စောင့်ခဲ့ရတာ။ သိလိုဇောနဲ့ တစ်ကိုယ်လုံးလည်း တဆတ်ဆတ်တုန်ယင်လာပြီး ချမ်းမင်းကို ပြောလိုက်မိသည်။





"လာ...လာ၊ မြန်မြန်သွားကြည့်ကြမယ်"

ထိုသို့ပြောပြီးသည်နှင့် ချမ်းမင်း၏ ဖလန်နယ်အင်္ကျီလက်ကို ဆွဲကာ ကဇာတ်ရုံဘက်သို့ အလောတကြီး ထွက်လာခဲ့သည်။ ကဇာတ်ရုံရှေ့ရောက်တော့ ကြော်ငြာဆိုင်းဘုတ်ရှေ့တွင် ကျောင်းသားတွေ ဝိုင်းအုံနေပြီး သရုပ်ဆောင်စာရင်းကို အလုအယက်တိုးဝှေ့ ဖတ်နေကြ၏။ ထိုမြင်ကွင်းကြောင့် ကျွန်မရင်တွေ တထိတ်ထိတ်ခုန်လာလေသည်။ အသံတွေပင် အထစ်ထစ်အငေါ့ငေါ့ ဖြစ်ကုန်ပြီး ချမ်းမင်းကို ပြောလိုက်သည်။

"ချမ်း...မင်း...ငါမကြည့်ရဲဘူး၊ နင်ပဲကြည့် လိုက်တော့ဟာ"

"နင်ကလည်း ဒါလေးကြည့်တာ ဘာဖြစ်လို့လဲ၊ လာ...လာ...လိုက်ခဲ့"

ထိုသို့ပြောပြီး ချမ်းမင်းက ကျွန်မလက်ကိုဆွဲပြီး ခေါ်သွားလေ၏။ ကျောင်းသားတွေကို တိုးဝှေ့ပြီး ကြော်ငြာဆိုင်းဘုတ်ရှေ့သို့ လှမ်းသွားလိုက်၏။ ထိုရှေ့ကိုရောက်တော့ ကြော်ငြာစာရွက်ကို အလောတကြီး ဖတ်လိုက်မိသည်။

"အလို...ဘုရား...ဘုရား..."

ဘယ်လိုမှ မထင်မှတ်ထားသော မြင်ကွင်းကြောင့် ထိုအာမေဋိတ်သံနှင့်အတူ ကျွန်မစိတ်တွေ ယောက်ယက်ခတ်ကုန်



www.burmeseclassic.com

www.burmeseclassic.com



သည်။ မြင်လိုက်ရသည်က သရုပ်ဆောင်စာရင်းဘေးတွင် ကပ်လျက်သားကြော်ငြာစာရွက်တစ်ရွက်။ ထိုစာရွက်ပေါ်တွင် ကား...

– သိစေရန် ။ ။ နေနေမြင့်မိုရ်

– ကျောင်းအုပ်ကြီးရုံးခန်းသို့ အမြန်ဆုံး ဆက်သွယ်ပါရန်နှင့် သင့်ကို ကျောင်းမှ ခေတ္တခဏ ဆိုင်းငံ့ထားလိုက်သည်။

■



## အခန်း ( ၂ )

ကျောင်းက ခဏဆိုင်းငံ့ထားတယ်...ဟုတ်လား...?

ငါက ဘာလို့ ဆိုင်းငံ့ထားခံရမှာလဲ...?

ငါက ဆရာ ဆရာမတွေရဲ့ ဆုံးမစကားကို နားမထောင်ပဲ စည်းမဲ့ကမ်းမဲ့ ပရမ်းပတာ ဖြစ်နေလို့လား...?

ခေါင်းထဲတွင် နောက်ကျိရီဝေလာသည်။ ဝမ်းနည်းစိတ်ကြောင့် မျက်ရည်မကျမိအောင် မနည်းထိန်းထားရသည်။ ဖေဖေ မေမေတို့သိရင် ဘယ်လောက်တောင် ဒေါသထွက်လိုက်ကြမလဲ။ ထိုအချိန်မှာပင်...။

အနောက်ဘက်မှ တခိခိ တခစ်ခစ်ရယ်သံတွေကို ကြားလိုက်ရလေ၏။ နားမလည်နိုင်စွာပင် ကျွန်မ လှည့်ကြည့်လိုက်မိသည်။ ချမ်းမင်း...။ သူ့ဘေးမှ ကျောင်းသားတွေနှင့်အတူ ကျွန်မကိုကြည့်ပြီး ခွက်ထိုးခွက်လန် ရယ်မောနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ရှက်သွားပြီး ဒေါသထွက်စွာပြောလိုက်သည်။

“ဟဲ့…ချမ်းမင်း၊ ဒီစာရွက်က နင်ကပ်ထားတာ မလား”

ကျွန်မစကားကြောင့် ချမ်းမင်းက နောက်ထပ် ပျက်လုံး တစ်ခု ထပ်မံကြားလိုက်ရသည့်နှယ် အူလှိုက်သည်းလှိုက် ရယ်မောနေပြန်သည်။ ခဏလောက်ကြာတော့မှ…

“ဟုတ်တယ်…ငါကပ်ထားတာ”

“သေနာကောင်…အစုတ်ပလုတ်”

ကျွန်မ ချမ်းမင်းကို ကျိန်ဆဲလိုက်မိသည်။ ချမ်းမင်းက အမြဲတမ်းလိုလို သူများကို စ,နောက်ပြီး ပျော်ပျော်နေတတ်၏။ ကျောင်းမှ တချို့မိန်းကလေးတွေကဆို ကျွန်မရဲ့အခင်ဆုံးသူငယ် ချင်းက ယောကျ်ားလေးဖြစ်နေသည့်အတွက် အထူးအဆန်း သဖွယ်။ သို့ပေမယ့် အဲသည့်မိန်းကလေးတွေထက်စာရင် ချမ်းမင်း က ကျွန်မအတွက် ပိုခင်စရာကောင်း၏။ သူ့ကို ကျိန်ဆဲနေလို့ ကတော့ အပိုပဲဟု တွေးလိုက်မိပြီး သရုပ်ဆောင်စာရင်းကိုသာ ဖတ်လိုက်လေတော့သည်။

“ဟယ်…ချမ်း…မင်း…”

ကျွန်မက ဝမ်းသာသွားပြီး ကတုန်ကယင်အသံဖြင့် ချမ်းမင်း ကို ပြောလိုက်မိသည်။





“တို့နှစ်ယောက်စလုံး အဓိကသရုပ်ဆောင်စာရင်း မှာ ပါတယ်ဟ”

ကျွန်မတို့နှစ်ယောက်စလုံး အဓိကနေရာက သရုပ်ဆောင် ခွင့်ရဖို့ အားခဲထားကြသည်မဟုတ်လား။ ကျောင်းသားတိုင်းလိုလို တစ်နှစ်တစ်ခါလုပ်သည့် ကျောင်းပြဇာတ်တွင် သရုပ်ဆောင်ချင် ကြသည်။ ထိုမှလည်း မိဘဆရာသမားများရှေ့တွင် ဂုဏ်ရှိပြီး မျက်နှာလည်းပွင့်ကြလေ၏။

ယခုလည်း ချမ်းမင်းက ကျွန်မစကားကြောင့် ပါးစပ် အဟောင်းသားဖြစ်သွားပြီး မျက်လုံးပြူးမျက်ဆံပြူးဖြင့်…

“ဟုတ်လို့လား…သေချာလို့လား နေနေ”

“ဟုတ်တယ်၊ နင်က တရွှေလို သရုပ်ဆောင် ရမှာ၊ မယုံရင် နင်ကိုယ်တိုင် လာဖတ်ကြည့်”

ချမ်းမင်းက ကျွန်မစကားကို မယုံသေးပဲ ကြောင်အအဖြင့် ကြည့်နေသည်။ ထိုစဉ်…

“ဟုတ်တယ် ချမ်းမင်း၊ နေနေမြင့်မိုရ်ပြောတာ မှန်တယ်”

ထိုအသံနှင့်အတူ နဒီဆွေက လူအုပ်ကြားထဲမှ တိုးထွက် လာသည်။ ရှေ့နားရောက်တော့ နဒီဆွေက ကျွန်မကို မျက် ထောင့်နီကြီးနှင့် လှမ်းကြည့်လိုက်သည်။ ဘာကြောင့်လဲတော့



www.burmeseclassic.com

www.burmeseclassic.com



မသိ။ သူမက အမြဲတမ်း ကျွန်မကိုကြည့်ရင် ထိုအတိုင်းကြည့်တတ်သည်။ ယခုလည်း ချမ်းမင်းကိုပြောသလိုလိုနဲ့ ကျွန်မကိုကြည့်ပြီး ပြောနေပြန်သည်။

"ချမ်းမင်း…နင်က တစ္ဆေနေရာက သရုပ်ဆောင်ရမှာ"

"မယုံဘူး၊ ငါကိုယ်တိုင်ဖတ်ကြည့်လိုက်ဦးမယ်"

ပြောပြောဆိုဆိုနှင့် ချမ်းမင်းက ရှေ့သို့တိုးသွားလိုက်ကာ သရုပ်ဆောင်စာရင်းကို ဖတ်၏။ ထို့နောက် တဟေးဟေးနှင့် ခုန်ပေါက်နေလေတော့သည်။ ချမ်းမင်းက ငယ်ငယ်လေးကတည်းက တစ္ဆေသရဲ မျက်နှာဖုံးတွေစွပ်ပြီး သူများကို ခြောက်ရသည်ကို ပျော်သည်။ ယခုလည်း တစ္ဆေလို သရုပ်ဆောင်ရမည်ဆို၍ ဝမ်းသာလုံးဆို့နေသည်။ ကျွန်မလည်း ကျွန်မသရုပ်ဆောင်ရမည့် ဇာတ်ကောင်နာမည်ကို ဖတ်ကြည့်လိုက်မိသည်။ ဟင်…မမြသွေး ဆိုပါလား…။

"မမြသွေးဆိုတာ ဘယ်သူပါလိမ့်"

ရုတ်တရက် ကျွန်မ၏ တီးတိုးရေရွတ်လိုက်သံကို ချမ်းမင်း ကြားသွားပြီး…

"မမြသွေးဆိုတာ ခေါင်းပြတ်နေတဲ့ အဘွားကြီး ဖြစ်မှာပေါ့"





"ဟုတ်လို့လား"

ကျွန်မက ချမ်းမင်းစကားကို အဟုတ်မှတ်ပြီး ပြောလိုက်မိသည်။ နဒီဆွေက ကြားဖြတ်ပြီး…

"အဓိပ္ပာယ်မရှိတာတွေ မပြောစမ်းနဲ့၊ မမြသွေး ဆိုတာ ဇာတ်ရုံပိုင်ရှင်ရဲ့ ညီမ"

နဒီဆွေက ကျွန်မကို မျက်မှောင်ကြုတ်ကြည့်ရင်း မမြသွေး ကပဲ အရေးမပါသယောင်ယောင်နှင့် ဝင်ဟောက်လိုက်သည်။ ကျွန်မ စိတ်ကသိကအောင့် ဖြစ်သွားပြီး…

"ဟုတ်လား…နဒီဆွေ၊ နင်ရော ဘယ်သူ့နေရာ က သရုပ်ဆောင်ရလဲ"

ကျွန်မအမေးကို ကျန်သည့်ကျောင်းသားတွေကလည်း စိတ်ဝင်တစား နားထောင်နေကြသည်။ နဒီဆွေက ရုတ်ချည်း မျက်နှာ ပျက်သွားပြီး လေသံခပ်ပျော့ပျော့နှင့်ပင် ပြန်ဖြေသည်။

"ငါက နင့်ရဲ့အရံ သရုပ်ဆောင်လုပ်ရမှာ…၊ အကြောင်းတစ်စုံတစ်ရာကြောင့် နင်သရုပ်မဆောင် ဖြစ်ရင် မမြသွေးလို ငါက သရုပ်ဆောင်ရမှာ၊ ဒါပေမဲ့…"

နဒီဆွေက ပြောနေရင်းကပင် အသံက ရုတ်တရက် မြင့်တက်သွားပြီး…



www.burmeseclassic.com

www.burmeseclassic.com



"ဓာတ်ခုံအပြင်အဆင်မှာတော့ ငါက ဦးဆောင်လုပ်ရမှာ"

ကျွန်မ သူ့စကားဆုံးအောင်ပင် နားမထောင်တော့။ ချမ်းမင်းရဲ့ အင်္ကျီစကို လှမ်းဆွဲလိုက်ပြီး...

"ကဲ...ကိုတစ္ဆေသရဲရေ၊ သွားကြမယ်၊ ဒီအနီး အနား ပတ်ဝန်းကျင်မှာ သွားခြောက်ကြရအောင်"

✳ ✳ ✳

တနင်္လာနေ့ နေ့ခင်း...။ ပြဇာတ်အတွက် အစမ်းလေ့ကျင့်နေကြသည်။ ဆရာမ ဒေါ်ခင်ကြည်ပြာက ဓာတ်ခုံပေါ်မှနေပြီး အားလုံး စီစဉ်ကွပ်ကဲနေလေသည်။ ဒေါ်ခင်ကြည်ပြာက မျက်လုံးဝိုင်းဝိုင်း၊ ဆံပင်ကောက်ကောက်၊ ပိန်ပိန်ပါးပါး။ သူမက စာအသင်အပြလည်း ကောင်းပြီး စည်းကမ်းလည်း အလွန်ကြီးသည်။

ချမ်းမင်းနှင့် ကျွန်မက ကဇာတ် ခန်းမ၏ တတိယတန်းထိုင်ခုံမှာ ထိုင်နေ၏။ ထိုင်ခုံတိုင်းလိုလို ကျောင်းသားတွေနှင့် ပြည့်နေသည်။ ဘေးနားမှ သူရိန်မြင့်က ကျွန်မကို လှမ်းမေးလိုက်သည်။

"နေနေမြင့်မိုရ်၊ ဒီပြဇာတ်က ဘယ်လိုဇာတ်လမ်းမျိုးလဲ"





သူရိန်မြင့်နှင့် ကျွန်မက ရုပ်ချင်းခပ်ဆင်ဆင်။ ဆံပင်နီညိုညို၊ မျက်မှန်ကလည်း တပ်ထားသည်။ တို့ကြောင့်ပင် ထင်သည်။ ပြဇာတ်ထဲတွင် သူရိန်မြင့်က ကျွန်မအဖေနေရာက သရုပ်ဆောင်ရသည်။

ကျွန်မက...

"ငါလည်း ဘယ်လိုလုပ်သိမလဲ၊ ဇာတ်ညွှန်းစာရွက်တွေမှ မရသေးတာ"

ထိုအချိန်မှာပင် နဒီဆွေက...

"ဘာဇာတ်လမ်းလဲဆိုတာ ငါသိတယ်"

အားလုံးက နဒီဆွေကို လှမ်းကြည့်လိုက်သည်။

"အဟမ်း...အဟမ်း..."

နဒီဆွေက ချောင်းတစ်ချက်ဟန့်လိုက်ပြီး ပြောလိုက်သည်။

"ငါ့အဘွားက ဒီ စိန့်ဖလောရင့်ကျောင်းထွက်လေ၊ သူက ငါ့ကို ဒီဝိညာဉ်မေတ္တာပြဇာတ်အကြောင်းကို ပြောပြထားဖူးတယ်၊ ထူးဆန်းတာက ဒီပြဇာတ်က ကျိန်စာသင့်နေတယ်ဆိုတာပဲ"

ကျိန်စာဆိုသောစကားကြောင့် အားလုံး တအံ့တဩဖြင့် နဒီဆွေ့စကားကို ဆက်နားထောင်နေကြသည်။ ချမ်းမင်းက ကျွန်မကို တံတောင်ဖြင့်တွက်လိုက်ရင်း ပြောလိုက်သည်က...



www.burmeseclassic.com

www.burmeseclassic.com



"ကျိန်စာဆိုပါလား...စိတ်ဝင်စားစရာပဲ"

"ဟုတ်တယ်နော်"

ကျွန်မတို့နှစ်ယောက် တိုးတိုးကြိတ်ကြိတ်ပြောလို့ မဆုံးခင်မှာပင် နဒီဆွေက...

"ငါ့အဘွားက ဒီဝိညာဉ်မေတ္တာပြဇာတ်က ဘယ်လောက် နတ်ကြီးကြောင်း၊ ပြီးတော့ လွတ်လပ်ရေးမရခင်ခေတ်တုန်းက ဒီကျောင်းမှာ သရဲခြောက်..."

"နဒီဆွေ"

ဒေါ်ခင်ကြည်ပြာက နဒီဆွေကို မပြောရန် ဟန့်တားလိုက်ပြီး ဇာတ်ခုံပေါ်မှ ဆင်းလာခဲ့သည်။

"မင်း ဒီအကြောင်းကို မပြောပြသင့်ဘူးလို့ ဆရာမ ထင်တယ်"

ကျွန်မနှင့် ချမ်းမင်းက မတိုင်ပင်ထားကြပဲ တစ်ပြိုင်တည်းပြောလိုက်မိသည်။

"ဘာလို့လဲ ဆရာမ"

"ဒီအချိန်မှာ ဒါတွေပြောနေရမယ့်အချိန်လည်း မဟုတ်ဘူး၊ ပြီးတော့ ဆရာမလည်း ဇာတ်ညွှန်းစာရွက်တွေ ဝေရဦးမယ်"

ထိုအချိန်မှာပင် နဒီဆွေက ထပြောလိုက်သည်။





"ဆရာမရော ဒီပြဇာတ်အကြောင်းကို ကြားဖူးလို့လား"

ဒေါ်ခင်ကြည်ပြာက ခေါင်းညိတ်ပြလိုက်ပြီး...

"အေး...ဆရာမ ကြားဖူးပါတယ်၊ ဒါကြောင့် မင်းကို ဒီဇာတ်လမ်းအကြောင်း ပေးမပြောချင်တာ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီဇာတ်လမ်းက သိပ်ကြောက်စရာကောင်းလို့ပဲ"

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

ကျောင်းသားတွေအားလုံးက ဒေါ်ခင်ကြည်ပြာစကားကြောင့် ပိုမိုသိချင်သွားကြသည်။ ထို့ကြောင့်ပင်...

"ပြောပြပါဆရာမ...ပြောပြပါဆရာမ"

ကျောင်းသားတွေဆီမှ အသံတွေက ဆူညံပွက်လောရိုက်ကုန်၏။ ဒေါ်ခင်ကြည်ပြာက တိတ်တိတ်နေရန် အားလုံးကို လက်ထောင်ပြလိုက်လေ၏။ သို့ပေမဲ့ ကျောင်းသားအားလုံးက ထိန်းမရအောင်ပင် ဖြစ်နေကြသည်။ ထို့ကြောင့်...ဒေါ်ခင်ကြည်ပြာက...

"ကဲ...ကဲ...တိတ်တိတ်နေကြ၊ ဆရာမ ပြောပြမယ် ဟုတ်လား"

ကျောင်းသားတွေဆီမှ ဝေးခနဲ အော်သံတွေ ကြားလိုက်သည်။ ဒေါ်ခင်ကြည်ပြာက ဆက်ပြီး...





"ဒါပေမဲ့...မင်းတို့သိထားရမှာက ဒါက ဒဏ္ဍာရီပုံပြင်တစ်ပုဒ်နော်၊ တကယ်မထင်သွားရဘူး၊ ဟုတ်ပြီလား"

ဒေါ်ခင်ကြည်ပြာက လက်ထဲမှ စာရွက်တွေကို စားပွဲခုံပေါ်သို့ တင်ထားလိုက်ပြီး ဆက်ပြောလိုက်သည်။

"ဒီအဖြစ်အပျက်က လွန်ခဲ့တဲ့ အနှစ်ခုနစ်ဆယ်လောက်က ဟောဒီ စိန့်ဖလောရင့်ကျောင်းမှာ ဖြစ်ခဲ့တဲ့ အဖြစ်အပျက်၊ အဲသည့်တုန်းက 'တစ်ကျောင်းလုံးပေါင်းမှ ကျောင်းသားက အစိတ် သုံးဆယ်တောင် မပြည့်ဘူး၊ အဲဒီအချိန်မှာပဲ ကျောင်းသားလေး တစ်ယောက်က ကျောင်းစာကြည့်တိုက် မြေအောက်ခန်းထဲ ကနေပြီး ဝိညာဉ်မေတ္တာလို့ခေါ်တဲ့ အခု မင်းတို့ က,ကြမယ့် ပြဇာတ် ဇာတ်ညွှန်းစာရွက်တွေကို တွေ့လာခဲ့သတဲ့။ ဒါနဲ့ ကျောင်းကပွဲမှာ အဲဒီပြဇာတ်ကို က,ဖို့ စီစဉ်ကြပါလေရော"

ကျွန်မနှင့် ချမ်းမင်းက တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ပြီး စိတ်ဝင်တစား ဆင်ေနားထောင်နေလိုက်၏။ ဒေါ်ခင်ကြည်ပြာက ဆက်ပြီး...

"ဇာတ်ညွှန်းစာရွက်တွေ တွေ့လာတဲ့ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



သားလေးက တစ္ဆေလို သရုပ်ဆောင်ခွင့်ရတယ်၊ ပြဇာတ်မှာပါမယ့် ကျောင်းသားတွေ အားလုံးက ကျောင်းဆင်းပြီဆိုတာနဲ့ ပြဇာတ်အတွက် လေ့ကျင့်ကြတော့တာပဲ၊ အားလုံး အဆင်ပြေပြေ ချောချောမွေ့မွေ့ပဲ...၊ အဲ...ဘယ်အချိန်ထိလဲဆိုတော့..."

ဒေါ်ခင်ကြည်ပြာက ပြောလက်စ စကားကို ခဏရပ်လိုက်ပြီး ကျောင်းသားတွေကို ဝေ့ကြည့်လိုက်သည်။ အတန်ကြာသည်အထိ မပြောသေးပဲ...နောက်မှ...

"မင်းတို့ကို ဆရာမပြောထားပြီးသားနော်၊ ဒါဟာ ဒဏ္ဍာရီပုံပြင်တစ်ပုဒ်ပဲ၊ ပြီးတော့ တကယ်ဖြစ်ပျက်ခဲ့တယ်ဆိုတာ ဘယ်သူမှ သက်သေမပြနိုင်ဘူး၊ ဟုတ်ပြီလား"

ကျောင်းသားအားလုံးက ဆရာမကို ခေါင်းညိတ်ပြလိုက်ကြ၏။ ဒေါ်ခင်ကြည်ပြာက လည်ချောင်းကို တစ်ချက်ရှင်းလိုက်ပြီး...

"နောက်ဆုံး တိုတိုပြောရရင် ပြဇာတ်က,မယ့်ည၊ ပြဇာတ် စတင်ခါနီးလည်းရောက်ရော တစ္ဆေလို သရုပ်ဆောင်မယ့် ကျောင်းသားလေး ပျောက်နေတာကို သိသွားကြတယ်၊ အားလုံး တစ်ကျောင်းလုံးကို





ပိုက်စိပ်တိုက် ရှာကြပေမယ့် အဲသည်ကျောင်းသားလေးကို ရှာမတွေ့တော့ဘူး၊ ဒါနဲ့ တာဝန်ခံဆရာမက ပြဇာတ်မတင်ဆက်ဖြစ်တဲ့အကြောင်း ကြေညာမလို့ စင်ပေါ်အတက်...

ဇာတ်ခုံနောက်ဘက်ကနေ ကြောက်စရာ အော်သံကြီးတစ်သံကို ကြားလိုက်ရတယ်၊ အဲသည့်အသံကြီးက ကျောချမ်းစရာကြီးတဲ့၊ လူတွေပြောကြတာ မကောင်းဆိုးဝါး တိရစ္ဆာန်တစ်ကောင် ဆွဲဆွဲငင်ငင်အူလိုက်သလိုမျိုးကြီးပဲတဲ့၊ ဒါနဲ့ အသံလာရာဘက်ကို အားလုံး ပြေးသွားကြည့်ကြတာ ဘာအရိပ်အရောင်မှ မတွေ့ရဘူး၊ အဲဒီကတည်းက ကျောင်းသားလေး ပျောက်သွားလိုက်တာ ဘယ်တော့မှ ပြန်မတွေ့ရတော့ဘူးတဲ့၊ အားလုံးက ပြောကြတာကတော့ ကျောင်းသားလေးက ဒီကျောင်းမှာ ပြဇာတ်ကဖို့ စောင့်နေတယ်ဆိုတာပဲ"

ကျောင်းသားအားလုံး ထိုစကားကြောင့် တုန်လှုပ်သွားကြသည်။ သူရိန်မြင့်ကပင် ကျွန်မနားသို့ တိုးကပ်လာပြီး မျက်လုံးပြူး မျက်ဆံပြူးဖြင့် ဟိုကြည့်ဒီကြည့် လုပ်နေလေ၏။ ဒေါ်ခင်ကြည်ပြာက မောသွားပြီး ရေတစ်ခွက်ကို ငုံ့သောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ငြိမ်သက်တိတ်ဆိတ်နေပြီး ဒေါ်ခင်ကြည်ပြာ ဘာဆက်ပြောမလဲဆိုတာ စောင့်နေကြ၏။

ထိုအချိန်မှာပင် သူရိန်မြင့်ဆီမှ ကြောက်လန့်တကြားအော်သံကို ကြားလိုက်ရလေသည်။

"အား...အား...ဟိုမှာ...သရဲ...သရဲ"

ကျောင်းသားအားလုံးက သူရိန်မြင့် လက်ညှိုးထိုးပြသည့်နေရာကို ကြည့်လိုက်မိချိန်မှာတော့...

တံခါးကြားထဲမှ မျက်နှာတစ်ခု...။

မျက်လုံးတွေက နီရဲပြူးကျယ်နေပြီး မျက်နှာက အဖုအပိန့်တွေနှင့်။

ဆံပင်တွေကလည်း ဖွာလန်ကျဲနေသည်။

ထိုစဉ်မှာပင် ထိုမျက်နှာကြီးက အားလုံးကို သွားဖြဲပြလိုက်လေတော့သည်။

"အား...အား"

ကျောင်းသားတွေဆီမှ ရတ်ချည်း ဆူညံသံတွေထွက်လာပြီး မ်ရှေးမနှောင်းမှာပင် ထို မကောင်းဆိုးရွားသဏ္ဌာန်သည် ရှေ့သို့ တစ်လှမ်းချင်း တိုးလာလေတော့သည်။ ပါးစပ်ကလည်း...

"ဂူးဝါး...ဂူးဝါး..."

ကျောင်းသားအားလုံးက ကြောက်စိတ်တွေ မွှန်ထွန်ပြီး





ပုန်းသူပုန်း၊ ထွက်ပြေးသူပြေး၊ ယောက်ယက်ခတ်ကုန်သည်။ ထိုအခိုက်မှာပင် ကျွန်မက တစ်စုံတစ်ခုကို တွေးမိပြီး ထိုအကောင်ကြီးဆီသို့ ပြေးသွားလိုက်၏။ အားလုံးက အံ့အားသင့်ကုန်ကြသည်။ ထိုမကောင်းဆိုးဝါးကောင်က ဘယ်သူလဲဆိုတာ ကျွန်မသိသည်။ မြင်ခါစကတည်းက သံသယဖြစ်မိသည်။

မကောင်းဆိုးရွားကောင်ကြီးအနီးသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ကျွန်မက...

"ချမ်းမင်းရယ်၊ တော်ပါတော့ဟယ်၊ မနောက်ပါနဲ့တော့"

ဟုဆိုပြီး မျက်နှာဖုံးကို ဆတ်ခနဲ ဆွဲခွာပစ်လိုက်သည်။ မျက်နှာဖုံးအောက်မှ ချမ်းမင်းမျက်နှာက သွားအဖွေးသား ပေါ်လာလေတော့သည်။ ချမ်းမင်းကပင် ထပ်နောက်နေပြန်သည်။

"ဂူးဝါး...ဂူးဝါး..."

အားလုံး ချမ်းမင်းကို စိတ်တိုသွားကြပြီး နီးစပ်ရာ စာအုပ်၊ ခဲတံတို့နှင့် ပစ်ပေါက်ကြလေတော့၏။ အားလုံးလည်း ခုမှပဲ ပြုံးနိုင် ရယ်နိုင်ကြလေတော့သည်။

ဒေါ်ခင်ကြည်ပြာကပင်...

"ချမ်းမင်းရယ်၊ တော်တော်အစအနောက်သန်တာပဲ၊ ဆရာမ တကယ်မှတ်လို့ လန့်သွားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ချမ်းမင်းက ဒေါ်ခင်ကြည်ပြာစကားကို မခိုးမခန့် ရယ်လိုက်ရင်း ကျွန်မဘေးနားသို့ ဝင်ထိုင်လိုက်သည်။ ကျွန်မက...

"ချမ်းမင်း...နင် ဘာလို့ လူတိုင်းကို ခြောက်လှန့်နေရတာလဲ"

"အဲသည်လိုစ,ရတာ ပျော်လို့ပေါ့ဟ၊ ဟဲ...ဟဲ"

■



အခန်း ( ၄ )

"ဆရာမ ဒါဆို ဒီပြဇာတ်က ဟိုအဖြစ်အပျက်ပြီးကတည်းက သားတို့ ပထမဆုံး ပြန်က,တာပေါ့နော်"

သူရိန်မြင့်က ဇာတ်ညွှန်းစာရွက်တွေ ဝေနေသော ဒေါ်ခင်ကြည်ပြာကို မေးလိုက်၏။ ဒေါ်ခင်ကြည်ပြာက...

"ဟုတ်တယ်၊ အဲသည်လိုဖြစ်ပြီးကတည်းက ပြဇာတ်စာရွက်တွေကို ဖျက်ဆီးပစ်လိုက်ကြတာ၊ ဒါပေမဲ့ ကျောင်းစာကြည့်တိုက် မြေအောက်ခန်းထဲမှာ မိတ္တူ တစ်စောင်ကျန်သေးတယ်ဆိုတာ နောက်မှ ပြန်တွေ့တယ်၊ ဒါနဲ့ ဒီအတိုင်းပဲ ပစ်ထားလိုက်ကြသေးတယ်၊ ခုမှ ဆရာမတို့က ပြန်က,ကြတာလေ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် ကျောင်းသားတစ်စုက စိုးရိမ်ပူပန်သွားကြပြီး တီးတိုးသံတွေ ထွက်ပေါ်လာတော့သည်။

ဒေါ်ခင်ကြည်ပြာက ဓာတ်ခုံပေါ်တက်သွားရင်း...

"ကဲ...ကဲ...နားထောင်ကြစမ်း၊ ဒါဟာ ကိုလိုနီခေတ်က အရှိုးစွဲနေတဲ့ ယုံတမ်းစကားကြီးပဲဥစ္စာ၊ လူတွေကို သက်သက်ကြောက်အောင် ခြောက်တဲ့ အပြောင်အပျက်တစ်ခုပဲ"

ကျွန်မက ဒေါ်ခင်ကြည်ပြာကို ထမေးလိုက်၏။

"ဆရာမ၊ ဒါဆို ကျိန်စာသင့်နေတယ်ဆိုတာ ကရော...၊ နဒီဆွေပြောတော့ ဒီပြဇာတ်က ကျိန်စာသင့်နေတာဆို"

နဒီဆွေ့ဆီမှ ထောက်ခံသံပေါ်လာပြီး သူကပင် ဆက်၍...

"အဘွားပြောတာတော့ ဒီပြဇာတ်က ကျိန်စာသင့်နေတာတဲ့၊ ဒီပြဇာတ်ကို ကျိန်စာတိုက်ထားတဲ့ တစ္ဆေကိုယ်တိုင်က ဘယ်သူ့ကိုမှ ပေးမကဘူးတဲ့၊ ခုထိလည်း အဲသည်တစ္ဆေက ကျောင်းမှာရှိတုန်းတဲ့"

နဒီဆွေ့စကားကြောင့် ကျွန်မ ကျောရိုးတစ်လျှောက် စိမ့်တက်သွား၏။ ဟင်...ဒါဆို တို့ကျောင်းမှာ သရဲရှိတာပေါ့ဟု တွေးလိုက်မိသည်။ ချမ်းမင်းကတော့ သရဲရှိသည်ဆိုခြင်းကြောင့်





ပျော်နေပုံပေါက်၏။ ဒေါ်ခင်ကြည်ပြာက...

"ကဲ...ကဲ...သရဲတွေ၊ တစ္ဆေတွေအကြောင်း ခဏမေ့ထားဦး၊ ဒီမှာ ဆရာမကို ဓာတ်ညွှန်းတွေ ကူဝေပေးကြဦး"

ကျွန်မနှင့် ချမ်းမင်းက ဒေါ်ခင်ကြည်ပြာကို ကူညီရန် ပြဇာတ် ဓာတ်ညွှန်းစာရွက်တွေကို ကျောင်းသားတွေဆီသို့ လိုက်လံဝေငှလိုက်သည်။ သူရိန်မြင့်အနီးကိုရောက်တော့ သူက...

"ကျိန်စာက တကယ်ဆိုရင် ငါတို့က ဘာဖြစ်သွားကြမှာလဲဟင်"

သူရိန်မြင့်၏ အမေးကို ကျွန်မပင် ပြန်မဖြေလိုက်ရ။ ဒေါ်ခင်ကြည်ပြာ ကြားသွားပြီး...

"ကျိန်စာတွေ၊ တစ္ဆေသရဲတွေအကြောင်းကို မပြောနဲ့တော့လို့ ဆရာမ မှာထားတယ်လေ၊ ဘာဖြစ်လို့ ပြော..."

သူမစကားသံမဆုံးခင်မှာပင်...

"အား..."

ထိုအသံကြောင့် ကျွန်မ နောက်ကိုလှည့်ကြည့်လိုက်မိသည်။

ဟင်...ဒေါ်ခင်ကြည်ပြာ...

ဆရာမ ဘယ်ရောက်သွားတာပါလိမ့်...၊ ဓာတ်စင်ပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



မရှိတော့...။

ဖြုန်းခနဲ ကိုယ်ပျောက်သွားတာလား?

■



အခန်း ( ၅ )

ဒရောသောပါးဖြင့် ခုတ်နံပေါ်သို့ ပြေးတက်သွားလိုက်သည်။ ကျွန်မနှင့်အတူ ချမ်းမင်းလည်း လိုက်ပြေးတက်လာရင်း...

"ဆရာမ...ဆရာမ..."

"ဘယ်မှာလဲ...သားတို့ခေါ်တာ ကြားရလား"

ဒေါ်ခင်ကြည်ပြာဆီမှ မည်သည့်အသံမျှ ပြန်မကြားရ။ ခုတ်ခုံအောက်ဘက်တွင်လည်း ကျောင်းသားတွေက ဟိုတစ်ပေါက် ဒီတစ်ပေါက် အော်ဟစ်ဆူညံနေ၏။ ထို့ကြောင့် ကျွန်မက တိတ်တိတ်နေရန် လက်ထောင်ပြလိုက်ပြီး နောက်တစ်ကြိမ် အော်ခေါ်ကြည့်လိုက်သည်။

"ဆရာမ်...ကြားလား..."



www.burmeseclassic.com

www.burmeseclassic.com



ခဏလောက်ကြာတော့မှ ဒေါ်ခင်ကြည်ပြာ၏ အသံကို ခပ်သဲ့သဲ့ကြားလိုက်ရ၏။

"ဆရာမက အောက်ဘက်မှာ"

အောက်ဘက်ဆိုတာ ဘယ်အောက်ဘက်ပါလိမ့်။ ဇာတ်ခုံ အောက်ဘက်ကို ပြောတာလား။ ဘယ်ဘက်ကိုပြောတာလဲ။ ထိုစဉ်မှာပင်...

"ဆရာမကို ဆွဲတင်ကြပါဦး"

ကျွန်မနှင့် ချမ်းမင်း ဇာတ်ခုံနောက်ဘက်ကို ပြေးသွားလိုက်ပြီး လိုက်ရှာကြည့်လိုက်သည်။ ထိုအချိန်မှာပင် ဒေါ်ခင်ကြည်ပြာက...

"ဆရာမကို ဆွဲတင်ကြပါဦး"

ဒီတစ်ခါတွင်တော့ ချမ်းမင်းရော ကျွန်မပါ ဒေါ်ခင်ကြည်ပြာ ရှိနေသည့်နေရာကို သိသွားလေ၏။ ဒါပေမဲ့ သူမကို မတွေ့ရ။ အသံကိုသာ ကြားနေရသည်။ ချမ်းမင်းက...

"ဘယ်လိုလုပ် ဆွဲတင်ရမှာလဲ ဆရာမ"

"မင်းတို့အနားမှာ သစ်သားခလုတ်လေးတစ်ခု ရှိတယ်၊ ရှာပြီး ဆွဲလိုက်"

ချမ်းမင်းက ပျာပျာသလဲ ရှာလိုက်သည်။ မကြာခင်မှာပင်...





"တွေ့ပြီ...တွေ့ပြီ..."

ချမ်းမင်းက ဝမ်းသာအားရ အော်လိုက်ပြီး ထိုသစ်သားခလုတ်လေးကို ဆွဲလိုက်လေတော့သည်။

ထိုအချိန်မှာပင်...

"ကျွီ...ကျွီ..."

"ဂျိန်း"

ထိုအသံတွေ ထွက်ပေါ်လာသည့် ဇာတ်ခုံကြမ်းပြင်နားသို့ ချမ်းမင်းနှင့် ကျွန်မ ငုံ့ကြည့်လိုက်မိသည်။ သိပ်မကြာခင်မှာပင် ဒေါ်ခင်ကြည်ပြာကို ရပ်လျက်သား တွေ့လိုက်ရလေတော့၏။ ဒေါ်ခင်ကြည်ပြာက အံဝှက်စင်လေးတစ်ခုပေါ်မှာ ရပ်လျက်သား အပေါ်သို့ တဖြည်းဖြည်း မြင့်တက်လာလေ၏။ ထိုအံဝှက် စင် အပေါ်သို့ ရောက်ရောက်ချင်း ဒေါ်ခင်ကြည်ပြာက ဇာတ်ခုံပေါ်သို့ လှမ်းတက်လိုက်သည်။ အံဝှက်စင်ကလည်း တုန့်ခနဲ ရပ်သွားသည်။ ထို့နောက် ဒေါ်ခင်ကြည်ပြာက...

"ဇာတ်ခုံကြမ်းပြင်မှာ တပ်ထားတဲ့ ဒီအံဝှက်စင် အကြောင်းကို ပြောဖို့ လုံးဝကိုမေ့နေတာ၊ ဒါက ကျောင်းစ,ဆောက်ကတည်းက ကျောင်းပြဇာတ်တွေ မှာ အသုံးပြုဖို့ လုပ်ထားကြတာ။ ခုမှ သတိရတယ်၊ ဆရာမတို့ ပြဇာတ်မှာ ဒီဟာကို သုံးလိုက်ရင် ပိုပြီး



www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေသွားပြီ"

ဒေါ်ခင်ကြည်ပြာက ထိုသို့ပြောလိုက်ပြီး ကျောင်းစိမ်းထဘီပေါ်က ဖုန်မှုန့်တွေကို ခါထုတ်လိုက်သည်။

"အံ့ဝှက်စင် ဟုတ်လား၊ အံ့သြဖို့ကောင်းလိုက်တာ။ ဘာလို့ ဒီဟာရှိမှန်း အစောကြီးက မသိရတာလဲ"

ချမ်းမင်းကတော့ ထိုအံ့ဝှက်စင်လေးနားမှာပင် လှည့်ပတ်ကြည့်နေသည်။ သူ့နားသို့ ကျွန်မရောက်သွားသည်ကိုပင် လှည့်မကြည့်။

"ပြဇာတ်ကတဲ့နေ့ကျရင် ငါတစ်ယောက်တည်းပဲ ဒီဟာကိုသုံးရမှာ၊ လောလောဆယ် ဒီဟာကို စမ်းကြည့်လို့ ရမလားမသိဘူး"

ချမ်းမင်း၏ အားတက်သရော ရေရွတ်နေသံကို ဒေါ်ခင်ကြည်ပြာက ကြားသွားပြီး...

"နေဦး...နေဦး...၊ အရင်စစ်ဆေးကြည့်လိုက်ဦး၊ တော်ကြာ တစ်ခုခုဖြစ်နေမှ ဒုက္ခ"

ချမ်းမင်း ဒူးထောက်ထိုင်ချလိုက်ပြီး အံ့ဝှက်စင်ကို လှည့်ပတ် စစ်ဆေးကြည့်နေလေ၏။ ခဏလောက်ကြာတော့ ဒေါ်ခင်ကြည်ပြာက...





"ဘယ်လိုလဲ ချမ်းမင်း၊ စိတ်ချရလား"

"ဟုတ်ကဲ့ ဆရာမ၊ ကောင်းမယ်လို့တော့ ထင်ရတာပဲ"

"အေး...အေး၊ ဟုတ်ပြီ၊ ကျောင်းသားတွေအားလုံး ကိုယ့်နေရာ ကိုယ်ပြန်ထိုင်ကြတော့၊ မင်းတို့ကို ဆရာမ ပြဇာတ်မှာပါမယ့် အသေးစိတ် အချက်တွေကို ဖတ်ပြမယ်"

ထို့နောက်တွင် ဒေါ်ခင်ကြည်ပြာက ပြဇာတ်အကြောင်းကို အချိန်တော်တော်ကြာသည်အထိ ဖတ်ပြနေလေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

"ကဲ…အားလုံး ပြန်လို့ရပြီ၊ အိမ်ရောက်ရင် ကိုယ်သရုပ်ဆောင်ရမယ့်အပိုင်းကို လေ့ကျင့်လာခဲ့ကြဦး၊ မနက်ဖြန်ကျမှ ထပ်တွေ့ကြမယ်"

ပြောပြီးပြီးချင်းမှာပင် ဒေါ်ခင်ကြည်ပြာက ထွက်သွားရန် ခြေလှမ်းပြင်နေလေတော့သည်။ ခဏလောက်ကြာတော့ ဒေါ်ခင်ကြည်ပြာ ပြန်သွားပြီး ကျောင်းသားတွေလည်း ဝရန်းသုန်းကားနှင့် လိုက်ထွက်လာခဲ့ကြသည်။ ချမ်းမင်းကို ရှာကြည့်လိုက်သေးသည်။ ချမ်းမင်းက မရှိတော့။ သို့နှင့် ကျွန်မတစ်ယောက်တည်း နောက်ဆုံးမှထွက်လာခဲ့၏။ ပြဇာတ်ရုံ အပေါက်ဝနားအရောက်တွင်တော့ ဘစ်ယောက်ယောက်က ရုတ်တရက် ကျွန်မအင်္ကျီစကို လှမ်းဆွဲလိုက်လေသည်။ ရုတ်တရက်မို့ ကြောက်လန့်တကြားဖြစ်သွားပြီး…





"အောင်မလေး…ချမ်းမင်းရယ်၊ လန့်လိုက်တာ၊ ဘာပြောမလို့လဲ"

"ရှူး…တိုးတိုး…"

ချမ်းမင်းက ကျွန်မကို အသံမထွက်ရန် နှုတ်ခမ်းပေါ်သို့ လက်ညှိုးထောင်ပြလိုက်လေ၏။ နောက် တံခါးအကွယ်တွင် ပုန်းနေသော ချမ်းမင်းက…

"အားလုံးထွက်သွားကြပြီလား"

"အေး…"

ထိုအဖြေစကားကြောင့် ချမ်းမင်းမျက်လုံးတွေ ဝင်းလက်တောက်ပသွား၏။ မျက်နှာကလည်း တစ်ခုခုကို အပြင်းအထန်စိတ်ဝင်စားနေသည့် ပုံစံမျိုးဖြင့် ကဇာတ်ရုံဘက်သို့ ငေးကြည့်လိုက်သည်။ ကျွန်မက ချမ်းမင်းကိုကြည့်ပြီး စိတ်မရှည်စွာဖြင့်…

"နင်က ဘာလို့ ဒီနားမှာ ခိုးကြောင်ခိုးဝှက် လုပ်နေရတာလဲ"

ချမ်းမင်းက စပ်ဖြဲဖြဲလုပ်နေရင်း…

"ငါတို့ အံဝှက်စင်ကို စမ်းကြည့်ရအောင်"

"ဟာ…နင်ကလဲ၊ ထားလိုက်ပါဟာ"

"လာပါ၊ မြန်မြန်သွားကြရအောင်၊ တော်ကြာ တို့ကို သူများတွေ တွေ့သွားဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ကို လျှင်မြန်စွာပင် အကဲခတ်လိုက်သည်။ အားလုံး ရှင်းလင်းတိတ်ဆိတ်နေလေ၏။ သို့နှင့် ချမ်းမင်းခေါ်ရာ နောက်သို့ ကျွန်မ ခပ်သုတ်သုတ်လိုက်လာခဲ့သည်။ ထိုသို့ လျှောက်လာရင်းမှ ချမ်းမင်းက ကျွန်မကို...

"ဟဲ့...နေနေ၊ တစ်ခုခုဆို အလန့်တကြားမလုပ်နဲ့နော်၊ တော်ကြာ သူများတွေကြားသွားဦးမယ်၊ ငါတို့က စမ်းကြည့်ရုံတင် စမ်းကြည့်မှာ"

ကျွန်မက ခေါင်းသာညိတ်ပြလိုက်သည်။ ရင်ထဲတွင်တော့ လေးလံနေ၏။ အေးလေ...ဘာဖြစ်နိုင်မှာမို့လဲ။ ကိုယ့်ကိုယ်ကို ပြန်ဖြေတွေးလိုက်ပြီး ရင်မောစွာဖြင့်ပင် လိုက်လာခဲ့မိတော့သည်။

ကဇာတ်ရုံထဲတွင်တော့ လေက အေးစိမ့်စိမ့်ဖြစ်နေသည်။ အရုံရာအားလုံးကလည်း ခြောက်ကပ်တိတ်ဆိတ်နေ၏။ ကျွန်မတို့ ခြေသံတွေသာ တစ်ချက်ချက် ပဲ့တင်ထပ်သွားသည်။ ထိုစဉ်မှာပင် ဘာကြောင့်မှန်းမသိ ကျွန်မ နှာချေချင်လာသည်။ ကြိတ်မှိတ် ချုပ်တည်းပေမယ့် မရလိုက်။

"ဟပ်ချိုး...ဟပ်ချိုး"

ထိုအသံကြောင့် ချမ်းမင်းက မျက်လုံးပြူးမျက်ဆံပြူးဖြင့်...

"ဟဲ့...ဟဲ့...တိတ်တိတ်နေ"

ချမ်းမင်းစကားက အရာမထင်။ ကျွန်မ နှာဆက်ချေလိုက်





ပြန်သည်။

"ဟပ်ချိုး...ဟပ်ချိုး..."

ချမ်းမင်းက ပြောမရသည့်အဆုံး ကျွန်မကိုသာ စိတ်ပျက်လက်ပျက်နှင့် ကြည့်နေလေတော့သည်။ ကျွန်မက အမြဲတမ်းလိုလို အရာရာနှင့်အကြောင်းကြောင်း။ တစ်ခုခုဆို တွေဝေတုံ့ဆိုင်းနေတတ်ပြီး လုပ်လိုက်လျှင်လည်း တလွဲကြီးပဲ ဖြစ်သည်။ ယခုလည်း မဆီမဆိုင် နှာတွေချေနေပြန်သည်။ ခဏလောက်ကြာတော့ ချမ်းမင်းက ဇာတ်ခုံအနောက်ဘက်သို့ ခြေဖျားထောက်ပြီး လျှောက်သွားသည်။ ကျွန်မလည်း သူ့နောက်မှ ခြေသံခပ်ဖွဖွပင် လိုက်လာခဲ့သည်။

သိပ်မကြာခင်မှာပင် အံဝှက်စင်လေးကို တွေ့လိုက်ရလေ၏။ ချမ်းမင်းက ထိုအံဝှက်စင်ပေါ်သို့ တက်လိုက်ရင်း...

"ဒီနားမှာ အံဝှက်စင်ရဲ့အောက်ကိုဆင်းတဲ့ခလုတ်ရှိတယ်၊ ရှာပြီး စမ်းကြည့်ရအောင်"

ချမ်းမင်းစကားကြောင့် အံဝှက်စင်ခလုတ်ကို လိုက်ရှာလိုက်သည်။ ထို့နောက် ကျွန်မက တွေ့ပြီ...တွေ့ပြီဟု ဝမ်းသာအားရဖြင့် ထအော်လိုက်မိသည်။

"ရှူး...တိုးတိုး၊ နင်ကလဲ တိတ်တိတ်နေပါဆို"

"အိုး...ဆောရီး...ဆောရီး...၊ ငါမေ့သွားလို့"



www.burmeseclassic.com

www.burmeseclassic.com



ချမ်းမင်းက တိတ်တိတ်နေပါဆိုမှ ကျွန်မက နှာပိုချေချင်လာသည်။ မျက်လုံးနှစ်ဖက်ကလည်း မှေးလာပြီး ပါးစပ်ကလည်း ဟလာသည်။ နောက်ဆုံး အိတ်ထဲမှလက်ကိုင်ပဝါကို ထုတ်လိုက်ပြီး ကိုယ့်နှာခေါင်းကိုကိုယ် ပြန်ပိတ်ထားလိုက်လေသည်။ ထိုအချိန်မှာပင် ချမ်းမင်းက လေသံခပ်တိုးတိုးဖြင့်...

"ဟဲ့...နေနေ၊ မြန်မြန်လာ"

ကျွန်မ အံ့ဂုက်စင်ခလုတ်ကို နှိပ်လိုက်ပြီး အံ့ဂုက်စင်ပေါ်သို့ အလျှင်အမြန် ခုန်တက်လိုက်လေတော့သည်။

ထို့နောက်...

"ကျွီ...ကျွီ..."

"ဂျောင်း"

အံ့ဂုက်စင်က ငြိမ့်ခနဲဖြစ်သွားပြီး တဖြည်းဖြည်းနှင့် အောက်သို့ တအိအိကျလာလေတော့သည်။ အောက်သို့ကျနေရင်း အံ့ဂုက်စင်က လှုပ်ရှားယိမ်းထိုးနေသည်။ လေးဘက်လေးတန်ကလည်း မြေကြီးနံရံတွေသာ တွေ့နေရသည်။ ချမ်းမင်းက ကျွန်မလက်ကို ဆုပ်ကိုင်ထားရင်းက...

"ဒီဟာကြီးက တော်တော်ကို ခါယမ်းနေတာပဲနော်"

"ဘာလဲ...နင် ကြောက်နေပြီလား၊ ပြောတော့





မကြောက်ဘူးဆို"

"ဟင့်အင်း...မကြောက်ပါဘူး၊ ပြောပြတာပါ"

အံ့ဂုက်စင်၏ တဝုန်းဝုန်း တချောင်းချောင်းမြည်သံတွေက ကျယ်သည်ထက် ပိုကျယ်လာလေ၏။ လေးထောင့်စင်လေးကလည်း ပို၍ ခါယမ်းလာသည်။ ဓာတ်ခုံနောက်ဖျားအစွန်းကိုပင် မတွေ့ရတော့ချေ။

"ဟင်...ဘယ်အထိ ဆင်းသွားတာလဲ"

ထိုအာမေဋိတ်စကားသံနှင့်အတူ အံ့ဂုက်စင်က အောက်သို့ အရှိန်ပြင်းပြင်းကျသွားလေတော့သည်။ နှစ်ယောက်စလုံး တစ်ယောက်ကိုတစ်ယောက် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်ကြပြီး ငယ်သံပါအောင် ကြောက်လန့်တကြား အော်ဟစ်လိုက်လေတော့သည်။

"အား...အား...အား..."

"ဝုန်း"

"ဘုန်း"

အံ့ဂုက်စင်က မြေပြင်ကို ဘုန်းခနဲထိရိုက်ကာ ရပ်တန့်သွား၏။ ထို့ကြောင့်ပင် နှစ်ယောက်စလုံး အံ့ဂုက်စင်ပေါ်မှ အောက်သို့ တလိမ့်ခေါက်ကွေး ပြုတ်ကျသွားလေတော့သည်။

ထို့နောက် ပတ်ဝန်းကျင်သည် အတန်ကြာသည်အထိ ပြန်



www.burmeseclassic.com

www.burmeseclassic.com



လည် တိတ်ဆိတ်သွားသည်။ မြေပြင်ကလည်း အေးစက်မာကျော နေပြီး အလင်းရောင်ကလည်း ရှိသည်ဆိုရုံမျှသာ။ ထို့နောက် ချမ်းမင်းဆီမှ...

"ကျွတ်...ကျွတ်...အား...အား..."

ညည်းညူသံကို ကြားလိုက်ရလေသည်။ ကျွန်မက...

"ချမ်းမင်း...ဘာဖြစ်သွားသေးလဲ"

"ရတယ်၊ ဘာမှမဖြစ်ဘူး၊ ခါးနည်းနည်း နာသွားလို့"

ကျွန်မက ချမ်းမင်းအနားသို့ တိုးကပ်သွားလိုက်သည်။ ချမ်းမင်းက ကျွန်မလက်ကို လှမ်းဆွဲပြီး မတ်တတ်ထရပ်လိုက်၏။ ထို့နောက် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

မှောင်မည်းတိတ်ဆိတ်နေသည့် ဥမင်လိုဏ်ခေါင်းတစ်ခု။

ထိုမြင်ကွင်းကြောင့် ကျောထဲတွင် ချမ်းစိမ့်စိမ့်ဖြစ်သွားပြီး ငါတို့ ဘယ်နားရောက်နေတာလဲဟု တီးတိုးရေရွတ်လိုက်မိသည်။ ထိုအချိန်မှာပင် ကြားလိုက်ရသောအသံကြီးကြောင့် ခန္ဓာကိုယ်တစ်ခုလုံး အေးစက်တောင့်တင်းသွားလေတော့သည်။

"ရှူး...ဖူး"

"ရှူး...ဖူး"

ဟင်...ဘာသံကြီးလဲ...





ထိုအသံကြီးကြောင့် နှလုံးခုန်တွေ ရုတ်တရက် မြင့်တက်လာပြီး တစ်ကိုယ်လုံးလည်း သိမ့်သိမ့်တုန်လာ၏။ နောက်သို့ ခြေလှမ်းအနည်းငယ်ဆုတ်လိုက်မိသည်။ ယင်းအခိုက်မှာပင်...

"ရှူး...ဖူး"

"ရှူး...ဖူး"

ထိုအသံကို ကျွန်မဘေးဘက်မှ ကြားနေရခြင်းဖြစ်သည်။ သက်ရှိအကောင်တစ်ကောင်ရဲ့ အသက်ရှူသံလား...

ဒါဆို...ငါ...ဘေး...နား...မှာ...

ကျွန်မ ကြောက်ကြောက်နှင့် လှည့်ကြည့်လိုက်မိသည်။ မြင်တွေ့လိုက်ရသည်က...

ချမ်းမင်း...

"အောင်မလေး ချမ်းမင်းရယ်၊ လန့်လိုက်တာ၊ နင် ဘာဖြစ်လို့ ဒီလိုမျိုးကြီး အသက်ရှူနေရတာလဲ"

ကျွန်မက အနည်းငယ် ကြောက်စိတ်ပြေသွားပြီး အလန့်တကြားနိုင်လွန်းသော ချမ်းမင်းကို စိတ်တိုသွားမိသည်။

ချမ်းမင်းကလည်း ပြူးတိပြူးကြောင်ဖြင့်ကြည့်ရင်း...

"ဘာဖြစ်နေတာလဲ...၊ ငါ ဘယ်လိုအသက်ရှူနေလို့လဲ"

ကျွန်မက ချမ်းမင်းစကားကြောင့် အနည်းငယ် အံ့အားသင့်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး ဘာမှအရေးမကြီးကြောင်း ပြန်ပြောလိုက်သည်။ ကြောက် ကြောက်လန့်လန့်နဲ့ဆိုတော့ သူလည်း ဒီလိုပဲ အသက်ရှူမိတာ နေမှာပေါ့ဟု တွေးလိုက်မိသည်။ ထို့နောက် အပေါ်ဘက်သို့ မော့ကြည့်လိုက်မိ၏။ ကဇာတ်ရုံ၏ မျက်နှာကြက်လေးထောင့် ပြားလေးသည် မှုန်မှုန်သေးသေးလေးသာ မြင်ရလေတော့သည်။ ထိုအချိန်မှာပင် ချမ်းမင်းက ကျွန်မကိုမေးလိုက်သည်။

"ငါတို့ ဘယ်နားကိုရောက်နေတာလဲ"

ကျွန်မက ချမ်းမင်းကို ချက်ချင်း အဖြေပြန်မပေးသေးပဲ စဉ်းစားနေလိုက်သည်။ ချမ်းမင်းကပင် ဆက်၍...

"မြေအောက်ခန်းတော့ မဖြစ်နိုင်ဘူး၊ ငါထင်တာ တော့ မြေအောက်ခန်းရဲ့အောက်ဘက်ကို ရောက်နေ တာပဲ ဖြစ်ရမယ်"

"အေး...ဖြစ်နိုင်တယ်"

ချမ်းမင်းက ခဏလောက် ငြိမ်နေလိုက်သည်။ ပြီးတော့မှ...

"လာ...ရှေ့မှာ အလင်းရောင်နည်းနည်းရှိသေး တယ်၊ သွားကြည့်ကြရအောင်"

ချမ်းမင်းစကားကြောင့် ကျွန်မ အနည်းငယ် တွန့်သွားမိ သည်။ အမှန်အတိုင်းပြောရရင် အံ့ဖွက်စင်ပေါ်မှာကတည်းက ကြောက်စိတ်ကို မနည်းထိန်းလာခဲ့ရသည်။ ယခုလည်း နောင်တ





ပြီး လှည့်ပြန်ချင်လာသည်။ ထိုအခိုက်မှာပင် ချမ်းမင်းက ရှေ့သို့တိုးသွား၏။ ကျွန်မ သူ့နောက်ကို ဒရောသောပါးလိုက် ရင်းက...

"ချမ်းမင်း၊ အံ့ဖွက်စင်က ဘာလို့ ဒီအထိတောင် ကျလာရတာလဲ"

ချမ်းမင်းက ကျွန်မစကားကို စပ်တိစပ်ဖြလုပ်ရင်း ပြန်ဖြေ လိုက်သည်။

"ငါထင်တာတော့ သရဲက ဇာတ်ရုံပေါ်မှာ ခြောက်ပြီးရင် အိမ်ကို မြန်မြန်ပြန်ရောက်ချင်လို့ လုပ်ထားတာဖြစ်မှာပေါ့"

ချမ်းမင်းစကားကြောင့် စိတ်တိုသွားပြီး ကျွန်မ သူ့ကို ဆောင့်တွန်းပစ်လိုက်သည်။

"ဟဲ့...ချမ်းမင်း၊ ဒီအချိန်မှာ ဒါမျိုး နောက်စရာ မဟုတ်ဘူး"

ချမ်းမင်းက ကျွန်မကြောက်နေမှန်းသိ၍ နောက်နေလေ၏။ ကျွန်မကလည်း နောက်နေမှန်းသိသိနှင့်ပင် ချမ်းမင်းစကားကို ယုံသလိုလိုဖြင့် အနီးအနားကို ဝေ့ကြည့်လိုက်မိသည်။

တကယ်လို့ သရဲသာ ဒီနေရာမှာရှိရင် ဘယ်နားမှာ ပုန်းခို နေလေမလဲ...။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အတွေးနှင့်ကိုယ် ထိတ်လန့်သွားပြီး နေရာတိုင်းကို ကျိုးကန်းတောင်းမှောက် လျှောက်ကြည့်မိ၏။

ထိုအချိန်မှာပင် ချမ်းမင်းက...

"ကဲ...အပေါ်ပြန်တက်ကြစို့၊ တော်ကြာ ညနေစာ စားဖို့ နောက်ကျနေလို့ အိမ်ကဆူနေလိမ့်မယ်"

"အေး..."

ကျွန်မက ချမ်းမင်းကို ခေါင်းညိတ်ပြလိုက်ပြီး အံ့ဂုက်စင်နားသို့ တိုးလျှောက်လာခဲ့သည်။ အံ့ဂုက်စင်နားရောက်တော့ ကျွန်မက...

"အပေါ်ကိုပြန်တက်တာတော့ ဟုတ်ပါပြီ၊ ဒါနဲ့ တို့ ဘယ်လိုပြန်တက်ကြမလဲ"

ချမ်းမင်းက ကျွန်မစကားကြောင့် တွေဝေသွားပြီး အံ့ဂုက်စင်နားသို့ တိုးကပ်လိုက်ကာ ဟိုစမ်းသည်စမ်း လုပ်နေလေတော့သည်။ ခဏလောက်ကြာတော့ ချမ်းမင်းဆီမှ ညည်းညူသံ ထွက်လာသည်။

"ဒုက္ခပါပဲ၊ ငါတို့ အပေါ်ကို ဘယ်လိုပြန်တက်ကြမလဲ၊ အဆင်းတုန်းက သစ်သားခလုတ်လေးလည်း မတွေ့တော့ဘူး"

"သစ်သားခလုတ်လေးက အပေါ်မှာကျန်ခဲ့





ပြီလေ"

ကျွန်မတို့နှစ်ယောက်စလုံး အမှောင်ကိုသာ စိတ်ပျက်အားငယ်စွာ စိုက်ကြည့်နေမိတော့သည်။ အံ့ဂုက်စင်ကို အပေါ်သို့ ပြန်မြင့်တက်အောင် ဘယ်လိုလုပ်ရမလဲ။

စိုးရွံ့စိတ်က တစ်ကိုယ်လုံးကို လွှမ်းခြုံလာသည်။

■



www.burmeseclassic.com

## အခန်း ( ၇ )

"အခု ငါတို့ပိတ်မိနေကြပြီ၊ အားလုံး နင့်ကြောင့်ဖြစ်ရတာ"

သွေးရူးသွေးတန်းနှင့်ပြောလိုက်သည့် ကျွန်မစကားကြောင့် ချမ်းမင်းက အားပါးတရ ရယ်မောလိုက်သည်။

"ငါကတော့ ဒီနေရာကို ကြိုက်တယ်ဟေ့၊ အပြောင်းအလဲဖြစ်တာပေါ့"

"နင့်ဘာသာနင်ကြိုက်၊ ငါတော့ မနေနိုင်ဘူး"

ကျွန်မက ပြောနေရင်းကပင် ဝမ်းနည်းစိတ်ကြောင့် မျက်ရည်ကျလာပြီး ဆက်ပြောလိုက်သည်။

"အစကတည်းက ဆရာမက ပြောသားပဲ၊ ဒီနေရာက အန္တရာယ်ရှိတယ်လို့၊ အခု ဘယ်လိုလုပ်





ကြမလဲ၊ တစ်ညလုံးနေရတော့မယ်၊ ငါတို့ ဒီအောက်မှာရောက်နေတာကို ဘယ်သူမှလည်း မသိဘူး၊ ဟင့်...ဟင့်...ကယ်မယ့်သူ မလာရင် တစ်သက်လုံး...ဟင့်...ဟင့်..."

"ဟား...ဟား...တစ်သက်လုံး မနေရပါဘူးဟာ၊ မြေကြွက်တွေကိုက်တာနဲ့တင် တစ်ရက်နှစ်ရက်အတွင်း သေမှာပါ...ဟား...ဟား"

ချမ်းမင်းက ကြောက်စိတ်ကိုဖုံးဖိရင်း ကတုန်ကယင်အသံဖြင့် ကျွန်မကို လိုက်လှောင်ပြောင်နေလေသည်။ ကျွန်မ ကျွဲမြီးတိုသွားပြီး ချမ်းမင်းကို အားကုန်ဆောင့်တွန်းပစ်လိုက်လေသည်။ ချမ်းမင်းလည်း အံ့ဂုက်စင်ပေါ်သို့ ခြေပစ်လက်ပစ် လဲကျသွားလေတော့သည်။ ထိုအချိန်မှာပင်...

"ကျီ...ကျီ..."

"ဂျောင်း...ဂျောင်း"

အံ့ဂုက်စင်က ရုတ်တရက် လှုပ်ရှားလာသည်။ ချမ်းမင်းက ထအော်လိုက်၏။

"မြန်မြန်လာ၊ ခလုတ်က ဒီမှာ၊ ငါနဲ့တိုက်မိသွားပြီ"

ကျွန်မဆောင့်တွန်းလိုက်၍ ချမ်းမင်းက ခလုတ်ကိုသွားဖိမိ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခြင်းဖြစ်သည်။ ထို့နောက် ကျွန်မ အံ့ဂုက်စင်ပေါ်သို့ ခုန်တက်လိုက်လေတော့သည်။

* * *

အံ့ဂုက်စင်က ဓာတ်ခုံနှင့် လေးငါးပေအကွာလောက်တွင် ရပ်တန့်သွားသည်။ ချမ်းမင်းက...

"ဟေး...ဟေး...အိမ်ပြန်လို့ရပြီ"

"သိပ်ပျော်မနေနဲ့ ချမ်းမင်း၊ ဒါ ခေါ်ခင်ကြည်ပြာ ပြုတ်ကျတဲ့နားပဲ ရှိသေးတယ်၊ အပေါ်ကို ပြန်မရောက်သေးဘူး"

"ဘာဖြစ်လဲ၊ ဖိနပ်ချွတ်ပြီး တွယ်တက်မှာပေါ့"

"နေဦး၊ ငါမတက်ရဲဘူး၊ သရဲက ဓာတ်ခုံပေါ်ကနေ စောင့်နေရင် ဘယ်လိုလုပ်မလဲ"

"အေးပါ...နေနေရာ၊ ငါ ရှေ့ကတက်ပါ့မယ်"

ပြောပြောဆိုဆိုနှင့် ချမ်းမင်းက သူ့ဖိနပ်တွေကို ကျွန်မ ကျောပိုးအိတ်ထဲသို့ ထိုးထည့်လိုက်ပြီး ဓာတ်ခုံပေါ်သို့ တွယ်ကပ်တက်သွားလေတော့သည်။ သိပ်မကြာခင်မှာပင် မြင်ကွင်းထဲမှ ပျောက်သွား၏။

ကျွန်မ ချမ်းမင်းကို ရင်မောစွာပင် စောင့်နေမိသည်။ အချိန်တော်တော်ကြာသွားပြီ။ ကျွန်မ စိတ်မရှည်ချင်တော့။





"ချမ်းမင်း...ချမ်းမင်း"

ဟင်...ဘာသံမှလည်း ပြန်မကြားရပါလား။

ကျွန်မခေါ်နေတာပဲ သူ မကြားလို့လား။

အချိန်အနည်းငယ် ထပ်စောင့်ကြည့်လိုက်သည်။ ဘာမှ ထူးခြား။ ထိုအခိုက်အတန့်လေးပင် ကျွန်မအတွက် ဆယ်ကမ္ဘာလောက်ကြာသွားသည် ထင်ရသည်။ ချမ်းမင်း ဘာတွေလုပ်နေလို့များ....။ ထိုသို့စဉ်းစားနေရင်း ဖျတ်ခနဲ အတွေးတစ်ခု ဝင်လာသည်။

"ချမ်းမင်း၊ မနောက်ပါနဲ့တော့ဟယ်၊ ငါ့ကို မြန်မြန်လာခေါ်စမ်းပါ၊ ငါ ကြောက်နေပြီ"

ထိုအချိန်မှာပင်...

အပေါ်ဘက်မှ လက်လှမ်းကမ်းပေးလိုက်တာကို တွေ့လိုက်ရလေသည်။ ကျွန်မ ပျာပျာသလဲပင် ထိုလက်ကို လှမ်းဆွဲလိုက်သည်။ နှုတ်မှလည်း...

"သေနာကောင်...အစုတ်ပလုတ်"

ဟု ကျိန်ဆဲမိလိုက်သည်။ ချမ်းမင်းက အမြဲတမ်းလိုလို သူများကို စိတ်ကသိကအောင့် လုပ်ရမှ စားဝင်အိပ်ပျော်သည် ထင်သည်။ သိပ်မကြာခင်မှာပင် ကျွန်မ အပေါ်သို့ရောက်သွားသည်။ ဓာတ်ခုံပေါ်တွင် အလင်းရောင်က စူးရှနေသည်။ ထို



www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်ကြောင့် မျက်လုံးတွေကို ချက်ချင်းဖွင့်မရသေးပဲ အတန်ကြာမှ ဖြည်းဖြည်းချင်း ဖွင့်လိုက်လေ၏။

ဟင်...

ဘယ်...သူ...ကြီး...လဲ...?

ရုတ်တရက် ကျွန်မပါးစပ်မှ အာမေဋိတ်အသံနှင့်အတူ ချောက်ချားတုန်လှုပ်သွားလေတော့သည်။ လည်ချောင်းထဲတွင်လည်း တစ်ဆို့ချောက်ကပ်နေပြီး အော်ဖို့ပင် အင်အားမရှိတော့။ ချမ်းမင်းကရော ဘယ်ရောက်သွားတာလဲ။ အသက်ကို မနည်းဝအောင်ရှုသွင်းလိုက်ပြီး ဇာတ်ခုံပေါ်မှလူကို ကြည့်လိုက်လေတော့သည်။

■



## အခန်း ( ၁ )

ထိုလူက သေးကွေးပိန်လှီပြီး စုတ်ပြတ်ညစ်ပတ်နေသည့် အင်္ကျီ ဘောင်းဘီတို့ကို ဝတ်ဆင်ထားလေ၏။ ဆံပင်တွေကလည်း ကြမ်းတိုက်တံမြက်စည်းတစ်ချောင်းနှယ် ဖွာလန်ကျဲနေသည်။ မျက်နှာကလည်း ချမ်းမင်း အမြဲနောက်လေ့ရှိသည့် မျက်နှာဖုံးထက်ပင် ကြောက်စရာကောင်းနေလေ၏။ အရပ်အမောင်းကလည်း ကလေးတစ်ယောက်သာသာလောက်သာ ရှိသည်။

စူးစိုက်ကြည့်နေသော သူ့မျက်လုံးတွေက မြင်ရတိုင်း ကြက်သီးထချင်စရာပင်။ ထိုလူက ရှေ့သို့တိုးလာသည်။ ကျွန်မနောက်သို့ ခြေလှမ်းအနည်းငယ်ဆုတ်လိုက်ပြီး အထစ်ထစ်အငေါ့ငေါ့ဖြင့် မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်...ဘယ်...သူ...လဲ"

ထိုသူက ပြာအက်ကွဲရှနေသော အသံကြီးဖြင့် ပြန်ပြော လိုက်သည်။

"ငါက ကျောင်းစောင့် မြစိန်ပဲ"

မြစိန်ဆိုသောလူ၏အသံက ကဇာတ်ရုံတစ်ခုလုံး ဟိန်းထွက် သွား၏။

ကျွန်မ စိတ်ကို မနည်းငြိမ်အောင်ထိန်းလိုက်ရင်း...

"ကျွန်မသူငယ်ချင်း ချမ်း...မင်း...ရော"

ကျောင်းစောင့် မြစိန် ပြန်မဖြေခင်မှာပင် ကျွန်မ နောက် ကျောဘက်ဆီမှ ချမ်းမင်းအသံကို ကြားလိုက်ရလေ၏။

"နေနေ...ငါ ဒီဘက်မှာ"

ကျွန်မ ချာခနဲလှည့်ကြည့်လိုက်မိသည်။ အံဝှက်စင်၏ တစ်ဖက်ခြမ်းမှာ ချမ်းမင်းကို ရပ်လျက်သား တွေ့လိုက်ရသည်။ ချမ်းမင်းက ကျွန်မဆီသို့ လျှောက်လာစဉ် ကျောင်းစောင့် မြစိန် က အသံပြာကွဲအက်အက်ကြီးဖြင့်...

"ကျောင်းက ဆင်းသွားပြီ၊ မင်းတို့ ဒီမှာ ဘာလုပ်နေတာလဲ"

ကြောက်ရွံ့စရာကောင်းသော ထိုအသံကြီးကြောင့် ကြက်သီး ဖြန်းခနဲထသွားမိသည်။ ကျွန်မတို့နှစ်ယောက် တစ်ယောက်ကို





တစ်ယောက် ကြည့်လိုက်ပြီး ချမ်းမင်းက...

"ကျွန်...တော် တို့ ကျောင်းကပွဲအတွက် အစမ်း လေ့ကျင့်နေကြတာ၊ အဲဒါ နောက်...ကျ...သွား... လို့"

"ဘာ...ကျောင်းကပွဲအတွက် ဟုတ်လား၊ ဒါဆို တခြားလူတွေကရော ဘယ်ရောက်သွားလဲ"

ကြောက်စိတ်ကြောင့် ဒူးတွေပင် ကွေးညွတ်ချင်လာသည်။ စကားသံတွေကလည်း အထစ်ထစ်အငေါ့ငေါ့...။

"ကျွန်မတို့ ကျောပိုးအိတ်မေ့ကျန်ခဲ့လို့ ပြန်လာ ယူကြတာ"

ကျောင်းစောင့်မြစိန်က...

"ဒါဆို အံဝှက်စင်ရှိမှန်း မင်းတို့ ဘယ်လိုသိကြ တာလဲ"

"ကျွန်တော်တို့ကို ဆရာမခေါ်ခင်ကြည့်ပြာ ပြော ပြလို့ပါ"

ချမ်းမင်း၏ အဖြေစကားကြောင့် ကျောင်းစောင့်မြစိန်က ကျွန်မတို့အနားသို့ တိုးကပ်လာပြီး...

"ဒီအံဝှက်စင်က ဘယ်လောက်အန္တရာယ်ကြီး သလဲ မင်းတို့သိလား"



www.burmeseclassic.com

www.burmeseclassic.com



ထိုသူ့မျက်နှာက တစ္ဆေတစ်ကောင်လို ဖြူဖပ်ဖြူရော် ဖြစ်နေပြီး အသက်ရှူသံကလည်း ပြင်းထန်ဆူညံနေသည်။ သူ့အသက်ရှူသံကြီးက မကောင်းဆိုးဝါးတစ်ကောင်ရဲ့ ငိုညည်းသံကြီးလိုလိုပင်။ ထို့နောက် ကျောင်းစောင့်မြစိန်က ကျွန်မအနားသို့ အတင့်ရဲစွာ ကပ်လာလိုက်သည်။ သူအသက်ရှူထုတ်လိုက်သောကြောင့် ကျွန်မပါးတွေပင်ပူလောင်လာသည်။ ထို့နောက် သူက...

"အခု မင်းတို့မှာ အန္တရာယ်ရှိနေပြီ"

* * *

ထိုနေ့ညက ချမ်းမင်းက ကျွန်မဆီကို ဖုန်းဆက်လာသည်။ ကျွန်မက...

"ဟို ကျောင်းစောင့်မြစိန်ဆိုတဲ့လူက တို့ကို နောက်တစ်ကြိမ်မလာအောင် တမင်ခြောက်လှန့်လိုက်တာဖြစ်မယ်"

"ဟုတ်လား၊ ငါတော့ မကြောက်ပါဘူး၊ နင်ကြောက်သွားတာတော့ စိတ်မကောင်းပါဘူးဟာ"

ချမ်းမင်းက သူ့ကိုယ်သူ သူရဲကောင်းကြီးတစ်ယောက်လို အတည်ပေါက်လာလိုမ့်နေသည်။ ကျွန်မက အမြင်ကတ်ကတ်ဖြင့်...

"နင်က မကြောက်ဘူးလည်းဆိုသေးတယ်၊ ဘာလို့ ဒူးတုန်ခြေတုန် ဖြစ်နေရတာလဲ"

"ငါမကြောက်ပါဘူး၊ ကြွက်သားတွေ သန်မာအောင် လေ့ကျင့်ခန်းလုပ်နေတာပါ"

"အဓိပ္ပာယ်မရှိတာတွေ လျှောက်မပြောနဲ့ ချမ်းမင်း"

"နင် အရင်တုန်းက အဲသည့်ကျောင်းစောင့်မြစိန်ကို မြင်ဖူးလား"

ကျွန်မက ခဏစဉ်းစားလိုက်ပြီး...

"ဟင့်အင်း...မမြင်ဘူးဖူး"

ချမ်းမင်းက...

"ဘာလို့ မမြင်ဖူးတာလဲဆိုတော့ သူက ကျောင်းစောင့်မဟုတ်ဘူးဟ...၊ သူက တကယ့်...သ...ရဲ..."

ဟု အသံကွဲရှရှဖြင့် တစ်လုံးချင်းပြောလိုက်လေသည်။

* * *

အင်္ဂါနေ့ မနက်ခင်း...။

အငယ်ဆုံးမောင်လေး ဖိုးလပြည့်နှင့်အတူ ကျောင်းသို့ လျှောက်လာခဲ့သည်။ လမ်းတွင် မောင်လေးဖိုးလပြည့်က ကျောင်းဖွင့်ရက်အကြောင်းကိုမေး၏။ ဖိုးလပြည့်က အသက် ခုနစ်နှစ်အရွယ်သာ ရှိသေးသည်။ သရဲလည်း အလွန်ကြောက်တတ်၏။

www.burmeseclassic.com



တစ်ခါတုန်းက ကျွန်မနှင့်အတူ သရဲကားထိုင်ကြည့်ပြီး တစ်ယောက်တည်း မအိပ်ရဲတော့။ ကျွန်မနှင့်အတူ လာအိပ်ပြီး ညဘက်တွင်လည်း ကယောင်ကတမ်းနှင့် ထအော်နေလေတော့သည်။ ထို့ကြောင့် ပြောသင့်မပြောသင့် စဉ်းစားလိုက်ပြီး အနည်းငယ်သာ ပြောပြလိုက်သည်။ အံ့ဝှက်စင်အကြောင်းတော့ မပြောပြလိုက်။ ဒေါ်ခင်ကြည်ပြာက ပြဇာတ်မတင်ဆက်မီအထိ လျှို့ဝှက်ထားရန် မှာထားသောကြောင့်ပင် ဖြစ်သည်။

ဖိုးလပြည့်က သူ့အတန်းရှေ့ရောက်တော့ ကျွန်မကို လက်ပြနှုတ်ဆက်ပြီး အခန်းထဲသို့ ဝင်သွားလေတော့သည်။

တစ်ယောက်တည်း လမ်းလျှောက်လာရင်း ပြဇာတ်အကြောင်း စဉ်းစားနေမိသည်။ ပြဇာတ်မှာ ကျွန်မ သရုပ်ဆောင်ရမည့် အခန်းတွေက အများကြီး။ ပြောရမယ့်စကားတွေ မေ့သွားရင်တော့ ဒုက္ခပဲဟု တွေးလိုက်မိသည်။ မနေ့ကဆို ဇာတ်ခုံပေါ်ကို ရောက်မှ ပြောရမယ့်စကားတွေ အကုန်လုံး မေ့ကုန်သည်။ ပြောတော့လည်း အထစ်ထစ်အငေါ့ငေါ့...။

ထိုသို့တွေးနေစဉ်မှာပင် အခန်းရှေ့သို့ ရောက်လာခဲ့၏။ သူငယ်ချင်းတချို့က ကျွန်မကို လှမ်းနှုတ်ဆက်ကြသည်။ လက်ပြန်ပြလိုက်ရင်း ထိုင်ခုံရှိရာသို့ လျှောက်လာခဲ့သည်။ ကျွန်မထိုင်ခုံရှေ့ရောက်တော့...





ကျွန်မ တစ်ခါမှမမြင်ဖူးသည့် ယောကျ်ားလေးတစ်ယောက်။ ဆံပင်တိုတို၊ မျက်လုံးဝိုင်းဝိုင်းနှင့် ဖလန်နယ်အင်္ကျီကို ဝတ်ထားသည်။ ထိုသူက အခန့်သားဖြင့် ကျွန်မထိုင်ခုံမှာ ဝင်ထိုင်နေလေသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

"ဒီမှာ...ဒီမှာ...ဒါ ငါ့နေရာ"

သူက ဝိုင်းစက်နေတဲ့ သူ့မျက်လုံးများဖြင့် မော့ကြည့်လိုက်ပြီး...

"ဆရာမဒေါ်ခင်ကြည်ပြာက ငါ့ကို ဒီမှာထိုင်တဲ့"

ကျွန်မက သားဘီဝဲယာကိုကြည့်လိုက်တော့ ချမ်းမင်း၏ ခုံဘေးတွင် လွတ်နေသည်ကို တွေ့လိုက်ရသည်။ ထို့ကြောင့် ကျွန်မက...

"ဒေါ်ခင်ကြည်ပြာက နှင့်ကို ဟိုနားမှာထိုင်ခိုင်းတာ ဖြစ်လိမ့်မယ်"

ချမ်းမင်း ခုံဘေးသို့ လက်ညှိုးထိုးလိုက်ရင်း ပြောလိုက်သည်။ ထိုကောင်လေးက ရှက်သွားပြီး...





"ဆောရီး...ငါက ကျောင်းသားသစ်မို့လို့ မသိလို့ပါ"

ထိုကောင်လေးကပြောပြီးပြီးချင်း စာအုပ်တွေကို သိမ်းနေသည်။ ကျွန်မက...

"နှင် ဒီနေ့မှ ကျောင်းစ,တက်တာလား"

သူက ခေါင်းညိတ်ပြလိုက်ပြီး...

"ဟုတ်တယ်၊ ငါ့နာမည်က လှိုင်ဘွားပါ၊ ခုမှ ဒီမြို့ကိုပြောင်းလာတာ၊ ဩော်...ဒါနဲ့ နင့်နာမည်က နေနေမြင့်မိုရ်လား"

ကျွန်မက...

"ဟုတ်တယ်"

"ဟင် ဒါဆို ဒီနှစ်ကျောင်းပြဇာတ်မှာ မမြသွေးလို သရုပ်ဆောင်ရမှာပေါ့ ဟုတ်လား"

ကျွန်မ အနည်းငယ် အံ့အားသင့်သွားပြီး...

"နင် ဘယ်လိုလုပ်သိတာလဲ"

"ဩော်...ကျောင်းကားပေါ်မှာ ကျောင်းသားတွေ ပြောနေသံကြားတာပါ၊ ပြီးတော့ နင်က သရုပ်ဆောင်လည်း ကောင်းတယ်ပြောကြတယ်"

ထိုစကားကြောင့် ကျွန်မ အနည်းငယ် ရယ်မောလိုက်ပြီး...



www.burmeseclassic.com

"မဟုတ်ပါဘူးဟာ၊ ဘာဖြစ်လို့လဲဆိုတော့ မနှစ်က ကျောင်းကပွဲမှာပြောရမယ့် စကားတွေ အကုန်မေ့သွားပြီး အရှက်ကွဲခဲ့သေးတယ်လေ"

လှိုင်ဘွားက ခပ်တိုးတိုးလေးရယ်လိုက်သည်။ မျက်နှာပေါ်မှာကလည်း ရှက်ကိုးရှက်ကန်းအမူအရာတွေက အထင်းသား။ ထို့နောက် လှိုင်ဘွားကပင်....

"ငါလည်း အရင်တက်ခဲ့တဲ့ကျောင်းမှာဆို အမြဲတမ်း သရုပ်ဆောင် လုပ်ရတယ်၊ ဒါပေမဲ့ ခေါင်းဆောင်နေရာကတော့ မဟုတ်ပါဘူး"

ဟု ပြော-ပြီး သက်ပြင်းကို လေးလေးတွဲ့တွဲ့ချလိုက်သည်။ ကျွန်မက လှိုင်ဘွားမျက်နှာကို အကဲခတ်ကြည့်လိုက်သည်။ ပြီးတော့...

"ဒီနေ့ နေ့ခင်း အစမ်းလေ့ကျင့်ဖို့ရှိတယ်၊ လိုက်လာခဲ့လေ၊ ဘာပဲဖြစ်ဖြစ် ဒေါ်ခင်ကြည်ပြာကို ပြောလိုက်ရင်တော့ တစ်ခုခုတော့ လုပ်ခွင့်ရမှာပဲ"

ထိုစကားကြောင့် လှိုင်ဘွားမျက်နှာ ဝင်းခနဲဖြစ်သွား၏။ ထို့နောက် သူက အားတက်သရောဖြင့်...

"နင် တကယ်ပြောတာလား၊ မနောက်ပါဘူးနော်"





ကျွန်မ သူ့ကိုပြုံးပြီး ကြည့်နေလိုက်သည်။ စိတ်ထဲမှလည်း သနားသွားမိသည်။ ထိုအချိန်မှာပင် ချမ်းမင်း ရောက်လာပြီး ဒေါ်ခင်ကြည်ပြာစားပွဲသို့ ကြည့်လိုက်ကာ...

"ဟူး...တော်ပါသေးရဲ့၊ ငါက နောက်ကျနေပြီ ထင်နေတာ"

ကျွန်မက ချမ်းမင်းနှင့် လှိုင်ဘွားကို မိတ်ဆက်ပေးလိုက်သည်။ ထိုအခိုက်အတန့်အတွင်းမှာပင် ဒေါ်ခင်ကြည်ပြာ ဝင်လာသဖြင့် စကားစပြတ်သွားလေ၏။

ကျောပိုးအိတ်ထဲမှ စာအုပ်တွေကို ထုတ်လိုက်သည်။ သိပ္ပံမှတ်စုစာအုပ်က ပါမလာချေ။ ထို့ကြောင့် ဒေါ်ခင်ကြည်ပြာကို ခွင့်တောင်းပြီး ကျွန်မကိုယ်ပိုင်ပစ္စည်းတွေ သိမ်းဆည်းရာ သံဗီရိုဆီသို့ ထွက်လာခဲ့၏။ သံဗီရိုရှေ့ရောက်တော့ locker က တံခါးပွင့်လျက်သား။

အမြဲတမ်း သံဗီရိုတံခါးကို သော့ခတ်ထားတာပါ၊ ဘယ်လိုကြောင့် ပွင့်နေရတာလဲ၊ ချမ်းမင်း နောက်သွားတာ ဖြစ်ရမည်ဟု တွေးလိုက်မိပြီး locker ထဲမှ သိပ္ပံမှတ်စုစာအုပ်ကို လှမ်းယူလိုက်သည်။ ထိုစဉ်မှာပင် မြင်လိုက်ရသော မြင်ကွင်းကြောင့် ကြက်သေ သေသွားလေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )

တွေ့လိုက်ရသည်က မျက်နှာတစ်ခု။

မျက်လုံးတွေက ပြူးကျယ်ထွက်နေပြီး အစွယ်နှစ်ချောင်းကလည်း ရှေ့သို့ ထိုးထွက်ကျနေသည်။

လန့်ပြီး မှိတ်သွားမိသော မျက်လုံးတွေကို တဖြည်းဖြည်း ဖွင့်ကြည့်လိုက်သည်။ ကြောက်စိတ်ကြောင့်ပင် မျက်လုံးတွေ ပြာနေ၏။ ပြီးမှ တဖြည်းဖြည်း သဲကွဲလာသည်။

ဟင်း...!

ကျွန်မ သက်ပြင်းချလိုက်ပြီး ကိုယ့်အဖြစ်အပျက်ကိုပင် ပြန်ရယ်ချင်မိသွားသည်။ သည်လိုမျိုး ကျွန်မက အမြဲတမ်း အလွဲလွဲအချော်ချော် ဖြစ်နေကျ။ ယခုလည်း ချမ်းမင်း၏ မျက်နှာ





ဖုံးက ကျွန်မဗီရိုထဲ ရောက်နေသည်ကို မေ့ပြီး ကြောက်သွားခြင်း ဖြစ်သည်။ စိတ်ထဲမှလည်း ချမ်းမင်းကို ကျိန်ဆဲလိုက်မိသည်။ ထို့နောက် မျက်နှာဖုံးကို ကျွန်မ လှမ်းယူလိုက်သည်။ ထိုစဉ်မှာပင် မျက်နှာဖုံးအောက်က စာရွက်ခေါက်လေး တစ်ရွက် ထွက်ကျလာလေတော့သည်။ ကျွန်မ ဖတ်ကြည့်လိုက်မိသည်။

လက်ရေးက တွန့်လိမ်ကောက်ကွေးစွာ ရေးထားသည်။

ငါ့ပိုင်နက်နဲ့ ဝေးဝေးနေ...!

ထိုစာကြောင့် ကျွန်မအသံထွက်အောင်ပင် ရယ်မောလိုက်လေသည်။

အောင်မလေး...ကြီးကျယ်လိုက်တာ ချမ်းမင်းရာ၊ အေးပါ...အေးပါ...ဝေးဝေးနေပါ့မယ်။

ထိုသို့ အသံထွက်အောင် ရေရွတ်လိုက်ပြီး သိပ္ပံမှတ်စုစာအုပ်ကို ယူကာ စာသင်ခန်းဘက်သို့ ပြန်ခဲ့၏။

စာသင်ခန်းထဲရောက်တော့ ဒေါ်ခင်ကြည်ပြာက ဒီနေ့သင်ရမည့် အကြောင်းအရာတွေကို ကျောင်းသင်ပုန်းပေါ်သို့ ကူးရေးနေသည်။

ကျွန်မက ချမ်းမင်းအနားသို့ ကပ်သွားလိုက်ပြီး...

"နင် ငါ့ကို ဒီမျက်နှာဖုံးအစုတ်ပလုတ်နဲ့တော့ ခြောက်ဖို့မကြိုးစားနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ချမ်းမင်းက သင်္ချာအိမ်စာတွေ လုပ်နေရင်းမှ အံ့အားသင့်သွားဟန်ဖြင့် ကျွန်မကို လှမ်းကြည့်လိုက်သည်။ ချမ်းမင်းက အိမ်စာဆိုလျှင် အိမ်မှာ ဘယ်တော့မှမလုပ်။ ကျောင်း ပထမဦးဆုံး အချိန်ကျမှသာ အမြဲတမ်း အိမ်စာလုပ်လေ့ရှိသည်။ ချမ်းမင်းက...

"ဘာ...ငါက နင့်ကို မျက်နှာဖုံးနဲ့စ,တယ် ဟုတ်လား"

"ဘာ အခုမှ ဟန်ဆောင်နေတာလဲ"

ကျွန်မ သူ့လက်မောင်းကို ဆွဲလိမ်လိုက်ရင်း...

"ပြီးတော့ နင်ရေးခဲ့တဲ့စာကလည်း ကြီးကြီးကျယ်ကျယ်နဲ့၊ နောက်တစ်ခါ ဒီထက်ကောင်းအောင် ရေး၊ ဟုတ်ပြီလား"

ချမ်းမင်းက ဒေါသထွက်လာပြီး ခပ်ဆတ်ဆတ်လေသံဖြင့်...

"ဘာတွေလာပြောနေတာလဲ...နေနေ၊ နင်ပြောတာတွေ တစ်ခုမှ ငါ နားမလည်ဘူး၊ ပြီးတော့ ငါ ဘာစာမှလည်း မရေးထားဘူး"

"နင် အတည်ပြောနေတာလား ချမ်းမင်း..."

"တော်တော့၊ ပါးစပ်ပိတ်တော့၊ ဒီမှာ သင်္ချာအိမ်စာတွေ လုပ်စရာရှိသေးတယ်"





ချမ်းမင်းက ကျွန်မကို အရေးမစိုက်တော့ပဲ သင်္ချာအိမ်စာတွေကိုသာ ဖိရေးနေသည်။ ကျွန်မ စိတ်တိုသွားပြီး ရင်ထဲမှလည်း 'ချမ်းမင်းရယ်၊ နင်မလုပ်ရင် ဘယ်သူလုပ်မှာလဲ"ဟု ပြောလိုက်မိသည်။

* * *

ကျောင်းဆင်းတော့ လှိုင်ဘွားနှင့် ကျွန်မ ကဇာတ်ရုံဘက်သို့ ထွက်လာခဲ့ကြသည်။ ကဇာတ်ရုံထဲရောက်တော့ ဒေါ်ခင်ကြည်ပြာကို အဆင်သင့်ပင် တွေ့လိုက်ရ၏။ ကျွန်မက လှိုင်ဘွားကို ရှေ့သို့တွန်းလိုက်ရင်း ဒေါ်ခင်ကြည်ပြာကို ပြောလိုက်သည်။

"ဆရာမ၊ လှိုင်ဘွားက ကျောင်းပြဇာတ်မှာ သရုပ်ဆောင် ဝင်လုပ်ချင်လို့တဲ့"

ဒေါ်ခင်ကြည်ပြာက လက်ထဲမှ ပြဇာတ် ဇာတ်ညွှန်းစာရွက်တွေကို လှန်လှောနေရာမှ လှိုင်ဘွားကို တစ်ချက်အကဲခတ်လိုက်ပြီး...

"သြော်...ဟုတ်လား၊ စိတ်မကောင်းစရာပဲ လှိုင်ဘွားရယ်၊ မင်းက ကျောင်းစ,တက်တာ နောက်ကျတော့ မမီတော့ဘူးကွဲ့"

လှိုင်ဘွားက ဒေါ်ခင်ကြည်ပြာစကားကြောင့် အနည်းငယ် ရှက်သွားသည်။ ဒေါ်ခင်ကြည်ပြာက ဆက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်ယောက် မက,ဖြစ်ခဲ့ရင်တော့ မင်း အဲဒီနေရာ အစားဝင်ပေါ့၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့၊ ရပါတယ် ဆရာမ"

လှိုင်ဘွားက အားတက်သရော ပြောလိုက်သည်။

"အခုလောလောဆယ် မင်းလုပ်ချင်သပဆို ဇာတ်ခုံနောက်ခံပန်းချီကားတွေဆွဲတဲ့နေရာမှာ ဝင်ဆွဲနေလိုက်ပေါ့"

"ဟုတ်ကဲ့ ဆရာမ"

"ဒါဆို ဟောဟိုနားက နဒီဆွေ့ဆီသွားလိုက်"

ဒေါ်ခင်ကြည်ပြာ လက်ညှိုးထိုးပြသည့်နေရာကို ကြည့်လိုက်တော့ နဒီဆွေနှင့် ကျောင်းသားအချို့ ဇာတ်ခုံပေါ်တွင် စုရုံးတိုင်ပင်နေကြသည်။ နဒီဆွေက သူလိုချင်သည့် နောက်ခံပန်းချီကားချပ် ပုံစံတွေကို ကျောင်းသားတွေကို ရှင်းပြနေသည်။ ကျန်သည့် ကျောင်းသားတွေကလည်း သူမ ညွှန်ကြားနေသည့်အတိုင်း လိုက်လုပ်နေကြသည်။

ကျွန်မက ထိုင်ခုံတစ်လုံးကို ဆွဲယူထိုင်လိုက်ပြီး သရုပ်ဆောင်ရမည့်အပိုင်းတွေကို သေသေချာချာ လေ့လာမှတ်သားနေလိုက်သည်။ အခန်းတိုင်း အခန်းတိုင်းကို အစမ်းလေ့ကျင့်ထားပြီးသည့်တိုင် အလွဲလွဲအမှားမှားဖြစ်မှာကို တွေးကြောက်နေမိသည်။





ပြဇာတ် ဇာတ်ညွှန်းထဲမှ ဒိုင်ယာလော့တစ်ခုကို အသံထွက်ပြီး ဖတ်ကြည့်လိုက်သည်။

"ဒီလူက အန္တရာယ်ပေးလိမ့်မယ်ဆိုတာကို ရှင် ဘယ်လိုသက်သေပြမလဲ"

ယင်းအခိုက်မှာပင်...

ဇာတ်ရုံတစ်ခုလုံး မှောင်မည်းကျသွားလေ၏။ ကျွန်မ အလန့်တကြား မော့ကြည့်လိုက်သည်။ ဘာကိုမှ မမြင်ရလောက်အောင် ပိန်းပိန်းပိတ်ပိတ် မှောင်နေသည်။ ကျောင်းသားတွေဆီမှလည်း အော်ဟစ်ဆူညံသံတွေကို ကြားလိုက်ရသည်။

"ဟေး...ဘယ်သူ မီးပိတ်လိုက်တာလဲ"

"ဒီမှာ ဘာမှမမြင်ရတော့ဘူး"

"ဘာဖြစ်ကုန်တာလဲ"

"မီးပြန်ဖွင့်လေ"

တစ်ယောက်တစ်ပေါက် အော်သံတွေက ဇာတ်ရုံတစ်ခုလုံး ပွက်ပွက်ညံနေ၏။

ထိုစဉ်မှာပင်...

ထိတ်လန့်စရာအသံကြီးတစ်သံကို ကြားလိုက်ရလေ၏။ ကောင်းဆိုးဝါး တိရစ္ဆာန်တစ်ကောင် ဆွဲဆွဲငင်ငင် အူလိုက်သလိုမျိုး။ ဇာတ်ရုံအတွင်း ကျောင်းသားတွေ၏ အော်ဟစ်ဆူညံသံတွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုပင် ထိုအသံကြီးက ဖုံးလွှမ်းသွားလေသည်။ အားလုံး ယောက်ယက်ခတ်နေစဉ်မှာပင်...။

ကဇာတ်ရုံမီးက ဖျတ်ခနဲ ပြန်လင်းလာလေတော့၏။

တစ်ပြိုင်နက်တည်းလိုလို ဇာတ်ရုံမျက်နှာကြက်ဆီမှ အော်သံကြီးကို ထပ်မံကြားလိုက်ရပြန်သည်။

အားလုံး အလန့်တကြား မော့ကြည့်လိုက်သည်။ ခုနက အော်ဟာစ်ဆူညံသံတွေကပင် ခြောက်ကပ်တိတ်ဆိတ်သွားပြီး မြင်လိုက်ရသော မြင်ကွင်းကြောင့် ဆွံ့အသွားလေတော့သည်။

မသတီစရာ မျက်နှာဖုံးကိုစွပ်ထားပြီး အနက်ရောင်အင်္ကျီနှင့် လူတစ်ယောက်။

မျက်နှာကြက်ပေါ်မှ ကြိုးတစ်ချောင်းဖြင့် ဇာတ်ခုံပေါ်သို့ တွဲလွဲခိုဆင်းလာသည်။ ပါးစပ်မှလည်း မကောင်းဆိုးဝါးတစ်ကောင်လို အော်ဟစ်ရယ်မောလာလေသည်။

"ဂူးဝါး...ဂူးဝါး...ဂူးဝါး..."

မထင်မှတ်ထားသော မြင်ကွင်းကြောင့် အားလုံး ချောက်ချားတုန်လှုပ်သွားကြပြီး...

"သ...ရဲ..."

ဟုပင် ရေရွတ်မိလိုက်ကြလေတော့သည်။

■





## အခန်း ( ၁၁ )

"ဘုန်း"

ထိုအသံကြီးနှင့်အတူ အကောင်ကြီးသည် ဇာတ်ခုံပေါ်သို့ ကျလာလေသည်။ လက်ထဲမှ ကြိုးကိုလည်း ခါယမ်းလွှင့်ပစ်လိုက်လေ၏။ မသတီစရာမျက်နှာကြီးကလည်း အစွယ်အဖွေးသားဖြင့် ဇာတ်ခုံအောက်ဘက်သို့ သွားဖြဲပြနေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး အပ်ကျသံကြားရအောင်ပင် ငြိမ်သက် တိတ်ဆိတ်သွားလေတော့သည်။ နဒီဆွေကလည်း ထိုမကောင်းဆိုးဝါးကောင်ကြီးကို ကြက်သေသေပြီး စိုက်ကြည့်နေလေ၏။ ဒေါ်ခင်ကြည်ပြာကလည်း ရင်ဘတ်ကို လက်ဖြင့်ဖိရင်း ကြမ်းပြင်ပေါ် လဲကျလျက်...။ ကျန်သည့် ကျောင်းသားတွေအားလုံးကလည်း မှင်တက်တိတ်ဆိတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဆိုးဝါးကောင်က သူ့အရပ်နှင့် နှစ်ပြန်လောက်ရှည်သည့် ဝတ်ရုံရှည်ကြီးကို ဝတ်ဆင်ထား၏။ ထိုဝတ်ရုံရှည်ကြီးက ကြမ်းပြင်ပေါ်သို့ အထွေးလိုက်ပုံကျနေလေသည်။ အရပ်အမောင်းက ချမ်းမင်းသာသာလောက်သာရှိသည်။ မျက်လုံးတွေကလည်း နီရဲစူးရှနေသည်။

ဟင်...ချမ်းမင်းများ ဖြစ်နေမလား။

သိပ်သေချာတာပေါ့။ ဒါ ချမ်းမင်း နောက်နေတာဖြစ်ရမယ်။

"ချမ်းမင်း...ချမ်းမင်း..."

ကျွန်မ အော်ခေါ်လိုက်သောအသံကြောင့် မကောင်းဆိုးဝါးက ဒေါသထွက်သွားပြီး ကျွန်မဘက်သို့ စူးစိုက်ကြည့်လိုက်သည်။ ထိုအကြည့်ကြောင့် ကျောရိုးတစ်လျှောက် စိမ့်တက်သွားလေသည်။ ထိုအချိန်မှာပင် မကောင်းဆိုးဝါးကောင်က အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး ဇာတ်ခုံနောက်ဘက်သို့ ဆုတ်သွား၏။

သိပ်မကြာခင်မှာပင်...

မကောင်းဆိုးဝါးကောင်၏ ခြေထောက်တွေကို မတွေ့ရတော့။

ဟင်...သူ့ခြေထောက်တွေ တိုဝင်သွားတာလား...။

တဖြည်းဖြည်းနှင့် သူ့ခန္ဓာကိုယ် အောက်ပိုင်းတစ်ပိုင်းလုံးကို





တွေ့ရတော့ချေ။ ကျွန်မတစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားပြီး မကောင်းဆိုးဝါးကောင်ကိုသာ ကြည့်နေမိတော့သည်။

ထိုအခိုက်အတန့်အတွင်းမှာပင်...

မကောင်းဆိုးဝါးကောင်က ဇာတ်ခုံနောက်ဘက်သို့ နစ်ဝင်ပျောက်ကွယ်သွားလေတော့သည်။ ရုတ်တရက် ကျွန်မ သတိဝင်လာပြီး ဇာတ်ခုံပေါ်သို့ ပြေးတက်လာခဲ့၏။ ဇာတ်ခုံပေါ်မှာတော့ ချမ်းမင်းကို မတွေ့ရတော့။

ချမ်းမင်းက အံဝှက်စင်နဲ့ တက်လာပြီး တို့ကို လာခြောက်လှန့်တာပဲ...။

ကျွန်မ ဇာတ်ခုံအောက်ဘက်ကို ငုံ့ကြည့်လိုက်သည်။ မှောင်မည်း တိတ်ဆိတ်နေပြီး မည်သည့်အရိပ်အယောင်မှ မတွေ့ရ။ ကျွန်မ ချမ်းမင်းကို အော်ခေါ်လိုက်သည်။

"ချမ်းမင်းရေ...ချမ်းမင်းရေ"

ထိုစဉ်မှာပင်...

ဒေါ်ခင်ကြည်ပြာက ကျွန်မအနားသို့ ရောက်လာလေ၏။ သူမက ကြောက်စိတ်မပြေသေးသည့်ဟန်ဖြင့်...

"ခုနက ချမ်းမင်း နောက်တာလား၊ ဘာလို့ အားလုံးကို ဒီလောက်ကြောက်အောင် နောက်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ကြည်ပြာ၏ သွင်ပြင်က ဒေါသကို မနည်းထိန်းထားရပုံပေါက်နေသည်။ မျက်နှာကလည်း နီမြန်းနေ၏။

ကျွန်မက…

"သမီးထင်တာကို ပြောတာပါ၊ ချမ်းမင်းဆိုတာ သိပ်တော့ မသေချာပါဘူး"

ဒေါ်ခင်ကြည်ပြာက ကျွန်မစကားကိုပင် ဂရုမစိုက်တော့။ ဓာတ်ခုံအောက်ဘက်ကိုသာ ငုံ့ကြည့်ရင်း…

"ချမ်းမင်း…ပြန်တက်လာခဲ့စမ်း"

ချမ်းမင်းဆီမှ မည်သည့်တုံ့ပြန်သံမှ မကြားရ။

ကျွန်မ ချမ်းမင်းအတွက် စိုးရိမ်သွားမိသည်။ အံ့ဝှက်စင်ကဟိုတစ်နေ့ညက နေရာအထိ ဆင်းသွားရင်တော့ ဒုက္ခပဲ။ ကျောင်းစောင့် မြစိန်ဆိုတဲ့လူကလည်း ဘယ်လိုလူစားမှန်းမသိ။ ထိုသို့တွေးနေမိတုန်းမှာပင် ကျွန်မဆီသို့ ကျောင်းသားတွေ ဝိုင်းအုံလာသည်။

"ခုနက ချမ်းမင်းလား၊ ဘာလို့ ဒီမျက်နှာဖုံးကို စွပ်ပြီး ထပ်နောက်ရတာလဲ"

"အေးကွာ၊ ဒီကောင့်ဆီမှာ အဲဒီမျက်နှာဖုံးတစ်ခု ရှိနေတာ မျောက်လက်ထဲ စက်သေနတ်ရောက်သလို ဖြစ်နေတော့တာပဲ"





ကျွန်မ စိတ်ရှုပ်လာပြီး ထွက်သွားမည်အလုပ် ဒေါ်ခင်ကြည်ပြာက…

"ဒီနေ့ တို့ရဲ့ ဓာတ်တိုက်တဲ့ အစီအစဉ်ကို ချမ်းမင်းက ဖျက်စီးပစ်လိုက်တာပဲ"

ထိုအချိန်မှာပင် ကျွန်မအနီးသို့ ဘယ်ကဘယ်လို ပြန်ရောက်မှန်းမသိရသော လှိုင်ဘွားက ကြားဖြတ် ဝင်ပြောလိုက်သည်။

"ချမ်းမင်းကတော့ ဒီလောက်ကြီးထိ နောက်မယ် မထင်ဘူး ဆရာမ"

"ဒီလိုမျိုး အစအနောက်သန်တာ ဒင်းတစ်ယောက်ပဲရှိတယ်"

ဒေါ်ခင်ကြည်ပြာက လှိုင်ဘွားကို ခပ်ဆတ်ဆတ်ပြန်ပြောရင်း ချမ်းမင်းကို အော်ခေါ်နေပြန်သည်။

ထိုအချိန်တွင် အေးနားမှာရပ်နေသော နဒီဆွေက…

"ဟဲ့…နေနေမြင့်မိုရ်၊ ချမ်းမင်းက နင့်သူငယ်ချင်းပဲ၊ သူဘယ်မှာပုန်းနေလဲဆိုတာ မသိဘူးလား၊ ပြီးတော့ ချမ်းမင်းကို နင်က တားသင့်တယ်၊ နင့်မှာ တာဝန်ရှိတယ် နေနေမြင့်မိုရ်"

နဒီဆွေ့စကားကြောင့် ကျွန်မတစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်သွားသည်။ ပြန်ပြောစရာစကားပင်လျှင် ဒေါသစိတ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် တစ်ဆို့နေ၏။ တစ်ခါတလေ လူတွေက ဘာမှန်း ညာမှန်းမသိတဲ့ကိစ္စကို သူများခေါင်းပေါ်သို့ အပြစ်ပုံချချင်ကြ သည်။ အခုလည်း နဒီဆွေက အသားလွှတ် ကျွန်မကို အပြစ်ပုံခ ျနေသည်။ ချမ်းမင်းက ကျွန်မ သူငယ်ချင်းဆိုတာ မှန်၏။ သို့သော် ကျွန်မက သူ့အုပ်ထိန်းသူမဟုတ်။ သူ့ကို ဘယ်လို ပြောဆိုဆုံးမရမည်နည်း။

ကျွန်မ နဒီဆွေ့ကို စူးစူးရဲရဲ စိုက်ကြည့်လိုက်သည်။ ထို အချိန်မှာပင် ဒေါ်ခင်ကြည်ပြာက...

"ကဲ...ကဲ...အားလုံး ကိုယ့်အလုပ်ကို ကိုယ်ပြန် လုပ်ကြ၊ ချမ်းမင်းကိစ္စကို ဆရာမတာဝန်ထားလိုက်၊ ပြီးတော့..."

ဒေါ်ခင်ကြည်ပြာ စကားမဆုံးခင်မှာပင် အံ့ဝှက်စင် အပေါ် သို့ ပြန်တက်လာသံကို ကြားလိုက်ရလေသည်။

"ကျွီ...ကျွီ..."

"ဂျောင်း...ကျွီ..."

"ဆရာမ အံ့ဝှက်စင် အပေါ်ပြန်တက်လာပြီ"

ကျွန်မက ဒေါ်ခင်ကြည်ပြာကို အလောတကြီး ပြောလိုက် ပြီး အောက်ဘက်သို့ အလျင်အမြန် ငုံ့ကြည့်လိုက်သည်။ အံ့ဝှက် စင်က တရွေ့ရွေ့နှင့် အပေါ်သို့ ပြန်တက်လာနေပြီ။





"ကောင်းတယ်၊ ပြန်တက်လာခဲ့စမ်း ချမ်းမင်း၊ ဒီတစ်ခါတော့ မင်းကို ခွင့်မလွှတ်တော့ဘူး"

ဒေါ်ခင်ကြည်ပြာက ပြောပြောဆိုဆိုနှင့် လက်ထဲမှ ဓာတ် သွန်းစာရွက်တွေကို အောက်ဘက်သို့ ချထားလိုက်ပြီး အင်္ကျီလက် ကို အပေါ်သို့ ဆွဲတင်လိုက်လေတော့သည်။ ကျွန်မ ချမ်းမင်း ကို စိတ်ထဲမှ သနားသွားမိသည်။

ဒေါ်ခင်ကြည်ပြာက သဘောကောင်းသည့်တိုင် အပြစ် တစ်ခုခု လုပ်မိရင်တော့ မလွယ်။ သူမက တခြား ဆရာ၊ဆရာမ တွေလို တုတ်နှင့်မရိုက်။ နားရွက်ကို ပြတ်လုမတတ် လိမ်ဆွဲ လေ့ရှိသည်။ ယခုလည်း ဒေါ်ခင်ကြည်ပြာ ဒေါသထွက်နေပြီး ချမ်းမင်းကို အပြစ်ပေးဖို့ စောင့်နေလေသည်။

"ကျွီ...ကျွီ...ကျွီ..."

အံ့ဝှက်စင် အသံက ကျယ်သည်ထက် ကျယ်လာလေသည်။ မရှေးမနှောင်းမှာပင်...

"ဒုန်း..."

အံ့ဝှက်စင်က ဓာတ်ခုံအောက်ဘက် လေးငါးပေအကွာ လောက်တွင် ရပ်သွားလေတော့သည်။

ဒေါ်ခင်ကြည်ပြာနှင့် ကျွန်မ တစ်ပြိုင်တည်းနီးပါး အောက် ကို ငုံ့ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အံဝှက်စင်အတွင်းတွင် မည်သူမှမရှိ။

ဟာလာဟင်းလင်းသာ ဖြစ်နေလေသည်။

ထိုမြင်ကွင်းကြောင့် ခေါခင်ကြည်ပြာ ဆွံ့အသွားပြီး နား မလည်နိုင်စွာ စိုက်ကြည့်နေလေတော့သည်။

■



## အခန်း ( ၁၂ )

ချမ်းမင်း ဘယ်ရောက်သွားတာလဲ? ချမ်းမင်းက ကျောင်း အောက်ဘက် လိုဏ်ခေါင်းထဲမှာ နေခဲ့ပြီလား? ဘယ်သူက အံဝှက်စင်ကို အပေါ်ကို ပြန်တင်လွှတ်လိုက်တာလဲ? ကျွန်မခေါင်း ထဲသို့ အတွေးတွေ တသီတသန်းကြီး ဝင်လာလေတော့သည်။

ချမ်းမင်းကတော့ မီးမပါဘာမပါပဲ လိုဏ်ခေါင်းထဲမှာ နေခဲ့ လောက်အောင်အထိတော့ မိုက်မဲလိမ့်မည်မထင်။ ဒါဆို ခုနက လာခြောက်သွားတာ တကယ့်သရဲပေါ့။ ထိုအတွေးကြောင့် ကျွန်မ ကြက်သီးဖြန်းခနဲထသွားမိသည်။ ထိုအချိန်မှာပင် ခေါခင်ကြည် ပြာက...

"ကဲ...ကဲ...အားလုံး အိမ်ပြန်လို့ရပြီ၊ အိမ် ရောက်ရင် ကိုယ်သရုပ်ဆောင်ရမယ့် အပိုင်းကို



www.burmeseclassic.com

www.burmeseclassic.com



လေ့ကျင့်လာခဲ့ကြ၊ ဆရာမ ချမ်းမင်းကို တွေ့အောင် ရှာပြီး သူနဲ့ဆွေးနွေးရဦးမယ်"

* * *

အိမ်အပြန်လမ်းတစ်လျှောက်လုံး ချမ်းမင်းအကြောင်းကို စဉ်းစားလာခဲ့မိသည်။ နောက်ဆုံး ချမ်းမင်းတို့အိမ်နား ရောက်တော့မှ အတွေးစပြတ်သွားသည်။ ချမ်းမင်းကို တွေ့လိုတွေ့ငြား ရှာကြည့်လိုက်မိသည်။ ထိုစဉ်မှာပင် ချမ်းမင်းနှင့် သူ့အမေ ကားပေါ်မှဆင်းလာသည်ကို တွေ့လိုက်ရလေသည်။

"ဟော့...ချမ်းမင်း...ချမ်းမင်း..."

ကျွန်မ ချမ်းမင်းကို အော်ခေါ်လိုက်ရာက သူ့အနားသို့ ပြေးသွားလိုက်လေသည်။ ချမ်းမင်းအမေက ကျွန်မကိုမြင်တော့ လက်ပြနှုတ်ဆက်ပြီး အိမ်ထဲသို့ဝင်သွားလေသည်။ ချမ်းမင်းက...

"ဟဲ့ နေနေ...ပြဇာတ်အစမ်းလေ့ကျင့်ပြီးတာ စောလှချည်လား"

ကျွန်မက သူ့စကားကြောင့် ရယ်မောလိုက်ပြီး....

"နင့်ကိုပဲ ကျေးဇူးတင်ရမှာပေါ့ဟာ"

"ဘာဖြစ်လို့လဲ"

ချမ်းမင်းက ကျွန်မကို နားမလည်စွာဖြင့် စိုက်ကြည့်နေလေသည်။





"နင် ငါတို့ကို မျက်နှာဖုံးစွပ်ပြီး သရဲခြောက်တယ်လေ၊ မသိဘူးမှတ်နေလို့လား ချမ်းမင်း"

ချမ်းမင်းက ကျွန်မစကားကြောင့် တွေဝေသွားပြီး ခဏလောက်ကြာမှ...

"ဟင့်အင်း...ငါ မခြောက်ဘူး"

"အမယ်လေး...ချမ်းမင်းရယ်၊ သရုပ်ဆောင်ကောင်းလှချည်လား၊ မင်းသားလုပ်စားပါလား...၊ ဒေါ်ခင်ကြည်ပြာတောင် နင့်ကို တော်တော်ဒေါသထွက်နေတယ်"

"ဘာတွေလာပြောနေတာလဲ နေနေ၊ ဒေါ်ခင်ကြည်ပြာက ဘာဖြစ်လို့ ငါ့ကို ဒေါသထွက်ရမှာလဲ"

"နင်က မျက်နှာဖုံးစွပ်ပြီး မျက်နှာကြက်ကနေ ဆင်းလာပြီး ခြောက်တော့ သူလည်း ဒေါသတော်တော်ထွက်သွားတာပေါ့"

ချမ်းမင်းက ခေါင်းကို တဖျင်းဖျင်းကုတ်ရင်း...

"ငါ သွားဆရာဝန်ဆီ သွားစရာရှိလို့ အစမ်းလေ့ကျင့်တာ မလာဖြစ်မယ့်အကြောင်း ကျောင်းအုပ်ကြီးဆီမှာ နေ့ဝက် ခွင့်တင်ထားတယ်လေ"

"နင်က သွားဆရာဝန်ဆီ မသွားခင် တို့ကို



www.burmeseclassic.com

www.burmeseclassic.com



လာခြောက်တာလည်း ဖြစ်နိုင်တာပဲ”

ချမ်းမင်းက စိတ်မရှည်စွာဖြင့်...

“နင်မယုံရင် ငါ့အမေကို သွားမေးကြည့်”

ကျွန်မ ချမ်းမင်းမျက်နှာကို သေသေချာချာကြည့်လိုက်၏။ သူ တကယ်ပြောနေတာ ဖြစ်ကောင်းဖြစ်နိုင်သည်။

“ဟင်...ဒါဆို ဟိုကောင်ကြီးက တကယ့် သ...ရဲ...ပေါ့”

ကျွန်မက စိတ်ကယောက်ကယက်ဖြစ်သွားပြီး ချမ်းမင်းကို အထစ်ထစ်အငေါ့ငေါ့နှင့် မေးလိုက်သည်။ ချမ်းမင်းက ကျွန်မ အမေးကို ပြုံးရုံသာပြုံးပြီး ကြည့်နေလေသည်။ ကျွန်မက...

“ချမ်းမင်း၊ နင် မှန်မှန်ပြောစမ်း၊ နင် ငါတို့ကို သရဲလိုလာခြောက်ပြီးမှ သွားဆရာဝန်ဆီ သွားတာ မဟုတ်လား”

ချမ်းမင်းက ကျွန်မကို မထီတရီပြန်ပြုံးပြ၏။

❊ ❊ ❊

နောက်နေ့ နေ့ခင်း ကျောင်းဆင်းတော့ ကျွန်မနှင့် လှိုင်ဘွား ဓာတ်ရုံဘက်သို့လမ်းလျှောက်လာခဲ့သည်။ လမ်းတွင် ကျွန်မက...

“လှိုင်ဘွား၊ နင် နဒီဆွေနဲ့ အလုပ်လုပ်ရတာ အဆင်ပြေလား”





“အေး... ပြေပါတယ်၊ တစ်ခါတလေတော့ သူက ကချီကချောင်နိုင်တယ်ဟ၊ ငါဆွဲထားတဲ့ပုံတွေ ကို လိုက်ပြင်တယ်”

ကဓာတ်ရုံရှေ့နားအရောက်တွင် နဒီဆွေနှင့် သူရိန်မြင့်တို့ ဓာတ်ရုံထဲဝင်သွားသည်ကို တွေ့လိုက်ရ၏။

လှိုင်ဘွားက...

“ချမ်းမင်းကို ခေါင်းကြည့်ပြာက ပြဓာတ်ကနေ ထုတ်ပစ်လိုက်ပြီလား”

ကျွန်မက ခေါင်းခါပြလိုက်ပြီး...

“ဟင့်အင်း...ခုထိတော့ ဘာမှမသိရသေးဘူး”

“မနေ့က မျက်နှာကြက်ကနေ ဆင်းလာတာ ချမ်းမင်းလို့ထင်လား”

ကျွန်မ လှိုင်ဘွားကို စိုက်ကြည့်လိုက်ပြီး...

“အင်း...သူပဲဖြစ်မှာပေါ့၊ ချမ်းမင်းက သူများကို ခြောက်လှန့်ရတာ တော်တော်ဝါသနာပါတယ်၊ အဲဒါ ခုမှမဟုတ်ဘူး၊ ငယ်ငယ်လေးကတည်းက”

လှိုင်ဘွားက ကျွန်မစကားကို ခဏလောက် စဉ်းစားနေ လိုက်ပြီး...

“ဒါဆို ချမ်းမင်းက ကျောင်းမှာ သရဲခြောက်



www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ အားလုံးကို ထင်သွားစေချင်တာပေါ့"

ကျွန်မက အသံထွက်အောင် ရယ်မောလိုက်ပြီး...

"ဒါပေမဲ့ ဒီလောက် လွယ်လွယ်ကူကူနဲ့တော့ မရပါဘူး"

ဟု ပြန်ပြောလိုက်လေသည်။

※ ※ ※

အစမ်းလေ့ကျင့်ခါနီးတွင် ဒေါ်ခင်ကြည်ပြာက ချမ်းမင်းနှင့် ကျွန်မကို ဇာတ်ခုံပေါ်သို့ ခေါ်လိုက်၏။ ထို့နောက် ဒေါ်ခင်ကြည်ပြာက ပြဇာတ်တွင် ရပ်ရမည့်နေရာ၊ ထိုင်ရမည့်နေရာတို့ကို ရှင်းပြ၏။ ထိုအချိန်မှာပင် နဒီဆွေနှင့် ဘုန်းမင်းခန့်တို့ ဇာတ်ခုံပေါ်သို့ တက်လာ၏။ ဘုန်းမင်းခန့်က ချမ်းမင်း၏ အရံသရုပ်ဆောင်ဖြစ်သည်။ ဒေါ်ခင်ကြည်ပြာက တစ်ဆက်တည်း သူတို့ကိုပါ လိုက်မှတ်ခိုင်း၏။

ယင်းအခိုက်မှာပင် နဒီဆွေပြောခဲ့ဖူးသော စကားတစ်ခွန်းကို ဖျတ်ခနဲ သတိရလိုက်မိသည်။

"အကြောင်းတစ်စုံတစ်ရာကြောင့် နင် မက,ဖြစ်ရင် ငါက နင့်နေရာမှာ သရုပ်ဆောင်ရမှာ"

ထိုအတွေးကြောင့် နဒီဆွေကို စိတ်ထဲမှပြောလိုက်သည်။

"နောက်ခံပန်းချီကားတွေသာ သွားဆွဲနေလိုက်





စမ်းပါ နဒီဆွေရယ်၊ နင် ဘယ်တော့မှ ငါ့နေရာကို သရုပ်ဆောင်ခွင့် မရစေရဘူး"

ဒေါ်ခင်ကြည်ပြာက ချမ်းမင်းနှင့် ကျွန်မကို ဘယ်လိုအချိတ်အဆက်မိအောင် သရုပ်ဆောင်ရမည်ကို ရှင်းပြ၏။ ကျွန်မ သေသေချာချာ လိုက်မှတ်နေလိုက်သည်။ ထိုအချိန်မှာပင် နဒီဆွေက ကျွန်မအနားသို့ကပ်လာပြီး သီချင်းတစ်ပုဒ်ကို အော်ညည်းနေသည်။ သူ့အသံကြောင့် ဒေါ်ခင်ကြည်ပြာ၏ စကားသံကို မကြားလိုက်ရတော့ပေ။ ထို့ကြောင့် နဒီဆွေကို သီချင်းမဆိုရန် တားမည်အလုပ်...

"နေနေမြင့်မိုရ်၊ ဒီမှာ မင်းပြောရမယ့်အလှည့် ရောက်နေပြီလေ၊ ဘာလုပ်နေတာလဲ"

ဒေါ်ခင်ကြည်ပြာ၏ လှမ်းငေါက်သောအသံကြောင့် နဒီဆွေကို ကျွန်မ မှန်းတီးစွာကြည့်လိုက်ပြီး...

"အနှောက်အယှက်ပေးတဲ့အတွက် ကျေးဇူးပါပဲ"

နဒီဆွေ၏ မခိုးမခန့်ရယ်သံကိုပါ ကြားနေရ၏။ နဒီဆွေ အခင်သက်သက်လုပ်မှန်း ကျွန်မသိသည်။

ဇာတ်ခုံပေါ်တွင် ဇာတ်ညွှန်းစာရွက်ကို ကမန်းကတမ်း ကြည့်ရှာရင်း ဘယ်စာမျက်နှာမှန်းလည်းမသိ။ ဘာစကားပြောရမည်မှန်းလည်း မသိနှင့် ကြောင်အအဖြစ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ရှက်ပြီး သွေးတွေပူလာသည်။ ဒူးတွေလည်း ကွေးညွတ်ချင်လာသည်။ ထိုအချိန်မှာပင်...

နဒီဆွေက ကျွန်မပြောရမည့် ဇာတ်ဝင်ခန်း ဒိုင်ယာလော့ကို အော်ပြောပြီး ထောက်ပေး၏။

"အောက်ဘက်မှာ ဘယ်သူရှိလဲလို့ ပြောရမှာလေ"

အို!...ဘုရား...ဘုရား...!

နဒီဆွေက ကျွန်မကို ပြဇာတ်ထဲကနေ အထုတ်ခံရအောင် လုပ်နေတာပဲဟု တွေးလိုက်မိသည်။ ကျွန်မက ဇာတ်ဝင်ခန်း စကားကိုပြောဖို့ အားယူလိုက်စဉ်မှာပင်...

ဒေါ်ခင်ကြည်ပြာက...

"ချမ်းမင်းဘယ်ရောက်သွားပြန်ပြီလဲ၊ ဒုက္ခပါပဲ၊ ဒီအချိန်မှာ သူက သရဲလို ဘွားခနဲရောက်လာရမှာ"

ပြောပြောဆိုဆိုနှင့် ဆရာမက အံဝှက်စင်ရှိရာဆီသို့ လှမ်းကြည့်လိုက်သည်။

ထိုအခိုက်အတန့်အတွင်းမှာပင် အံဝှက်စင် ပြန်တက်လာသံကို ကြားလိုက်ရလေသည်။

ကျွန်မက ဒေါ်ခင်ကြည်ပြာကို ပြောလိုက်လေ၏။

"ဆရာမ၊ ချမ်းမင်း ပြန်တက်လာပြီ"





သိပ်မကြာခင်မှာပင် ချမ်းမင်းက ဇာတ်ဝတ်ဇာတ်စားအပြည့်အစုံနှင့် ဇာတ်ခုံပေါ်သို့ တက်လာလေ၏။ ကျွန်မ နောက်သို့ အနည်းငယ်ဆုတ်ပြီး ချမ်းမင်းကိုကြည့်လိုက်သည်။ ချမ်းမင်းပုံစံက ဘကယ့်တစ္ဆေသရဲတစ်ကောင်လို ပီပြင်လွန်းလှသည်။ သူ့ခြေထောက်တွေက လေထဲတွင်လွင့်လာသကဲ့သို့ သူရပ်ရမည့်နေရာကို လျှောက်လာလေသည်။ ထို့နောက် ဇာတ်ရုံတစ်ခုလုံးကို ဝေ့ကြည့်လိုက်ပြီး ကျွန်မဆီသို့ ဦးတည်လာလေတော့သည်။

ရုတ်တရက် သူ့မျက်လုံးတွေကို ကြည့်လိုက်မိသည်။

ဟင်!...မျက်လုံးတွေက ကျောချမ်းစရာကောင်းလိုက်တာ...။

မျက်နှာဖုံးအောက်မှတစ်ဆင့် ကျွန်မကိုကြည့်နေသော မျက်လုံးတွေက ကျွန်မတစ်ကိုယ်လုံးကို ဖော်င်ကျွမ်းသွားစေတော့မလား ထင်ရသည်။ ချမ်းမင်း သရုပ်ဆောင်ပုံက ပီပြင်လွန်းလိုက်တာ၊ ကျွန်မပြောရမည့်စကားကို ပြောမည်အလုပ်...

ချမ်းမင်းက ကျွန်မဆီသို့ တိုးကပ်လာပြီး ကျွန်မပခုံးနှစ်ဖက်ကို ခပ်ကြမ်းကြမ်းကိုင်လှုပ်လိုက်ရင်း ပါးစပ်ကလည်း ချောက်ချားဖွယ်အသံကြီးဖြင့်...

"ထွက်သွားစမ်း...ထွက်သွားစမ်း"

ဖြည်းဖြည်းလုပ်ပါ ချမ်းမင်းရယ်၊ ဒါ အစမ်းလေ့ကျင့်



www.burmeseclassic.com

www.burmeseclassic.com



နေတာပဲ။

ထိုသို့တွေးလိုက်ပြီး ပြောမလို့ ဟန်ပြင်နေတုန်းမှာပင် မြင်လိုက်ရသော မြင်ကွင်းကြောင့် တစ်ကိုယ်လုံး အေးစက် တောင့်တင်းသွားလေတော့သည်။

ချမ်းမင်းက ဓာတ်ခုံတစ်ဖက်ခြမ်းကနေပြီး ကျွန်မကို လက်လှမ်းပြနေသည်။

"ဟင်..."

ကျွန်မကတော့ ကျွန်မရှေ့ကလူကို ကြက်သေသေပြီး ပါးစပ်အဟောင်းသားဖြင့် ကြည့်နေမိတော့သည်။ ထိုသူက ကျွန်မ ရှေ့သို့ တိုးဝင်ပူးကပ်လာလေပြီ။

ဘုရား...ဘုရား...ချမ်းမင်းက...ဓာတ်ခုံ ဟိုဘက်မှာဆိုတော့ ငါ့ရှေ့ကလူက ဘယ်သူလဲ?

တကယ့် သ...ရဲ...လား...?

ကျွန်မ ကြောက်လန့်တကြား အာခေါင်ခြစ်၍ အော်လိုက်မိလေတော့သည်။

"အား...အား...ကယ်ကြပါဦး"

■



BURMESE CLASSIC .com

အခန်း ( ၁၃ )

"မဟုတ်ဘူးလေ၊ အမေရေ...ကယ်ပါဦး၊ အမေရေ ကယ်ပါဦးလို့ ပြောရမှာ"

ကျွန်မကို ဒေါ်ခင်ကြည်ပြာက ဓာတ်ဝင်ခန်းစကားအတိုင်း ပြောခိုင်းနေသည်။

ဟင်...ဒေါ်ခင်ကြည်ပြာလည်း ကျွန်မကို တကယ် သရဲခြောက်နေမှန်း မသိဘူးပေါ့။

ထိုအတွေးကြောင့် ကျွန်မ အားငယ်ချင်လာသည်။ ထိုအချိန်မှာပင် ကျွန်မလက်ကို ကျားလျှာဆူးတွေလို ကြမ်းရှနေသည့် လက်ကြီးတစ်ဖက်က ဆတ်ခနဲ ဖမ်းကိုင်လိုက်ပြီး...

"ငါ့ပိုင်နက်နဲ့ ဝေးဝေးနေ...ဝေးဝေးနေ"

ထိုအသံကြောင့် ကြက်သီးမွေးညင်းများ ထသွားပြီး နာနာဘာဝ၏ မျက်နှာကို ကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မြင်ဖူးသလိုပဲ၊ ဘယ်သူပါလိမ့်...။

ကျွန်မ တွေဝေသွားပြီး ကြည့်နေရင်းမှာပင် တစ္ဆေက အံဝှက်စင်ဖြင့် နိမ့်ဆင်းကာ ဓာတ်ခုံအောက်သို့ တိုးဝင်ပျောက်ကွယ်သွားလေသည်။ ထိုစဉ်မှာပင် နဒီဆွေ၏ ကဲ့ရဲ့ပြစ်တင်နေသံကို ကြားလိုက်ရလေ၏။

"ဓာတ်ညွှန်းထဲမှာ ရပ်ပြီး ကြည့်နေတာပါလို့လား"

အဲသည်အသံကို နောက်ဆုံး သဲ့သဲ့ကြားလိုက်ရပြီးသည့်နောက်တွင်ကား ကျွန်မ ဘာဆိုဘာကိုမှ မသိတော့။

ကျွန်မ တစ်ကိုယ်လုံးပျော့ခွေကာ ဓာတ်ခုံပေါ်သို့ ပုံခနဲ လဲကျပြီး သတိလစ် မေ့မြောသွားတော့သည်။

* * *

"ဒီကျောင်းမှာ တကယ်သရဲခြောက်နေပြီ"

ချမ်းမင်းက အေးဆေးတည်ငြိမ်စွာ ပြောလိုက်သည်။ ကျွန်မက ချမ်းမင်းဘေးတွင် ဝင်ထိုင်လိုက်၏။ အစမ်းလေ့ကျင့်ပြီးသွားပြီဖြစ်သောကြောင့် ကဓာတ်ရုံမီးတွေကလည်း မှိန်မှိန်ပျပျသာ လင်းတော့သည်။

ကျွန်မ ချမ်းမင်းမျက်နှာကို သေသေချာချာ ကြည့်လိုက်သည်။



BURMESE CLASSIC .com



ချမ်းမင်းက...

"ငါ့ကို ဘာလို့ ဒီလောက်တောင် စိုက်ကြည့်နေတာတုန်း"

"ခုနက သရဲက နင်မဟုတ်ဘူးဆိုတာ ငါမယုံသေးဘူး"

ချမ်းမင်းက စိတ်ပျက်သွားဟန်ဖြင့်...

"ဟာ...နင်ကလည်း ငါက တစ်ချိန်တည်း နေရာနှစ်ခုမှာ ဘယ်လိုလုပ် ရှိနေနိုင်မှာလဲ"

ချမ်းမင်းက ပြောင်ချော်ချော်ပြောနေရာမှ ရုတ်တရက် မျက်နှာတည်သွားပြီး အလေးအနက်ပြောလိုက်သည်။

"နေနေ၊ ဒီကိစ္စက ပေါ့သေးသေးမဟုတ်ဘူး၊ တကယ်သရဲအခြောက်ခံရတာပါ"

ကျွန်မ ချမ်းမင်းမျက်နှာကို သေချာစွာ အကဲခတ်ကြည့်လိုက်မိသည်။ ချမ်းမင်း ဟန်ဆောင်နေတာပဲဖြစ်မည်ဟု တွေးလိုက်မိပြီး...

"နင့်ကို မနက်တုန်းက သူငယ်ချင်းတစ်ယောက်နဲ့ စကားပြောနေတာ တွေ့လိုက်တယ်၊ နင်က နင့်သူငယ်ချင်းကို အဝတ်အစားတွေပေး၊ ဘယ်လိုပြောရမယ်ဆိုတာကို သင်ပေးပြီးတော့ နှစ်ကိုယ်ခွဲပြီး



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို ခြောက်တာမဟုတ်လား ချမ်းမင်း"

"ဟာ…နင်ပဲ အဲသည်လိုတွေးတတ်တယ်၊ ငါက ဘာလို့ အဲသည်လို ခြောက်ရမှာလဲ"

ကျွန်မက ချမ်းမင်းကို မထိတရိပြုံးကာ ကြည့်လိုက်သည်။

"ငါ့ကိုခြောက်ဖို့လေ၊ ဒါမှမဟုတ် အားလုံးကို ကျောင်းမှာ သရဲခြောက်တယ်ဆိုတာ ယုံသွားအောင် ဓာတ်လမ်းထွင်တာပေါ့"

ချမ်းမင်းက ကျွန်မစကားကို ခပ်ပြတ်ပြတ်ပင် ပြန်ဖြေလိုက်သည်။

"ငါအတည်ပြောနေတာ နေနေ၊ ငါ ဘယ်သူနဲ့မှ လည်း ပူးပေါင်းပြီး နင့်ကို ခြောက်လှန့်ဖို့ မကြိုးစားဘူး၊ ဘယ်သူ့ကိုမှလည်း ကြောက်အောင် ငါ မလုပ်ဘူး၊ အဲဒါ အမှန်ပဲ၊ နင် ယုံချင်ယုံ မယုံချင်နေ"

ထိုအချိန်မှာပင် ဓာတ်ခုံပေါ်မှ နဒီဆွေက ဆင်းလာပြီး ကျွန်မကို ပြောလိုက်သည်။

"ဘယ်လိုလဲ နေနေမြင့်မိုရ်၊ တော်တော်ကြောက်သွားလား"

ကျွန်မက…

"ဘာကို ငါက ကြောက်သွားရမှာလဲ၊ ဘာမှ





မဖြစ်ဘူး၊ အေးအေးဆေးဆေးပဲ"

နဒီဆွေ့မျက်နှာက ရှုံ့တွသွားပြီး…

"နင့်ကိုကြည့်ရတာ သွေးအားနည်းနေသလိုလို ဘာလိုလို တစ်ခုခုဖြစ်နေသလိုမျိုးပဲ၊ အဲဒါကြောင့် စင်ပေါ်မှာ လဲကျသွားတာပေါ့၊ ဘာလဲ…နေမကောင်း ဘူးလား"

ထိုစကားကြောင့် နဒီဆွေကိုကြည့်လိုက်ပြီး…

"ငါဘာမှမဖြစ်ဘူး၊ နင်သာ ကျန်းမာရေးကောင်း အောင် ဂရုစိုက်နေ၊ တော်ကြာ ငါ့နေရာမှာ သရုပ် ဆောင်ခွင့်မရပဲနေဦးမယ်"

ထိုစဉ်မှာပင် လှိုင်ဘွားက ဓာတ်ခုံပေါ်ကနေ ဆင်းလာပြီး နဒီဆွေကို မေးလိုက်၏။

"ဒီဆေးတွေပေနေတာ လျှော်ပစ်လို့ရလား"

လှိုင်ဘွားက ဆေးတွေပေနေသော သူ့အင်္ကျီကိုကြည့်ရင်း မေးလိုက်သည်ကို နဒီဆွေက…

"ရတာပေါ့၊ ဩော်…ဒါနဲ့ နင်ဆွဲတဲ့ နောက်ခံပုံ တွေက အရမ်းကောင်းတယ်၊ နင်က တော်လည်း တော်တယ်၊ ကြိုးလည်း ကြိုးစားတယ်၊ သူများ တွေဆို…"



www.burmeseclassic.com

www.burmeseclassic.com



ပြောနေရင်းမှပင် နဒီဆွေက ကျွန်မဘက် လှည့်လိုက်ပြီး...

"ဒီကျောင်းမှာ စုန်းပြူး တစ်ယောက်စာလေ ကလွဲရင် ဘယ်သူမဆို ကျောင်းပြဇာတ်အတွက် အကောင်းဆုံးဆိုတာ လုပ်ပေးကြတာချည်းပဲ"

ကျွန်မ ဘာမှပြန်မပြောနိုင်ခင်မှာပင် နဒီဆွေက ထိုင်ခုံတွေကြားမှတစ်ဆင့် ဇာတ်ရုံအပြင်ဘက်သို့ ထွက်သွားလေတော့သည်။ ကျွန်မက ဘေးနားမှာရပ်နေသော ချမ်းမင်းကို ပြောလိုက်၏။

"နဒီဆွေက ငါ့ကို တစ်ခုခုဖြစ်အောင် ဆုတောင်းနေတာ၊ ဒါမှ သူ မမြသွေးရဲ့နေရာမှာ ဝင် သရုပ်ဆောင်ရမှာဆိုတော့..."

ချမ်းမင်းက ဘာမှပြန်မပြော၊ ခေါင်းကိုသာ စိတ်ရှုပ်စွာ ကုတ်နေသည်။

ကျွန်မကပင်...

"ကဲ...ကဲ...အိမ်ပြန်ကြမယ်၊ တော်ကြာ နောက်ကျလို့ အဆူခံနေရဦးမယ်"

* * *

ကျောင်းအပေါက်ဝအနီး အရောက်တွင် ချမ်းမင်းက တစ်ခုခုသတိရသွားဟန်ဖြင့် အလန့်တကြား လွတ်ခနဲ ရေရွတ်





လိုက်သည်။

"သင်္ချာစာအုပ်..."

"နင့်သင်္ချာစာအုပ်က ဘာဖြစ်လို့လဲ ချမ်းမင်း"

"ဟိုတစ်နေ့ကတည်းက ကဇာတ်ရုံထဲမှာ ကျန်ခဲ့တာ၊ ဘယ်သူများ ရုံးခန်းမှာ အပ်ထားလဲမသိဘူး၊ သွားကြည့်လိုက်ဦးမယ်"

ထို့နောက် ချမ်းမင်းနှင့် ကျွန်မ ကျောင်းအုပ်ကြီးရုံးခန်းသို့ လျှောက်လာခဲ့ကြ၏။ လှိုင်ဘွားကတော့ ပြန်သွားနှင့်လေပြီ။ ရုံးခန်းရောက်တော့ ဘယ်သူမှ မရှိကြတော့။ ကျောင်းစာရေးမ မနီလာတစ်ယောက်သာ ပြန်ဖို့ပြင်ဆင်နေသည်။ ချမ်းမင်းက မနီလာကို ပြောလိုက်သည်။

"ကျွန်တော် သင်္ချာစာအုပ်၊ ဟိုတစ်နေ့ညက ဇာတ်ရုံထဲမှာ ကျန်ခဲ့လို့ ရုံးခန်းမှာများ လာအပ်ထားသေးလားလို့"

"သင်္ချာစာအုပ် ဟုတ်လား"

မနီလာက ပြောပြီး ချမ်းမင်းကို မျက်မှောင်ကြုတ်ကာ ကြည့်နေသည်။

"ဟုတ်တယ်လေ၊ ကျွန်တော်ထင်တာတော့ မြစိမ်းဆိုတဲ့လူများ လာပေးထားသလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ချမ်းမင်းစကားကြောင့် မနီလာက...

"မြစိန်ဆိုတာ ဘယ်သူလဲ"

ချမ်းမင်းက...

"မြစိန်ဆိုတာ ဆံပင်ဖြူဖြူ အရပ်ပုပုနဲ့ ကျောင်းစောင့်ဆိုတာလေ"

မနီလာက ချမ်းမင်းစကားကြောင့် ခဏလောက် နားလည်ရခက်သလို စဉ်းစားနေပြီး ခေါင်းခါပြလိုက်ကာ...

"ချမ်းမင်း၊ မင်း နာမည်တွေ ရောနေတာဖြစ်လိမ့်မယ်၊ ဒီကျောင်းမှာ မြစိန်နာမည်နဲ့ အလုပ်လုပ်တဲ့လူ တစ်ယောက်မှ မရှိဘူး"

■



## အခန်း ( ၁၄ )

ညဘက်တွင် နဒီဆွေဆီမှ ဖုန်းလာသည်။

"နင် နေမှကောင်းရဲ့လားလို့ လှမ်းမေးတာပါ၊ နင့်ပုံကြည့်ရတာ မျက်နှာက ဖြူဖပ်ဖြူရော်နဲ့ဆိုတော့ ဖျားနေလားလို့"

ကျွန်မ စိတ်ကသိကအောင့် ဖြစ်သွားပြီး...

"ငါဘာမှမဖြစ်ဘူး၊ နေကောင်းတယ်"

"နင် မနေ့က နာတွေ တော်တော်ချေနေတာကို တွေ့ရလို့ပါ"

နဒီဆွေက ကျွန်မကျန်းမာရေးကို အထူးဂရုစိုက်ဟန်ဖြင့် ပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ နေ့ခင်း ဇာတ်ခုံအောက်က တက်လာတဲ့ သရဲက ဘယ်သူလဲ"

တစ်ခါတလေကျရင် လူတွေဆီမှ ထိုသို့ ကြောင်တောင်တောင် မေးခွန်းတွေကို ကြားရတတ်သည်။ သရဲက လည်ပင်းမှာ မှတ်ပုံတင်ဆွဲလာတတ်သည်ဟုများ အောက်မေ့နေသလားမသိပါ။

ကျွန်မက...

"ငါဘယ်သိပါ့မလဲ"

"ငါက နင် ကြောက်လန့်ပြီး တစ်ခုခုဖြစ်သွားမှာ စိုးလို့ပါ"

"နောက်နေ့မှတွေ့ကြတာပေါ့ နဒီဆွေ"

ဟုဆိုပြီး ဖုန်းကို ဂွပ်ခနဲချပစ်လိုက်သည်။

နဒီဆွေကတော့ သူ ပြဇာတ်မှာပါဝင်ရဖို့ ကျွန်မကို အစွမ်းကုန် တိုက်ခိုက်နေသည်ပဲ။

ထိုသို့တွေးနေစဉ်မှာပင်...

"ကလင်...ကလင်..."

ဒုက္ခပါပဲ၊ နဒီဆွေ ဖုန်းထပ်ဆက်ပြန်ပြီထင်တယ်။

ကျွန်မ စိတ်ညစ်ညူးစွာဖြင့်ပင် ဖုန်းကို ကောက်ကိုင်လေသည်။

"ဟဲလို"





"နေနေ၊ ငါ ချမ်းမင်းပါ"

ကျွန်မ စိတ်သက်သာရာရသွားပြီး ချမ်းမင်းစကားကို နားထောင်လိုက်သည်။

"ကျောင်းစောင့် မြစိန်ဆိုတဲ့လူက တို့ကို ညာတာ ဟ...၊ သူ ကျောင်းမှာ ကျောင်းစောင့်လုပ်တယ် ဆိုတာ မဟုတ်ဘူး၊ သူကမှ တကယ့် သရဲအစစ် ဖြစ်လိမ့်မယ်"

"အေး...ဖြစ်နိုင်တယ်"

ကျွန်မက ချမ်းမင်းစကားကို ထောက်ခံလိုက်လေသည်။ ချမ်းမင်းက ဆက်ပြီး...

"သူ့ခန္ဓာကိုယ် အရွယ်အစားကလည်း တို့ကို လာခြောက်တဲ့ သရဲအရွယ်အစားလောက်ပဲ၊ ပြီးတော့ အံဝှက်စင်ရှိတာကိုလည်း သူသိတယ်၊ အဲသည်ထက် ပိုပြီး သံသယဖြစ်စရာကောင်းတာက ညဘက်ဆို ဘာလို့ သူက ဇာတ်ရုံထဲမှာ ရှိရတာလဲ"

ကျွန်မက ချက်ချင်းပင် ပြန်ဖြေလိုက်သည်။

"ဘာဖြစ်လို့လဲဆိုတော့ သူက သရဲဖြစ်နေလို့ပေါ့ဟ"

သည့်နောက်တော့ ကျွန်မနှင့် ချမ်းမင်း မနက်စောစော



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသွားပြီး ဒေါ်ခင်ကြည်ပြာကို ကျောင်းစောင့်မြစိန် အကြောင်းပြောဖို့ ဆုံးဖြတ်လိုက်လေတော့သည်။

* * *

ထိုနေ့ညမှာပင် ပြဇာတ်အကြောင်း ကျွန်မ အိပ်မက် မက်လေသည်၊ အိပ်မက်ထဲတွင်...

ကျွန်မက ဇာတ်ဝတ်ဇာတ်စားတွေ ဆင်မြန်းထားသည်။ မီးဆလိုက်ရောင်စုံကလည်း ကျွန်မကို ထိုးထားသည်။

ဇာတ်ရုံတစ်ခုလုံးလည်း ပရိသတ်တွေအပြည့်။ သို့ပေမယ့် ကဇာတ်ရုံတစ်ခုလုံးကတော့ ငြိမ်သက် တိတ်ဆိတ်နေသည်။ သူတို့က မမြဲသွေးလို သရုပ်ဆောင်နေသည့် ကျွန်မ၏စကားသံကို စောင့်နေကြခြင်းဖြစ်သည်။

ကျွန်မ စကားပြောဖို့ နှုတ်ခမ်းလွှာနှစ်ရွက်ကို ကြိုးစား၍ တွန်းကန်ဖွင့်ကြည့်လိုက်မိသည်။ မည်သည့်စကားသံမျှ ထွက်မလာ။ ပြောရမည့်စကားတွေက ငှက်တွေလို အတောင်ပေါက်သွားသည့်အလား လွင့်စင်ပျောက်ကွယ်ကုန်သည်။ လည်ချောင်းထဲတွင် ကွဲအက်ခြောက်ကပ်လာပြီး ရေသောက်ချင်လာ၏။ ဇာတ်ခုံအောက်ဘက်တွင်လည်း တီးတိုးရေရွတ်သံတွေက ဆူညံလာသည်။

ဇာတ်ဝင်ခန်းစကားကို ကျွန်မ ပြောဖို့ ကြိုးစားလိုက်သည်။





မရ...။

ဟင်...ငါ...ငါ...ဆွံ့အသွားပြီ။

ဘာကြောင့် ကျွန်မ စကားပြောလို့ မရသလဲဆိုသည့် အချက်ကို ဖြုန်းခနဲ အထိတ်တလန့် သိလိုက်ရသည်။

“ငါ...ငါကိုယ်တိုင် သရဲဖြစ်နေတာပါလား”

“အား...ကယ်ကြပါဦး”

ထိုအချိန်မှာပင် ကျွန်မ ဖျတ်ခနဲ လန့်နိုးသွားသည်။ ခန္ဓာကိုယ်တစ်ခုလုံး ချွေးတို့ဖြင့် ရွှဲနစ်နေ၏။ အိပ်ရာပေါ်မှ ရှိသမျှအရာအားလုံးသည်လည်း ကြမ်းပြင်အောက်မှာပင်။ ကျွန်မ အသက်ကို ဝအောင်ရှူလိုက်သည်။ ထို့နောက် အိပ်မက်အကြောင်းကို တစ်ချိန်လုံး ပြန်စဉ်းစားနေမိတော့သည်။

မနက်ဘက် နိုးလာသည့်အချိန်မှာတော့ ကျောင်းသွားဖို့ပင် နောက်ကျနေ၏။ သို့နှင့် ကမန်းကတမ်း ရေချိုး အဝတ်အစားလဲပြီး ကျောင်းသို့ထွက်လာခဲ့၏။

ကျောင်းရှေ့ရောက်တော့ ချမ်းမင်း စောင့်နေသည်ကို တွေ့လိုက်ရ၏။ ချမ်းမင်းက လက်ပတ်နာရီကို စိတ်မရှည်စွာဖြင့် ကြိမ်ဖန်များစွာ ကြည့်နေသည်။

“ဆောရီး...ငါ နောက်ကျသွားတယ်”

ချမ်းမင်းက ကျွန်မစကားကိုပင် ဆုံးအောင် နားမထောင်



www.burmeseclassic.com

www.burmeseclassic.com



တော့ပဲ လက်ကိုဆွဲကာ စာသင်ခန်းထဲသို့ ခေါ်သွား၏။ စာသင်ခန်းထဲမှာတော့ ဒေါ်ခင်ကြည်ပြာက စားပွဲခုံရှေ့တွင် ထိုင်နေလေသည်။ သူမက ချမ်းမင်းနှင့် ကျွန်မကို မြင်သွားပြီး မေးလိုက်သည်။

"ဘာဖြစ်လာကြတာလဲ"

ချမ်းမင်းက ဒေါ်ခင်ကြည်ပြာနားသို့ တိုးကပ်သွားပြီး ခပ်ဖွဖွ ပြောလိုက်သည်။

"အရေးကြီးလို့ ပြောစရာရှိလို့ပါ ဆရာမ"

ဒေါ်ခင်ကြည်ပြာက နံရံပေါ်မှနာရီကို လှမ်းကြည့်ပြီး...

"ခဏလောက် မစောင့်နိုင်တော့ဘူးလား၊ စာသင်ဖို့အချိန် စ,တော့မယ်"

"ဆရာမ...ခဏလေးပါ"

ဒေါ်ခင်ကြည်ပြာက ခပ်သုတ်သုတ်ပင် လိုက်လာခဲ့လေသည်။ စာသင်ခန်းအပြင်ဘက်ရောက်တော့ ဒေါ်ခင်ကြည်ပြာက ချမ်းမင်းကိုမေး၏။

"ဘာဖြစ်လာကြတာလဲ၊ ဘာပြောစရာရှိလို့လဲ"

ချမ်းမင်းက ခြေလှမ်းကို တုံ့ခနဲရပ်လိုက်ပြီး...

"ကျောင်းမှာ တကယ်ကို သရဲရှိနေပြီ ဆရာမ၊ နေနေနဲ့ ကျွန်တော် ကဇာတ်ရုံထဲမှာ တွေ့ခဲ့တာ"





"ဟယ်...မဟုတ်နိုင်တာ"

ဒေါ်ခင်ကြည်ပြာက မထင်မှတ်ထားသည့်စကားကြောင့် အံ့သြထိတ်လန့်သွားပြီး ဆက်မပြောရန် လက်ကာပြလိုက်လေ၏။ ကျွန်မက...

"ဟုတ်တယ်ဆရာမ၊ သမီးတို့ ကဇာတ်ရုံ မြေအောက်ခန်းထဲကို အံ့ဝှက်စင်နဲ့ သွားကြည့်တုန်းက တွေ့ခဲ့တာ"

"ဘာ!...မင်းတို့ ဘယ်သူမှမသိအောင် အံ့ဝှက်စင်နဲ့ မြေအောက်ခန်းကို သွားကြည့်ကြတယ် ဟုတ်လား"

ဒေါ်ခင်ကြည်ပြာက စိတ်ဆိုးစွာ ပြန်ပြောလိုက်ပြီး ချမ်းမင်းနှင့် ကျွန်မကို ဒေါသတကြီး ကြည့်လိုက်၏။ ချမ်းမင်းက...

"ဆရာမကို ခွင့်မတောင်းပဲ သွားကြည့်မိတာ တောင်းပန်ပါတယ်၊ ဒါပေမဲ့ အဲဒီ နာနာဘာဝက ကျွန်တော်တို့ ပြဇာတ်အစီအစဉ်ကို ပျက်အောင်လုပ်နေလို့ပါ၊ ပြီးတော့ ဆရာမကလည်း ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေ အားလုံးကို ကျွန်တော်လုပ်နေတယ်လို့ ထင်လို့ပါ။ တကယ်တော့ ကျွန်တော် ဘာမှမလုပ်ရပါဘူး၊ အဲသည် နာနာဘာဝကပဲ လုပ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ဆရာမ…"

ဒေါ်ခင်ကြည်ပြာက ချမ်းမင်းကို တစ်ခုခု ပြန်ပြောမည်အလုပ်…

"ကလောင်…ကလောင်…ကလောင်…"

ထိုစဉ်မှာပင် ခေါင်းလောင်းသံက ရှည်လျားကျယ်လောင်စွာ ထွက်ပေါ်လာတော့သည်။ ထို့နောက် ဒေါ်ခင်ကြည်ပြာက စာသင်ခန်းဘက်သို့ ထွက်သွားရန် ခြေလှမ်းပြင်နေရင်းမှ…

"မင်းကို ဆရာမ အထင်မှားသွားတဲ့အတွက် စိတ်မကောင်းပါဘူး"

"ဒါပေမဲ့ မင်းတို့ပြောပြတဲ့ အကြောင်းကိုတော့ ဆရာမ အယုံအကြည်မရှိဘူး"

ဒေါ်ခင်ကြည်ပြာ၏ စကားကြောင့် ချမ်းမင်းနှင့် ကျွန်မ အံ့သြသွားမိသည်။ ပါးစပ်မှလည်း-

"ဟင်…"

"ဆရာမ ကျွန်မတို့ တကယ်ပြောနေတာ"

ထိုအချိန်မှာပင် စာသင်ခန်းဘက်မှ ကျောင်းသားများ၏ အသံက ဆူညံပွက်လောရိုက်နေလေသည်။ ထို့ကြောင့် ဒေါ်ခင်ကြည်ပြာက…

"ကဲ…ကဲ…မင်းတို့နှစ်ယောက်စလုံး စာသင်





ခန်းထဲကို ဝင်ကြတော့၊ မင်းတို့ရဲ့ တောင်စဉ်ရေမရ အဖြစ်အပျက်တွေကို ထပ်မပြောနဲ့တော့"

* * *

ညစာစားပြီးချိန်မှာတော့ အိမ်သို့ ချမ်းမင်းရောက်လာလေသည်။ ဖေဖေနှင့် မေမေကို ကျောင်းကပွဲအတွက် အစမ်းလေ့ကျင့်စရာရှိသည်ဟု လိမ်ညာပြောပြီး ထွက်လာခဲ့သည်။ ကျောင်းရှေ့ရောက်တော့ လှိုင်ဘွား ရပ်စောင့်နေသည်ကို တွေ့ရ၏။ ထိုနေရာမှာပင် လှိုင်ဘွားနှင့်တွေ့ဖို့ ချိန်းထားခြင်း ဖြစ်သည်။ ချမ်းမင်းက သရဲရှိသည်ဆိုသည်ကို မယုံသည့်အကြောင်း လှိုင်ဘွားကို ရှင်းပြနေလေသည်။

"ဒေါ်ခင်ကြည်ပြာက ငါတို့ပြောတာကို မယုံဘဲနဲ့တော့ မနေဘူး၊ ဘာဖြစ်လို့…"

ချမ်းမင်းစကား မဆုံးခင်မှာပင် ကျွန်မက…

"မယုံလို့ ဒီစကားပြောတာပေါ့၊ နင်ကလည်း ဝေးလိုက်တာ"

"အခု ငါတို့မှာ ရွေးစရာလမ်း မရှိတော့ဘူး၊ သရဲအစစ်ကို ရှာပြီး သက်သေပြရုံပဲရှိတော့တယ်၊ ပြီးတော့ ဒေါ်ခင်ကြည်ပြာကို ပြောနေလို့လည်း အပိုပဲ၊ ဘာအကူအညီမှ မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



ချမ်းမင်းစကားကြောင့် ကျွန်မက သူ့မျက်နှာကို ကြည့်လိုက်ပြီး...

"နင်က စွန့်စွန့်စားစားလုပ်ရတာကို တော်တော်သဘောကျတယ်ထင်တယ်"

"ဘာလဲ...နင် ကြောက်နေပြန်ပြီလား၊ ကြောက်ရင်လည်း မလိုက်ခဲ့နဲ့"

ကျွန်မ သူ့လက်မောင်းကို ဆွဲလိမ်လိုက်ရင်း...

"ကောင်းပြီလေ၊ ဟိုရောက်မှ ဘယ်သူ ကြောက်တယ် မကြောက်ဘူးဆိုတာ သိကြသေးတာပေါ့"

ထိုအချိန်မှာပင် လှိုင်ဘွားက ဝင်ပြောလိုက်သည်။

"ငါကတော့ လန့်တယ်ဟ၊ မတော်လို့ သရဲကတို့ကို တစ်ခုခုလုပ်ရင် ဘယ်လိုလုပ်မလဲ၊ ပြီးတော့ ငါတို့ ကျောင်းထဲကို ခိုးဝင်တာ တစ်ယောက်ယောက်မိသွားမှဖြင့်..."

လှိုင်ဘွားစကားကြောင့် ချမ်းမင်းက သဘောကျသွားပြီး ပြန်ပြောလိုက်သည်က...

"ဘယ်သူက တို့ကိုမိမှာလဲ၊ စာရေးမ မနီလာ ပြောတာ မကြားဘူးလား၊ တို့ကျောင်းမှာ ဘယ်ကျောင်းစောင့်မှ မရှိဘူး"

* * *





ချမ်းမင်းက လမ်းမပေါ်မှတစ်ဆင့် ကျောင်းအဆောက်အအုံကြီးကို လှမ်းကြည့်လိုက်ပြီး သက်ပြင်းချလိုက်သည်။ ထို့နောက်

"ကဲ...ဘယ်လိုပဲဖြစ်ဖြစ် ကျောင်းထဲကို ဝင်ကြရအောင်"

ထို့နောက် သုံးဦးစလုံး ကျောင်းတံခါးမကြီး အနားသို့ကပ်သွားပြီး တွန်းဖွင့်လိုက်သည်။ သို့သော် တံခါးမကြီးက တုတ်တုတ်မှမလှုပ်။ ချမ်းမင်းက...

"တံခါးမကြီးက သော့ခတ်ထားတယ်ဟ၊ တို့တွေ ကစားကွင်းဘက်အခြမ်းက ဝင်ကြမယ်"

ကျွန်မတို့ ကျောင်းကစားကွင်းဘက်ထဲသို့ သံဆူးကြိုးတွေကြားမှတစ်ဆင့် တိုးဝင်လိုက်ကြသည်။ ကစားကွင်းထဲတွင်တော့ မြက်ရိုင်းပင်တွေက လရောင်ကြောင့် ဖြောင်လက်တောက်ပနေသည်။ လေကလည်း တစ်ချက်တစ်ချက် ခပ်ပြင်းပြင်းတိုက်ခတ်လျက်ရှိသည်။

ကံကောင်းထောက်မစွာပင် ကဇာတ်ရုံရဲ့ ပြတင်းတံခါးတစ်ချပ် ပွင့်နေသည်။ တစ်ယောက်ယောက် မေ့ပြီး မပိတ်ခဲ့တာဖြစ်မည်ဟု တွေးလိုက်မိချိန်မှာပင် ချမ်းမင်းက ထိုပြတင်းပေါက်နားသို့ ရောက်ရှိသွားလေသည်။ ချမ်းမင်းက တံခါးရွက်နှစ်ဖက်ကို လက်ဖြင့် ဆွဲဟလိုက်ပြီး အထဲသို့ဝင်လိုက်၏။ လှိုင်ဘွားနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မလည်း သိပ်မကြာခင်မှာပင် ချမ်းမင်းနောက်သို့ ပြတင်းပေါက်မှတစ်ဆင့် လိုက်ဝင်သွားလိုက်လေသည်။ ကဇာတ်ရုံထဲတွင်တော့ မှောင်မည်းတိတ်ဆိတ်နေသည်။ လေထဲတွင်လည်း အမျိုးအမည်မသိ အနံ့ကြီးတစ်ခုက လွှမ်းမိုးပျံ့နှံ့နေသည်။

"ဟင်...ဘာအနံ့ကြီးလဲ"

ထိုသို့ တီးတိုးရေရွတ်လိုက်ချိန်မှာပင် အောက်ဘက်နားမှ ခွေးခြေထိုင်ခုံတစ်လုံးနှင့် တိုက်မိလိုက်၏။

"ဒုန်း..."

"အား"

"ဟဲ့...တိတ်တိတ်နေစမ်း"

ချမ်းမင်းက ကျွန်မကို လှမ်းငေါက်လိုက်သည်။ ကျွန်မက စိတ်ဆိုးစွာပင် ခပ်တိုးတိုးပြန်ပြောလိုက်သည်။

"ငါ တမင်သက်သက်လုပ်တာ မဟုတ်ဘူး၊ မတော်တဆဖြစ်သွားတာပဲ"

ကျွန်မတို့သုံးဦးစလုံး သတိဝီရိယအပြည့်နှင့် တံခါးပေါက်ဆီသို့ တစ်လှမ်းချင်း သွားလိုက်လေသည်။ ဇာတ်ရုံတစ်ခုလုံး ခြေသံတွေဖြင့် ပဲ့တင်ထပ်သွားသည်။ ကျွန်မ စိတ်တွေ အရမ်းလှုပ်ရှားနေပြီး ကြောက်လန့်သလို ခံစားမိလိုက်သည်။

ကျွန်မကိုယ်ကျွန်မ





"ဘာမှကြောက်စရာမလိုဘူး၊ ဒီနေရာက နင်အခေါက်ခေါက်အခါခါ လာနေတဲ့နေရာ၊ ပြီးတော့ ဒါ နင့်ရဲ့ကျောင်းအဆောက်အအုံ၊ ဒီနေရာမှာ နင်တို့ကလွဲပြီး ဘယ်သူမှ မရှိဘူး"

ဟု ပြန်နှစ်သိမ့်နေလိုက်သည်။

လှိုင်ဘွားကလည်း

"ငါ လန့်လာပြီ"

ဟု ကျွန်မလက်ကို လှမ်းကိုင်ရင်း ပြောလိုက်သည်။ ကျွန်မက...

"နင် သရဲကားတွေ ကြည့်ဖူးတယ်မဟုတ်လား၊ သရဲကားကြည့်နေရတယ်လို့ပဲ သဘောထားလိုက်၊ ဟုတ်ပြီလား"

"ငါ သရဲကားတွေ မကြည့်ဖူးဘူး"

"ဟာ...ဒုက္ခပါပဲ"

ချမ်းမင်းက စိတ်မရှည်သည့်လေသံဖြင့်...

"ဟဲ့...နေနေ၊ အပိုတွေ လျှောက်ပြောမနေစမ်းနဲ့"

ကျွန်မ ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ။ ချမ်းမင်းစကားကို မကြားချင်ယောင်ဆောင်နေလိုက်သည်။ တစ်ဆက်တည်း



www.burmeseclassic.com

www.burmeseclassic.com



မှာပင်...

ချမ်းမင်းက ဓာတ်ရုံ၏ ဒုတိယတံခါးချပ်ကို ဆွဲဖွင့်လိုက်လေသည်။

အတွင်းဘက်မှာတော့...

မည်သည့်အရာဝတ္ထုကိုမျှ သဲသဲကွဲကွဲ မမြင်ရချေ။ လေကလည်း စိုစွတ်အေးစက်နေသည်။

"ဒါကြောင့် ဒီနေရာမျိုးတွေမှာ သ...ရဲ...တစ္ဆေရှိနေတတ်တာကိုး"

ဟု တွေးလိုက်မိသည်။

ကျွန်မ နှလုံးခုန်နှုန်းတွေ မြင့်သည်ထက် မြင့်လာပြီးကတုန်ကယင် ဖြစ်လာသည်။ ထိုစဉ်...

"ထောက်"

ချမ်းမင်းက နံရံပေါ်မှ မီးခလုတ်ကို တွေ့သွားပြီး ဖွင့်လိုက်သည်။ အလင်းရောင်ပမာဏက မီးအိမ်တစ်လုံးသာသာလောက်သာ လင်း၏။ ခုနလို လုံးဝမှောင်မည်းနေတာထက်စာလျှင်တော်သေးသည်။ မြင်ကွင်းထဲတွင်တော့ ကဓာတ်ရုံ ဟိုဘက်စွန်းရှိဓာတ်ခုံကို မြင်နေရပြီ။

ရှင်းလင်းပြီး တိတ်ဆိတ်နေသည်။

လှေကားတစ်စင်းသာ နံရံကိုမှီပြီး ထောင်ထားလေသည်။





တစ်ယောက်ယောက် ပြန်သိမ်းဖို့ မေ့ခဲ့တာ ဖြစ်ကောင်းဖြစ်ပေမည်။ လှိုင်ဘွားက ကြောက်ရွံ့တုန်လှုပ်စွာပင် မေးလိုက်သည်။

"ဘာဖြစ်လို့ မီးတွေ အကုန်လုံးမဖွင့်တာလဲ ချမ်းမင်း"

"အကုန်လုံးဖွင့်လိုက်ရင် သရဲက တို့လာမှန်း သိသွားလိမ့်မယ်၊ ပြီးတော့ တို့က အဲဒီသရဲ ဘယ်မှာရှိမှန်း သိချင်တာလေ"

ချမ်းမင်းက လှိုင်ဘွားကို ပြန်ဖြေနေရင်း ဓာတ်ခုံဘက်သို့ လှမ်းကြည့်လိုက်သည်။

ထို့နောက်...

သုံးဦးစလုံး ပူးပူးကပ်ကပ်ဖြင့် ဓာတ်ခုံဘက်သို့ တစ်လှမ်းချင်း တိုးသွားလိုက်လေသည်။ ခုနက မီးအလင်းရောင်ကြောင့်ကျွန်မတို့ အရိပ်တွေက ဆန့်ထွက်ရှည်လျားနေ၏။

အရိပ်က တစ္ဆေတစ်ကောင်နှင့်ပင် တူနေသည်။

မညီညာသည့် အရွယ်အစား၊ ရှည်လျားလှသည့် ခြေတံလက်တံတွေနှင့် ဖြတ်သန်းသွားလေရာ နေရာတိုင်းသို့ ကပ်ပါလာခြင်းက တစ္ဆေထက်ပင် ပိုကြောက်စရာကောင်းနေ၏။

ဘေးဘီဝဲယာကိုကြည့်ကာ ဓာတ်ရုံနားသို့ တဖြည်းဖြည်းတိုးကပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မကောင်းဆိုးဝါးကောင်က ဘယ်နားမှာလဲ? ဇာတ်ခုံအောက်ဘက်က မှောင်မှောင်မည်းမည်း လိုဏ်ခေါင်းထဲမှာပဲလား?"

ကျွန်မတို့ ဇာတ်ခုံနားရောက်ဖို့ ခြေတစ်လှမ်းနှစ်လှမ်း လောက် အလိုမှာပင်...

"ဖလပ်...ဖလပ်...ဖလပ်"

ဟင်...ခြေသံတွေပါလား!

သုံးဦးစလုံး ထိုအသံကြောင့် တစ်ယောက်အနား တစ်ယောက် ပိုမိုတိုးကပ်မိသွားကြ၏။

■



## အခန်း ( ၁၅ )

ချမ်းမင်းက တဆတ်ဆတ်တုန်နေသော သူ့လက်ဖြင့် လက်မောင်းကို လာကိုင်သည်။ လှိုင်ဘွားက ကြောက်စိတ်ကြောင့် မျက်လုံးတွေ ပြူးကျယ်လာတော့သည်။

"ဖလပ်..."

"ဖလပ်..."

"ဇာတ်ခုံပေါ်က ဘယ်...သူ...လဲ"

သို့ပေမယ့် ကျွန်မစကားသံက ထွက်မလာတော့ပေ။ လည်ချောင်းထဲမှာ တိုးဝင်နစ်မြုပ်သွားသည်။

ချမ်းမင်းက...

"အပေါ်က ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဖြေသံအစား နောက်ထပ်ခြေသံတွေသာ ကြားလိုက်ရသည်။ လှိုင်ဘွားက ထိုင်ခုံတစ်ခုနောက် ပုန်းကွယ် ထိုင်ချလိုက်ပြီး ထိုထိုင်ခုံနောက်ကပင် ဖြည်းဖြည်းချင်း ချောင်းကြည့်နေလေသည်။ ချမ်းမင်းက ကျွန်မအနားသို့ ကပ်လာပြီး စိတ်လှုပ်ရှားစွာ ပြောလိုက်သည်။

"ဇာတ်ခုံနောက်က ပန်းချီကားတွေနောက်မှာ"

"ဘယ်မှာလဲ"

ကျွန်မက မေးမေးပြီးချင်း နောက်ခံပန်းချီကားတွေကို စေ့စေ့စပ်စပ် လိုက်ကြည့်သည်။ မည်သည့်အရိပ်အယောင်မှ မတွေ့ရ။

"ဝုန်း"

"ကလစ်...ကလစ်"

"ကျွိ...ကျွိ"

ထိုအသံကို ကြားလိုက်သည့်အချိန်မှာတော့ ကြက်သီး ဖြန်းခနဲထသွားကာ ထခုန်မိမတတ် ဖြစ်သွားသည်။ ကဇာတ်ရုံတစ်ရုံလုံးမှာ ထိုအသံဖြင့် ပဲ့တင်ထပ်နေသည်။

အံဝှက်စင်က အပေါ်ကိုတက်လာပြီလား?

အံဝှက်စင်ပေါ်မှာ သရဲက ပါလာတယ်ဆိုရင်...

ဟင့်အင်း...မဟုတ်ဘူး။

ရုတ်တရက်...





ကျွန်မအတွေးတွေက မီးခိုးငွေ့တွေလို လွင့်စင်ပျောက်ကွယ်သွား၏။ မြင်လိုက်ရသည်က...

ဇာတ်ခုံပေါ်မှ နောက်ခံပန်းချီပုံတွေ တစ်ခုပြီးတစ်ခု ဇာတ်ခုံကြမ်းပြင်ပေါ်သို့ လျော့တွဲ ပြေကျလာသည်ကိုပင်...။

ထိုအချိန်မှာပင် လှိုင်ဘွားက နှမြောဒေါသထွက်စွာ ရေရွတ်လိုက်၏။

"ငါဆွဲထားတဲ့ပုံတွေကို ဘယ်သူဖျက်ဆီးနေတာလဲ၊ အကုန်ပျက်စီးကုန်ပြီ"

ချမ်းမင်းကတော့ ဇာတ်ခုံပေါ်ကိုသာ စိုက်ကြည့်ရင်း ကြက်သေ သေနေလေတော့သည်။ ကျွန်မ သတိဝင်လာပြီး လှိုင်ဘွားဆွဲထားသည့် ပုံတွေကို ကြည့်လိုက်သည်။

ဟင်...ဟုတ်ပါရဲ့။

လှိုင်ဘွားဆွဲထားသည့် အပြာရောင်ကောင်းကင်ပုံတွေမှာ အနီရောင်ဆေးစက်တွေ ပေကျံစွန်းထင်းနေသည်။ မီးခိုးရောင်နံရံတွေကလည်း ဆေးနီစက်တွေ ဗရပွနှင့် သုံးမရအောင် ပျက်စီးသွားလေပြီ။

ထိုစဉ်မှာပင် ချမ်းမင်း ရုတ်တရက် ဇာတ်ခုံပေါ်သို့ ပြေးတက်သွားလိုက်သည်။ သုံးဦးစလုံး ဇာတ်ခုံပေါ်ကိုရောက်သည့်အချိန်မှာတော့ အားလုံး တိတ်ဆိတ်ငြိမ်သက်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သရဲကို အရိပ်အယောင်တောင် မတွေ့ရတော့ချေ။

ချမ်းမင်းကတော့...

"ဒီနားမှာ ဘယ်သူရှိလဲ၊ ဘယ်နားမှာလဲ"

ထိုစကားကိုသာ ထပ်ကာထပ်ကာ အော်ဟစ်ရေရွတ်နေလေတော့သည်။

ဓာတ်ရုံတစ်ခုလုံး ထပ်မံငြိမ်သက်သွားပြန်သည်။ ထိုစဉ်မှာပင် သုံးဦးစလုံး တွေ့လိုက်ရသည်က ကြမ်းပြင်ပေါ်တွင် တွန့်လိမ်ကောက်ကွေးစွာ ရေးထားသော မညီမညာ စာတန်းတစ်ခု...

"ငါ့ပိုင်နက်နဲ့ ဝေးဝေးနေ"

မီးရောင်မှိန်ဖျော့ဖျော့အောက်မှာပင် ဆေးအနီနှင့် ရေးထားသော ထိုစာကြောင်းကို ရှင်းလင်းပြတ်သားစွာ မြင်လိုက်ရလေ၏။ ထိုစာတန်းကို ငေးစိုက်ကြည့်နေစဉ်မှာပင်...

"ကျွိ"

ရုတ်တရက် ကြားလိုက်ရသော ထိုအသံကြောင့် သုံးဦးစလုံး ဆတ်ခနဲ မော့ကြည့်လိုက်၏။

ဝင်းပေါက်တံခါး ပွင့်လာသည်ကို တွေ့လိုက်ရပြီး မထင်မှတ်ထားသော မြင်ကွင်းကြောင့် သုံးဦးစလုံး ခေါင်းနပန်းကြီးသွားကာ တဆတ်ဆတ်ပင် တုန်ယင်သွားလေတော့သည်။





"ဆရာမဒေါ်ခင်ကြည်ပြာ..."

ထိုအသံသည် သုံးဦးစလုံး၏ နှုတ်ဖျားမှ ထွက်လာသော အသံပင် ဖြစ်လေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၆ )

ဆရာမက ခါးထောက်လျက် မြင်လိုက်ရသောမြင်ကွင်းကို မယုံကြည်ဟန်ဖြင့် ကြည့်နေသည်။ ထို့နောက် သူမဆီမှ တီးတိုး ရေရွတ်လိုက်သံကို ကြားလိုက်ရလေ၏။

"မင်းတို့ကို ငါ တကယ်ကြောက်သွားပြီ"

ကျွန်မ အသက်ကို ခက်ခက်ခဲခဲရှူသွင်းလိုက်ပြီး ရှင်းပြဖို့ ကြိုးစားလိုက်သည်။ နှုတ်ခမ်းတွေက လေးတွဲ့စွာပင် လှုပ်ရှား လာခြင်း မရှိတော့။ ချမ်းမင်းနှင့် လှိုင်ဘွားကလည်း အသက်မဲ့ နေသလိုပင် တောင့်တောင့်ကြီး ရပ်နေကြသည်။ ဒေါ်ခင်ကြည် ပြာက ဝမ်းနည်းဆို့နင့်နေသံဖြင့် ပြောလိုက်လေသည်။

"ငါ မင်းတို့သုံးယောက်စလုံးကို တကယ့်ကို စိတ်ပျက်မိတယ်၊ ညအချိန်မတော်ကြီး ခိုးဝင်တယ်





ဆိုတာ ကြီးလေးတဲ့ ရာဇဝတ်မှု၊ မင်းတို့ လုပ်စရာ လား"

ဒေါ်ခင်ကြည်ပြာက စိတ်ရှုပ်ထွေးစွာ ပြောလိုက်ရင်း ရှေ့သို့ ဖြည်းဖြည်းချင်း တိုးလာသည်။ ထို့နောက်တွင်ကား ဓာတ်ခုံပေါ်မှ နောက်ခံပုံများကိုကြည့်ရင်း ပါးစပ်အဟောင်းသား ဖြစ်သွား လေတော့သည်။ မျက်နှာတစ်ခုလုံးလည်း ဆေးအနီရောင်နှင့် ပက်လိုက်သလိုမျိုး ရဲတွတ်ပြီး မျက်လုံးတွေလည်း ပြူးကျယ် ဝိုင်းစက်သွားသည်။

"အို...ဘုရား...ဘုရား..."

ထိုအသံနှင့်အတူ ဒေါ်ခင်ကြည်ပြာက သုံးဦးစလုံး၏ မျက်နှာတွေကို တစ်လှည့်စီ အကဲခတ်လိုက်သည်။ အတန်ကြာမှ ဓာတ်ခုံပေါ်သို့ တက်သွားပြီး ဆေးအနီတွေ စွန်းပေနေသော ပန်းချီကားချပ်များကိုကြည့်ကာ...

"မင်းတို့ ဘယ်လိုလုပ်ကိုင်ကြတာလဲ၊ ကျောင်းသားတွေ ပင်ပင်ပန်းပန်းနဲ့ ရက်အကြာကြီးလုပ်ထားတာတွေကို ဘာသဘောနဲ့ မင်းတို့ ဖျက်စီးပစ်လိုက်ကြတာလဲ"

"ဆရာမ၊ အဲဒါ ကျွန်တော်တို့လုပ်တာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့လုပ်တာမဟုတ်ဘူး ဆရာမ"

ချမ်းမင်းနှင့် ကျွန်မက တစ်ပြိုင်တည်းနီးပါးပင် ဒေါ်ခင်ကြည်ပြာကို ပြောလိုက်သည်။ ဒေါ်ခင်ကြည်ပြာက ခေါင်းကိုသာ တွင်တွင်ခါယမ်းနေပြီး နောက်ခံပုံတွေကိုသာ နှမြောတသစွာ စိုက်ကြည့်နေလေ၏။ ထို့နောက် သူမဆီမှ ရှိုက်သံတစ်ချက် ကြားလိုက်ရပြီး မျက်ရည်တွေကိုပါ တစ်ပါတည်း တွေ့လိုက်ရ၏။

သူမက ဝမ်းနည်းတုန်ရီနေသောအသံဖြင့်...

"မင်းတို့လိုတပည့်မျိုးတွေရှိတဲ့အတွက် ဆရာမ အရမ်းဝမ်းနည်းတယ်၊ မင်းတို့သုံးယောက် ပျော်ဖို့ အတွက်နဲ့ ကျောင်းသားတွေဆွဲထားတဲ့ ပန်းချီကား တွေကို ဖျက်ဆီးပစ်လိုက်ကြတာ သိပ်တရားလွန် တယ်"

"ဆရာမ...သမီးတို့"

ကျွန်မစကားဆုံးအောင်ပင်မစောင့်၊ ဒေါ်ခင်ကြည်ပြာက ဆက်မပြောရန် လက်ထောင်ပြလိုက်ပြီး...

"ဒီကျောင်းမှာ သရဲရှိတယ်လို့ လူတိုင်းကို ယုံသွားဖို့က အရေးကြီးသလား၊ အချိန်မတော် ကျောင်း ထဲကို ခိုးဝင်လာပြီး ကျောင်းသားတွေဆွဲထားတဲ့





ပုံတွေကို ဖျက်ဆီးပစ်ဖို့ကရော မင်းတို့အတွက် အရေး ကြီးသလား၊ ပြီးတော့ ဒါတွေကို လျှောက်လုပ်ပစ် ရအောင် မင်းတို့ပျော်ဖို့အတွက်ကရော သိပ်ကို အရေး ကြီးနေပြီလား"

ဒေါ်ခင်ကြည်ပြာ၏ ရှိုက်ငင်တုန်ရီစွာ ပြောလိုက်သော အသံကြောင့် ကျွန်မ ချက်ချင်းပင် နွမ်းလျသွားသည်။ အထင် အမြင်လွဲမှားမှုဆိုတာ တစ်ခါတစ်ရံ သူစိမ်းတစ်ရံတွေထက်ပင် ပို၍ စိမ်းသွားတတ်ကြသည်။

ကျွန်မက ဆို့နင့်ဝမ်းနည်းစွာနှင့်...

"ဆရာမ၊ သမီးတို့ ဒီလိုဖြစ်အောင် ဘာတစ်ခုမှ မလုပ်ခဲ့ပါဘူး"

တုန်ယင်နေသော ကျွန်မအသံကို ဒေါ်ခင်ကြည်ပြာ ကြား လား၊ မကြားလား မသိ။ ပန်းချီပုံတွေအနားသို့ တိုးတွေ့ ချဉ်းကပ်သွားသည်ကိုသာ တွေ့လိုက်ရသည်။ ပန်းချီပုံတွေပေါ်မှ ပေကျံစွန်းထင်နေသော ဆေးစက်တချို့ကို လက်ဖြင့် တို့ကြည့်လိုက်ရင်း ဒေါ်ခင်ကြည်ပြာက...

"ဆေးတွေက ခြောက်တောင် မခြောက်သေးဘူး၊ ဒါတောင် မင်းတို့က ဆရာမကို မလုပ်ပါဘူးလို့ ညာချင်ကြသေးတယ်၊ ပြီးတော့ ဒီနေရာမှာ မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်ကလွဲရင် ဘယ်သူမှ မရှိဘူး”

ထိုစကားကို လှိုင်ဘွားက အားမလိုအားမရဖြစ်ကာ…

“ဆရာမ…ကျွန်တော်တို့ကို ရှင်းပြဖို့ အခွင့်အရေး မပေးတော့ဘူးလား”

“တော်စမ်း…လှိုင်ဘွား၊ အထူးသဖြင့် မင်းကို ပိုပြီး စိတ်ပျက်တယ်၊ ဘာကြောင့်လဲဆိုတော့ ကျောင်းတက်တာမှ တစ်ပတ်နှစ်ပတ်လောက်ပဲ ရှိသေးတယ်။ အခုကစပြီး မင်းရဲ့အပြုအမူတွေက တော်တော်ကို ဆိုးဝါးနေပြီ”

ဒေါ်ခင်ကြည်ပြာ ပြန်ပြောလိုက်သော စကားကြောင့် လှိုင်ဘွား မျက်နှာရဲခနဲနီသွားပြီး ခေါင်းငိုက်စိုက်ကျသွား၏။

ကျွန်မက အရဲစွန့်ပြီး…

“ဆရာမ၊ ကျွန်မတို့ အရင်ရှင်းပြပါရစေဦး၊ ဒါတွေကို ကျွန်မတို့…ကျွန်မတို့ ဘာတစ်ခုမှ မလုပ်ခဲ့ဘူး၊ စ,တွေ့ကတည်းက ဒီအတိုင်းတွေ့တာ”

ဒေါ်ခင်ကြည်ပြာက စိတ်ပြောင်းသွားဟန်ဖြင့်…

“ကဲ…ပြောပြစမ်းပါဦး မင်းတို့ရဲ့ အဖြစ်အပျက်ကို၊ ဒါပေမဲ့ အမှန်အတိုင်းပဲ ကြားချင်တယ်၊ ဟုတ်ပြီလား”





“ဟုတ်ကဲ့ ဆရာမ၊ ကျွန်မတို့သုံးယောက်စလုံး ကျောင်းထဲကို ခိုးဝင်လာတယ်ဆိုတာ မှန်ပါတယ် ဆရာမ၊ ဒါပေမဲ့ ဘာတစ်ခုမှ ဖျက်ဆီးပြီး ဖောက်ထွင်းဝင်လာတာမဟုတ်ဘူး၊ ပြတင်းတံခါးတစ်ချပ် ပွင့်နေတာနဲ့ ကျွန်မတို့ ကျော်ဝင်လာကြတာ”

“ဘာဖြစ်လို့ ကျော်ဝင်လာရတာလဲ၊ တကယ်ဆို မင်းတို့က အိမ်မှာပဲရှိသင့်တာ၊ ဒီနေရာကို ကျော်ဝင်ပြီး ဘာလုပ်ဖို့လဲ”

ချမ်းမင်းက နှုဖူးပေါ်သို့ ဝဲကျနေသော ဆံပင်တို့ကို သပ်တင်ရင်း ဒေါ်ခင်ကြည်ပြာ၏ စကားကို ပြန်ဖြေလိုက်သည်။

“ဆရာမကို မနက်တုန်းက သရဲရှိတယ်ဆိုတဲ့ အကြောင်း ပြောပြတော့ ဆရာမက မယုံဘူး၊ ဒါနဲ့ ဆရာမကို သက်သေပြရအောင် ကျွန်တော်တို့ ဒီနေရာမှာ သရဲလာရှာကြတာ”

ဒေါ်ခင်ကြည်ပြာက ချမ်းမင်းစကားကို မျက်မှောင်ကြုတ်နားထောင်ရင်းမှ…

“မင်းတို့ပြောတာကို မယုံဘူးဆိုတာက အင်း… ဘယ်လိုပြောရမလဲ၊ သရဲတစ္ဆေတွေ ဘာတွေဆိုတာက ယုံတမ်းစကားသာသာလောက်ပဲရှိတာ၊ တကယ်



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်ဆိုတာ သက်သေပြဖို့ခက်တယ်လေ...”

ချမ်းမင်းက...

“သရဲကို ကျွန်တော်ရယ်၊ နေနေရယ် နှစ်ယောက်စလုံး တွေ့လာခဲ့ကြတာ၊ နောက်ခံပန်းချီပုံတွေကို ဖျက်ဆီးပစ်လိုက်တာလည်း သူပဲ၊ အစမ်းလေ့ကျင့်တဲ့နေ့က မျက်နှာကြက်ကနေ ခိုဆင်းလာတာလည်း သူပဲ ဆရာမ”

“ဒါကို ဆရာမက ဘယ်လိုယုံရမှာလဲ”

“ကျွန်မတို့ သုံးယောက်စလုံး ဇာတ်ရုံထဲကို လာတာ သရဲရှာဖို့သက်သက်ပဲ ဆရာမ”

“ကဲ...ဒါဆို အဲဒီသရဲကို မင်းတို့က ဘယ်နားမှာ သွားရှာကြမှာလဲ”

“ဇာတ်ခုံအောက်ဘက်က မြေအောက်ခန်းထဲမှာ”

ချမ်းမင်းစကားကြောင့် ဒေါ်ခင်ကြည်ပြာ မျက်လုံးပြူးသွားပြီး...

“ဒါဆို မင်းတို့က အံ့ဝှက်စင်နဲ့ အောက်ကို ဆင်းကြမလို့ပေါ့ ဟုတ်လား”

ကျွန်မက ခေါင်းညိတ်ပြလိုက်ပြီး...

“တကယ်လို့ သွားရှာဖြစ်ရင်တော့ သုံးချင် သုံးမိမှာ”

“ဘာ...အံ့ဝှက်စင်ကို သုံးချင်သုံးမိမှာ ဟုတ်လား၊ မင်းတို့အားလုံးကို အံ့ဝှက်စင်နဲ့ ဝေးဝေးနေကြဖို့ ဆရာမ သေသေချာချာ မှာထားတယ်လေ”

“သိပါတယ်ဆရာမ၊ ဒါပေမဲ့...”

လှိုင်ဘွားက ဝမ်းနည်းတုန်ယင်စွာဖြင့်...

“ဒီနောက်ခံပုံတွေကို ကျွန်တော်ကိုယ်တိုင် ကြိုးကြိုးစားစားဆွဲထားတာပါ ဆရာမ၊ ဒါ ကျောင်းအတွက် ကျွန်တော် ပထမဆုံးလုပ်ပေးခွင့်ရတဲ့ဥစ္စာပဲ၊ အကောင်းဆုံးဖြစ်စေချင်တာပေါ့ ဆရာမရယ်၊ ဒါတွေကို ကျွန်တော်ကိုယ်တိုင် ဖျက်ဆီးပစ်ဖို့ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ”

ဒေါ်ခင်ကြည်ပြာက လှိုင်ဘွား၏စကားကြောင့် တွေဝေသွားပြီး သုံးဦးစလုံး၏ မျက်နှာတွေကို အသေးစိတ် ကြည့်လိုက်သည်။ ထို့နောက် သူမ၏မျက်လုံးတွေက တစ်နေရာအရောက်မှာတော့ ပြူးကျယ်သွားပြန်သည်။

“ငါ့ပိုင်နက်နဲ့ ဝေးဝေးနေ”

ဒေါ်ခင်ကြည်ပြာက ထိုမညီမညာရေးထားသော စာတန်းကို အကြာကြီး ငေးစိုက်ကြည့်နေ၏။ ခဏလောက်ကြာတော့







www.burmeseclassic.com

www.burmeseclassic.com



ချမ်းမင်းဘက်သို့လှည့်ကာ လေသံခပ်တိုးတိုးဖြင့်ပြော၏။

"ဆရာမ မင်းတို့ကို ယုံပါပြီကွယ်၊ ဒါပေမဲ့ သဲသဲကွဲကွဲတော့ မသိရသေးဘူး"

ဒေါ်ခင်ကြည်ပြာက လက်ဆွဲအိတ်ကို ရှေ့သို့ချထားလိုက်ရင်း ဆက်ပြောလိုက်သည်။

"ဆရာမက မင်းတို့ရဲ့ သချ်ာအဖြေလွှာတွေ ကျန်ခဲ့လို့ ပြန်လာယူတာ၊ ဓာတ်ရုံရှေ့နားရောက်တော့ အသံတွေကြားတာနဲ့ ဝင်လာကြည့်တော့ မင်းတို့ကို တွေ့လိုက်ရတာပဲ၊ ဘာပဲဖြစ်ဖြစ် မင်းတို့ နောက်ခံ ပန်းချီကားတွေကို မဖျက်ဆီးပစ်ဘူးဆိုတာ ဆရာမ ယုံကြည်ပေးနိုင်ပါတယ်၊ ပြီးတော့ ဒီကိစ္စကို ကျောင်းအုပ်ကြီးကို အသိပေးသင့် မပေးသင့်ဆိုတာ ဆရာမ စဉ်းစားလိုက်ဦးမယ်၊ အသိပေးလိုက်မယ်ဆိုရင် အနည်းဆုံးတော့ နှောင့်ယှက်နေတဲ့လူကို ရှာပေးနိုင်တာပေါ့၊ ကဲ...ကဲ...နောက်ကျနေပြီ၊ အိမ်ပြန်ကြစို့"

ဒေါ်ခင်ကြည်ပြာက လက်ဆွဲအိတ်ကို ကောက်ယူလိုက်ပြီး ဓာတ်ရုံအပြင်ဘက်သို့ လျှောက်သွား၏။ ကျွန်မတို့အားလုံး သူမ နောက်မှ လိုက်လာခဲ့ကြသည်။ စင်္ကြံလမ်းနားအရောက်တွင် ဒေါ်ခင်ကြည်ပြာက မီးခလုတ်တစ်ခုကို ဖွင့်လိုက်သည်။ မီး





အလင်းရောင်ကြောင့် လမ်းကို ရှင်းလင်းသဲကွဲစွာ မြင်ရလေသည်။ ထို့နောက် လမ်းအနည်းငယ်လျှောက်လိုက်မိချိန်မှာတော့ အားလုံး ခြေလှမ်းတွေ တုံ့ခနဲဖြစ်သွားကြ၏။

ခန်းမဆောင် ကြမ်းပြင်ပေါ်တွင် အနီရောင်ဆေးစက်တွေကို တွေ့လိုက်ရသောကြောင့်ပင် ဖြစ်သည်။ ဒေါ်ခင်ကြည်ပြာက...

"ကဲ...ဒီမှာကြည့်ကြစမ်း၊ ပန်းချီပုံတွေကို ဆေးသုတ်သွားတဲ့လူဆီကနေ ကျန်ခဲ့တဲ့ လက်စလက်နတွေပဲ ဖြစ်ရမယ်"

ဟု ပြောလိုက်ပြီး နောက်ထပ်မီးတွေကို ထပ်ဖွင့်လိုက်လေသည်။

ကျွန်မတို့အားလုံး ဆေးစက်တွေကို မျက်စိတဆုံး ကြည့်လိုက်မိသည်။ ဆေးစက်တွေက ခန်းမဆောင် အောက်ဘက်သို့။ ထို့အပြင် နောက်ထပ် ဖိနပ်ရာတစ်ခုကိုပါ ဆေးစက်တွေကြားမှာပင် တွေ့လိုက်ရသည်။ ချမ်းမင်းက ကျွန်မအနားသို့ ကပ်လာပြီး ခပ်တိုးတိုးပြောလိုက်သည်။

"ဆေးစက်တွေနဲ့ ခြေရာက မတော်တဆကျန်ခဲ့တာ မဟုတ်လောက်ဘူး၊ ဒါ တစ်ယောက်ယောက်က သူ့နောက်ကို လိုက်လာနိုင်အောင် တမင်ချန်ထားခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပဲဖြစ်ဖြစ် ပျော်စရာကြီးပဲ၊ ဒါမှ တို့ရဲ့ ပန်းချီကားတွေကို ဖျက်ဆီးသွားတဲ့လူကို ရှာနိုင်မှာပေါ့"

"နင်ဆိုလိုတာက သရဲက သဘောကောင်းပြီး သဲလွန်စချန်ခဲ့တာလို့ ထင်နေတယ်ပေါ့ ဟုတ်လား"

ကျွန်မ ပြန်မဖြေခင်မှာပင် လှိုင်ဘွားက...

"အနည်းဆုံး ဒေါ်ခင်ကြည်ပြာကို သက်သေပြနိုင်တာပေါ့"

နောက်ထပ် ထောင့်ချိုးတစ်ခုကို တွေ့လိုက်မိချိန်မှာတော့ ဆေးစက်တို့က ရုတ်ခြည်း အဆုံးသတ်သွားသည်။ ထိုနေရာကား သံဗီရို (Locker)တွေ ထားရှိရာအခန်းပင် ဖြစ်တော့သည်။ ဆေးစက်တွေ နောက်ဆုံး အဆုံးသတ်သွားသည့်နေရာကို ကြည့်လိုက်မိချိန်မှာတော့ ချမ်းမင်းဆီမှ အလန့်တကြားအော်ဟစ်ရေရွတ်လိုက်သံကို ကြားလိုက်ရလေသည်။

"ဟာ...ဒါ ငါ့ရဲ့ဗီရိုပဲ"

■



## အခန်း ( ၁၇ )

ထိုအခိုက်အတန့်အတွင်း မည်သူမှ စကားမပြောမိကြချေ။ ချမ်းမင်း၏ အသက်ရှူသံပြင်းပြင်းကိုသာ ကြားနေရသည်။ ကျွန်မ ချမ်းမင်းဘက်သို့ လှည့်ကြည့်လိုက်၏။ ချမ်းမင်းက locker ကိုသာ ငေးစိုက်ကြည့်နေသည်။

ဒေါ်ခင်ကြည်ပြာက အံကိုတင်းတင်းကြိတ်လျက်...

"မင်းရဲ့ locker တံခါးကို ဖွင့်လိုက်စမ်း ချမ်းမင်း"

ချမ်းမင်းက ဒေါ်ခင်ကြည်ပြာ ပြောလိုက်သည်ကို နားမလည်သည့်ပုံဖြင့် ကြည့်နေ၏။ ဒေါ်ခင်ကြည်ပြာက ဒေါသထွက်သွားပြီး...

"ချမ်းမင်း locker တံခါးကိုဖွင့်ဖို့ ပြောနေတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ချမ်းမင်းက ခဏလောက် တွေဝေနေပြီး…

"အထဲမှာ ဘာမှမရှိဘူး ဆရာမ၊ စာအုပ်တွေပဲ ဖိသိပ်ထည့်ထားတာ"

ဒေါ်ခင်ကြည်ပြာက ချမ်းမင်းစကားကို အယုံအကြည်ကင်းမဲ့သလို ရယ်လိုက်ပြီး–

"ကျေးဇူးတင်ပါတယ် ချမ်းမင်း၊ ဒါပေမဲ့ မင်း သိပ်နောက်ကျသွားပြီ"

"တစ်ယောက်ယောက်က ကျွန်တော့်ကို ချောက်ချချင်လို့ လုပ်တာဖြစ်လိမ့်မယ်"

ချမ်းမင်းက တီးတိုးရေရွတ်လိုက်ပြီး တုန်ယင်နေသော လက်နှစ်ဖက်ဖြင့် သော့ကိုဖွင့်ဖို့ ကြိုးစားလိုက်သည်။ သော့က ကျပ်နေပြီး ချက်ချင်းဖွင့်လို့မရ။ ချမ်းမင်းက ခန္ဓာကိုယ်ကို ရှေ့သို့ အနည်းငယ်ကိုင်းချလိုက်ပြီး အားစိုက်ကာ ဖွင့်လိုက်သည်။

"ကလစ်"

သော့က ပွင့်သွားလေသည်။

ထို့နောက် ချမ်းမင်းက locker တံခါးကို တဖြည်းဖြည်းချင်း ဆွဲဖွင့်လိုက်သည်။ အားလုံးက ခေါင်းချင်းတိုက်မတတ်ပင် locker ထဲသို့ ငုံ့ကြည့်လိုက်၏။ ထိုအချိန်မှာပင် တွေ့လိုက်ရသည်က…





အနီရောင်ဆေးဘူးတစ်ဘူး။

ဘေးနားတွင် ကပျာကယာရေးထားသော စာလုံးအချို့။

ချမ်းမင်းက ချက်ချင်းပင် ထအော်လိုက်သည်။

"ဒါ ကျွန်တော့်ဟာ မဟုတ်ဘူး"

ထိုစကားကို ဒေါ်ခင်ကြည်ပြာက ခေါင်းခါပြလိုက်ပြီး…

"စိတ်မကောင်းပါဘူး ချမ်းမင်း၊ မနက်ဖြန် မင်း မိဘတွေကိုခေါ်ပြီး မင်းကို ကျောင်းပြဇာတ်ထဲကနေ ထုတ်ပစ်လိုက်ပြီဆိုတဲ့အကြောင်း ပြောရလိမ့်မယ်"

ချမ်းမင်းက ဒေါ်ခင်ကြည်ပြာစကားကို အော်ဟစ် ငြင်းဆန်လိုက်သည်။

"ဆရာမ ဒါ ကျွန်တော့်ပစ္စည်းမဟုတ်ဘူး၊ တကယ်ပြောတာပါ ဆရာမ၊ ကျွန်တော့်ဟာ မဟုတ်ဘူး"

ဒေါ်ခင်ကြည်ပြာက ခေါင်းကိုသာ တွင်တွင်ခါယမ်းနေလေတော့သည်။ ချမ်းမင်းက ဒေါသတကြီးဖြင့် တံခါးကို ဂျိန်းခနဲမြည်အောင် ဆောင့်ပိတ်လိုက်သည်။ ထိုအသံက ခန်းမဆောင်တစ်ခုလုံး ဟိန်းထွက်သွားလေသည်။ ဒေါ်ခင်ကြည်ပြာက ချမ်းမင်းကို ပို၍ဒေါသထွက်သွားပြီး ချမ်းမင်းကို တစ်ခုခုလုပ်တော့မည့်ပုံစံမျိုးဖြင့် ကြည့်လိုက်လေသည်။ ထို့နောက် ဒေါ်ခင်ကြည်



www.burmeseclassic.com

www.burmeseclassic.com



ပြာက ဒေါ်သက်ကိုထိန်းလိုက်ဟန်ဖြင့် ကျွန်မတို့ဘက်သို့လှည့်ပြီး…

"မင်းတို့နှစ်ယောက်လည်း ဒီကိစ္စမှာ ပါတယ်ဆိုတာ ဆရာမ စုံစမ်းလို့သိရရင် မင်းတို့မိဘတွေကို ခေါ်ပြီး မင်းတို့ကိုပါ ကျောင်းပြဓာတ်ကနေ ထုတ်ပစ်ရလိမ့်မယ်၊ ဟုတ်ပြီလား"

ချမ်းမင်းကတော့ ကြက်ကို လည်လိမ်ချိုးထားသလိုမျိုး ခေါင်းငိုက်စိုက်ကျလျက်…

"ကဲ…အခု မင်းတို့အားလုံး အိမ်ပြန်ကြတော့"

ထိုသို့ပြောပြီးနောက် ဒေါ်ခင်ကြည်ပြာက မည်သည့်စကားမှ ထပ်မပြောတော့ပဲ ခြေလှမ်းကျဲကျဲဖြင့် အပြင်ဘက်သို့ ထွက်သွားလေတော့သည်။ အားလုံး အပြင်ဘက်ရောက်ချိန်မှာတော့…

မီးခိုးရောင်တိမ်တွေက လကို တစ်ဝက်တစ်ပျက် ဖုံးကွယ်ထားလေပြီ။ ထိုတိမ်တွေကပင် လမင်း၏ရှေ့ဘက်မှ တစ္ဆေတစ်ကောင် လွင့်ပျံနေသလိုမျိုး ရွေ့လျားနေသည်။ လေကလည်း စိမ့်ခနဲ ဖြတ်တိုက်သွားလေသည်။ အကျီစတွေပင် လေထဲလွင့်ဝဲသွား၏။

ချမ်းမင်းက…

"ဒေါ်ခင်ကြည်ပြာပြောတာကို နင်တို့ ယုံကြသလား"





ကျွန်မ ခေါင်းခါပြလိုက်သည်။ ချမ်းမင်းကိုလည်း သနားသွားမိ၏။ ချမ်းမင်းကတော့ စိတ်ရှုပ်ထွေးစွာဖြင့် အဝေးတစ်နေရာသို့ ကြည့်နေလေ၏။ နင့်မိဘတွေကို ဒေါ်ခင်ကြည်ပြာခေါ်ပြောတဲ့အချိန်ကျရင် နင် ပိုပြီး စိတ်ညစ်ရဦးမယ်ဟု စာနာစွာ တွေးလိုက်မိသည်။

လှိုင်ဘွားက ချမ်းမင်းကို မေးလိုက်သည်။

"မင်းရဲ့ locker ထဲကို ဒီဆေးဘူးက ဘယ်လိုလုပ် ရောက်နေတာလဲ"

ချမ်းမင်းက ခပ်ဆတ်ဆတ်ပင်

"ငါဘယ်လိုလုပ်သိမှာလဲ"

အပြန်လမ်းတစ်လျှောက်လုံး ချမ်းမင်းက လမ်းပေါ်မှ မြင်မြင်သမျှဘူးခွံတွေကို ကန်ကျောက်လာခဲ့သည်။ ထို့နောက် အသီးသီး နှုတ်ဆက်ပြီး လမ်းခွဲလာခဲ့လေသည်။ ကျွန်မ အိမ်အပြန်လမ်းတစ်လျှောက်လုံး ချမ်းမင်းအကြောင်းကို စဉ်းစားလာခဲ့၏။ ထိုစဉ်မှာပင် အမှောင်ထဲမှ မီးအလင်းရောင်တစ်ခုကို သက်ခနဲ တွေ့လိုက်ရသည်။ အလင်းရောင်က တဖြည်းဖြည်းနှင့် ကြီးသည်ထက် ကြီးလာလေ၏။ စက်ဘီးမီးရောင် ဖြစ်မည်ဟု တွေးလိုက်မိသည်။ ထိုမီးရောင်အနားသို့ ရောက်လာချိန်မှာတော့ ကျွန်မ အံ့အားသင့်သွားပြီး ပြောလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"နဒီဆွေ၊ နင် ဒီမှာဘာလုပ်နေတာလဲ"

နဒီဆွေက စက်ဘီးကို ကျွိခနဲမြည်အောင် ရပ်လိုက်ပြီး…

"နေနေမြင့်မိုရ်ပါလား၊ နင်ရော ဒီမှာ ဘာလုပ်နေတာလဲ"

ထိုစကားကြောင့်…

ခုနက သူ ကျောင်းထဲမှာရှိနေလားမသိဘူး?

အခုရော သူ ကျောင်းထဲကနေ ပြန်လာတာလားမသိဘူး?

ခေါင်းထဲတွင် အတွေးတွေဖြင့် လေးလံလာသည်။ ထို့နောက် နဒီဆွေ့ကို မေးလိုက်သည်။

"နင်ဘယ်ကပြန်လာတာလဲ"

"ငါ သူငယ်ချင်းတစ်ယောက်ဆီက ပြန်လာတာ"

နဒီဆွေက ထူးထူးဆန်းဆန်းပင် ပြုံးလိုက်ပြီး ကျွန်မကို ကြည့်နေလေ၏။

"ခုနက နင် ကျောင်းထဲမှာရှိနေခဲ့လား"

"မရှိပါဘူး…မရှိပါဘူး…"

နဒီဆွေက ပြောပြီးပြီးချင်း စက်ဘီးပေါ်သို့ ပြန်တက်လိုက်ပြီး…

"အကျႌစစ်ကို အပေါ်ကို ဆွဲတင်ထားတာ





အကောင်းဆုံးပဲ နေနေမြင့်မိုရ်၊ တော်ကြာ အအေးမိလို့ ပြဇာတ်ထဲမပါရဘဲနေဦးမယ်"

ဟု ရိသဲ့သဲ့ပြောလိုက်ကာ ထွက်သွားလေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၈ )

စနေနေ့ တစ်နေ့လုံး ကဇာတ်ရုံထဲတွင် ကျွန်မတို့ ပြဇာတ်အတွက် အစမ်းလေ့ကျင့်နေကြ၏။ ပြဇာတ်ကမည့်ရက်က တစ်ပတ်လောက်သာ လိုတော့သည်။ အားလုံးက စိတ်ပါဝင်စားစွာ လေ့ကျင့်ကြသည့်အတွက် အရာရာအားလုံး ချောချောမွေ့မွေ့ပင်။

ချမ်းမင်း၏အစား ဘုန်းမင်းခန့်က ဝင်သရုပ်ဆောင်လေ၏။ ဘုန်းမင်းခန့်က တည်တည်တန့်တန့် နေတတ်သည်။ နည်းနည်းပါးပါး နောက်ပြောင်သည်ကိုပင် မကြိုက်။

နေ့လယ်စာစားပြီးနောက်...

ဘုန်းမင်းခန့်နှင့် အိမ်ဖြူစင်တို့ ဇာတ်ဝင်ခန်းတစ်ခန်းကို နှစ်ယောက်အတူ လေ့ကျင့်နေကြသည်။ ဒေါ်ခင်ကြည်ပြာကတော့ နေ့လယ်စာ သွားစားရာမှပင် ပြန်မရောက်သေး။ ကျွန်မက





လှိုင်ဘွားဆီသို့ ထွက်လာခဲ့မိသည်။ လှိုင်ဘွားက စုတ်တံတစ်ချောင်းဖြင့် အလုပ်ရှုပ်နေလေ၏။ ကျွန်မက သူ့နောက်ကျောဘက်တွင်ရပ်ရင်း ပြောလိုက်သည်။

“ကောင်းလိုက်တဲ့ပုံတွေ”

လှိုင်ဘွားက ကျွန်မကိုပင် လှည့်မကြည့်။ ဆေးရောင် မဖြည့်ရသေးသည့် နေရာတွေကို ဆေးရောင်လိုက်ဖြည့်ရင်း ပြောလိုက်သည်။

“ဘယ်လိုလဲ ကြည့်ကောင်းလား”

“ကောင်းပါတယ်”

ဇာတ်ခုံပေါ် လှမ်းကြည့်လိုက်တော့ နဒီဆွေက စက္ကူတွေကို ကော်ဖြင့် လိုက်ကပ်နေသည်။ လှိုင်ဘွားက မေးစေ့တွင် ပေနေသော ဆေးတွေကို ပွတ်သပ်ဖယ်ရှားရင်း...

“ဘုန်းမင်းခန့်က တစ္ဆေလို သရုပ်ဆောင်တာ ကောင်းလား”

“အေး...ကောင်းပါတယ်၊ ဒါပေမဲ့ ချမ်းမင်းဆိုရင်တော့ ပိုကောင်းမှာပေါ့ဟယ်”

လှိုင်ဘွားက...

“နင်တစ်ခုသတိထားမိလား၊ ချမ်းမင်းမရှိတဲ့နောက်ပိုင်းကျမှ ဘာတစ္ဆေသရဲမှလည်း တို့ကို လာ



www.burmeseclassic.com

www.burmeseclassic.com



မခြောက်တော့ဘူး၊ ဘယ်ပန်းချီကားမှလည်း မပျက်စီးတော့ဘူး၊ နံရံတွေပေါ်မှာလည်း ဘာစာမှ ရေးမထားတော့ဘူး၊ အားလုံးက အနှောင့်အယှက်မရှိ အဆင်ပြေပြေပဲ”

လှိုင်ဘွားစကားကို စဉ်းစားကြည့်လိုက်တော့ သူပြောတာမှန်နေသည်။ ချမ်းမင်း မရှိတော့ကတည်းက ဘာတစ္ဆေသရဲ အရိပ်အယောင်မှ မတွေ့ရ။ လုံးဝကို ပျောက်ကွယ်သွားလေ၏။ ဒါဆို ချမ်းမင်းက တကယ်ပဲ သရဲယောင်ဆောင်ခဲ့တာလား၊ ကျန်တဲ့အဖြစ်အပျက်တွေကလည်း ချမ်းမင်း လုပ်ကြံဖန်တီးခဲ့တာလား...။

ထိုအချိန်မှာပင် လှိုင်ဘွားက...

“ချမ်းမင်းရဲ့မိဘတွေကို ဒေါ်ခင်ကြည်ပြာ ခေါ်ပြောတော့ သူတို့တွေ တော်တော်ရှက်သွားကြမှာပဲနော်၊ ပြီးတော့ ချမ်းမင်းရော အပြစ်ပေးခံရလား မသိဘူးနော်”

“အပေးခံရတာပေါ့၊ သူ့ကို အိမ်ထဲက အိမ်ပြင်လည်း ပေးမထွက်တော့ဘူး၊ သရဲကားတွေ ကြည့်မှာစိုးလို့လည်း သူ့အခန်းထဲမှာ တီဗွီတွေ၊ အောက်စက်တွေ မထားပေးတော့ဘူး၊ သူ အခု ဘာသရဲကားမှ





မကြည့်ရတော့ဘူး”

ယင်းအချိန်မှာပင် ဒေါ်ခင်ကြည်ပြာ ပြန်ဝင်လာပြီး အခန်း(၂)ကို လေ့ကျင့်ဖို့ လှမ်းပြော၏။ ကျွန်မက လှိုင်ဘွားကို နှုတ်ဆက်ပြီး ဇာတ်ခုံဘက်သို့ ပြန်လျှောက်လာခဲ့သည်။ အခန်း(၂)တွင်လည်း ကျွန်မ သရုပ်ဆောင်ရမည့်နေရာက တော်တော်များများ ပါ၏။

ကျွန်မက ဇာတ်ခုံပေါ်တက်သွားပြီး ဘုန်းမင်းခန့်ဘေးနားတွင်ပင် ရပ်လိုက်သည်။ ဒေါ်ခင်ကြည်ပြာက စားပွဲပေါ်မှ ဇာတ်ညွှန်းစာရွက်များကို ကောက်ယူပြီး လှန်လိုက်၏။ မရှေးမနှောင်းမှာပင် သူမဆီမှ ကြိမ်းမောင်းသံကို ကြားလိုက်ရလေ၏။

“ဒါဘယ်သူနှောက်တာလဲ”

“ဘာဖြစ်လို့လဲ ဆရာမ”

ဘုန်းမင်းခန့်က မေးလိုက်သည်။ ဒေါ်ခင်ကြည်ပြာက...

“ဆရာမရဲ့ ဇာတ်ညွှန်းစာရွက်တွေအားလုံးကို လှန်လို့မရအောင် ကော်တွေနဲ့ ကပ်ထားတယ်”

ပြောပြောဆိုဆိုနှင့် ဒေါ်ခင်ကြည်ပြာက ဇာတ်ညွှန်းစာရွက်တွေကို ကျောင်းသားတွေဘက်သို့ ထောင်ပြလိုက်သည်။ စာရွက်တွေအားလုံးက ကော်တွေဖြင့် ပူးကပ်နေကြ၏။ ဒေါ်ခင်ကြည်ပြာက ဒေါသတကြီးဖြင့် ဇာတ်ညွှန်းစာရွက်များကို နံရံသို့ ပစ်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်လိုက်ပြီး...

"အားလုံး အိမ်ပြန်တော့...၊ ဒီနေ့ အစမ်း လေ့ကျင့်တာကို ဖျက်တယ်"

■



အခန်း ( ၁၉ )

"နောက်တော့ ဒေါ်ခင်ကြည်ပြာက စိတ်ပြောင်း သွားသေးလား"

ကျွန်မက ချမ်းမင်း၏စကားကို ခေါင်းညိတ်ပြလိုက်ပြီး...

"အေး...နည်းနည်းကြာတော့ ပြန်လေ့ကျင့်ဖို့ ပြောတယ်၊ ဒါပေမဲ့ ဆရာမက တစ်နေ့လုံး မရှင် မလန်းနဲ့ စိတ်လည်းမပါတော့ဘူး"

"ငါသာရှိရင် အနည်းဆုံး အစွပ်စွဲခံရဦးမှာ"

ချမ်းမင်းက မကျေမချမ်း ရေရွတ်လိုက်ပြီး လက်ထဲမှ ရော်ဘာဘောလုံးကို ပြတင်းပေါက်အပြင်ဘက်သို့ ပစ်လိုက်၏။ ချမ်းမင်း၏ ခွေးကလေး ရန်လုံက အပြင်ဘက်သို့ ခုန်ပေါက် ပြေးလွှားသွားပြီး ဘောလုံးလေးကို ကိုက်ချီလာခဲ့သည်။ သို့



www.burmeseclassic.com

www.burmeseclassic.com



နောက် ရန်လုံက လှိုင်ဘွားကိုကြည့်လိုက်ပြီး ဒေါသတကြီး ဟောင်နေလေတော့သည်။ ချမ်းမင်းက ရယ်မောလိုက်ပြီး...

“ရန်လုံက မင်းကို သိပ်မကြည့်ဘူးနဲ့တူတယ် လှိုင်ဘွားရ”

ဟု ပြောလိုက်ပြီး ဘောလုံးကို နောက်တစ်ကြိမ် အိမ်အပြင်သို့ ပစ်ထုတ်လိုက်၏။ ရန်လုံက ဒီတစ်ခါတော့ အရေးပင်မစိုက်တော့။ လှိုင်ဘွားကိုသာ ဟောင်နေလေတော့သည်။ လှိုင်ဘွားက ရန်လုံ့အနီးသို့ တိုးကပ်သွားပြီး ထိုင်ချလိုက်ကာ...

“ရန်လုံ...ဘာလို့ ဒီလောက် ဒေါသတကြီး ဟောင်နေရတာလဲ၊ ငါက လူကောင်းပါကွ”

ရန်လုံက လှိုင်ဘွားကို အနားအကပ်မခံပဲ အပြင်သို့ ပြေးထွက်သွားသည်။ ချမ်းမင်းကတော့ ထိုင်ခုံပေါ်မှာပြန်ထိုင်ရင်း...

“ငါ့ကို ကျောင်းမှာ ချောက်ချတဲ့လူ တစ်ယောက်ယောက် ရှိလိမ့်မယ်၊ အဲဒီလူ ဘယ်သူလဲဆိုတာ ငါသိချင်တယ်၊ အခု ငါ့မိဘတွေကရော ဒေါ်ခင်ကြည်ပြာကရော ငါ့ကို သရဲလိုဟန်ဆောင်ပြီး ပြဇာတ်မကဖြစ်အောင် လိုက်ခြောက်နေတဲ့ကောင်လို့ ထင်နေကြတယ်၊ အားလုံးကလည်း ငါပဲလို့ ထင်နေကြတယ်၊ တကယ်တော့ ငါမဟုတ်ဘူး၊ တခြား တစ်





ယောက်ယောက် ဖြစ်လိမ့်မယ်၊ ဒါမှမဟုတ် တကယ့်သရဲအစစ် ဖြစ်ချင်ဖြစ်မယ်”

“ချမ်းမင်းရယ်၊ နင်က ဘုန်းမင်းခန့်ထက်စာရင် သရုပ်ဆောင်တာ ပိုကောင်းပါတယ်၊ အခုဆို ပြဇာတ်က,မယ့်ရက်က တစ်ပတ်လောက်ပဲ လိုတော့တယ်၊ ဘုန်းမင်းခန့်က ပြောရမယ့်ဒိုင်ယာလော့တွေကို အကုန်မရသေးဘူး၊ အခုတောင် သူ တော်တော်စိတ်ပျက်နေပြီ”

ကျွန်မက ချမ်းမင်းကို အားပေးစကားပြောလိုက်သည်။ ချမ်းမင်းက...

“ငါလောင်းရဲတယ်၊ ငါသာ တရားခံမဟုတ်ကြောင်း သက်သေပြနိုင်ရင် ဒေါ်ခင်ကြည်ပြာက ငါ့ကို ပြဇာတ်မှာ သရုပ်ဆောင်ခွင့် ပြန်ပေးလိမ့်မယ်”

ထိုစကားကို ကြားလိုက်ရသောကြောင့် လှိုင်ဘွားနှင့် ကျွန်မ စိုးရိမ်သွားမိသည်။ ချမ်းမင်း ဘာလုပ်တော့မည်ဆိုတာ စိတ်ထဲက ကြိုသိလိုက်သည်။ ထင်သည့်အတိုင်းပင် ချမ်းမင်းက...

“ကျောင်းကိုသွားကြစို့၊ သရဲ တကယ်ရှိတယ်ဆိုတဲ့ အထောက်အထားကိုရှာပြီး ငါသရုပ်ဆောင်နေရာကို ပြန်ယူမယ်”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ချမ်းမင်းကို အလန့်တကြား ခေါင်းခါပြလိုက်ပြီး…

“ဟင့်အင်း…မဖြစ်နိုင်ဘူးထင်တယ်”

လှိုင်ဘွားကလည်း…

“ဒါပေမဲ့ ချမ်းမင်း၊ မင်းအဖေက မင်းကို အိမ်အပြင် မထွက်ရဘူးလို့ မှာထားတယ်လေ”

ချမ်းမင်းက ဘယ်လိုမှ ပြောလို့မရတော့ပေ။ စိတ်အားထက်သန်စွာဖြင့်…

“တကယ်လို့ ငါသာ သရဲရှိတယ်ဆိုတာကို ရှာတွေ့ခဲ့ရင် ငါ့မိဘတွေက ငါ့ကို အပြစ်ကနေ ခွင့်လွှတ်ပေးကြမှာပဲ၊ ကဲ…လာကြစမ်းပါ၊ နောက်တစ်ခေါက်လောက် ကြိုးစားကြည့်ကြတာပေါ့”

ကျွန်မက ချမ်းမင်းကို ရင်မောစွာ ကြည့်လိုက်မိသည်။ ကျောင်းထဲကို နောက်တစ်ကြိမ် ခိုးဝင်ဖို့ဆိုသည့် အကြံအစည်က သိပ်မကောင်းဟု ကျွန်မထင်သည်။ လှိုင်ဘွားလည်း ချမ်းမင်းကို စိတ်ပျက်သွားပုံရသည်။ သို့သော် စိတ်အားထက်သန်စွာ ပြောနေသည့် ချမ်းမင်း၏စကားကို ကန့်ကွက်ရန် ကျွန်မမှာ အင်အားမရှိ။

* * *





ညက အနည်းငယ်ပူလောင်နေသည့်တိုင် ကျွန်မကတော့ ချမ်းစိမ့်စိမ့်ဖြစ်နေ၏။ ကျွန်မတို့ ကျောင်းဘက်သို့ ဦးတည်ထွက်လာခဲ့သည်။ လမ်းလျှောက်လာရင်းကပင် အရိပ်လိုလို သဏ္ဌာန်တစ်ခုက တွယ်ကပ်ပါလာသည်ဟု ကျွန်မ ထင်မိ၏။ ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

ထိုအရိပ်က မရှိတော့။ ပျောက်ကွယ်သွားလေသည်။

ရင်ဘတ်ထဲမှ နှလုံးခုန်သံကလည်း တဒိတ်ဒိတ်နှင့် ခုတ်မောင်းနေသော စက်တစ်ခုလိုပင်။ ကျွန်မ အိမ်သို့ မြန်မြန်ပြန်ရောက်ချင်နေပြီး မောင်လေးဖိုးလပြည့်နှင့်သာ တီဗွီထိုင်ကြည့်နေချင်မိသည်။ ကျွန်မ ရင်မောစွာပင် သက်ပြင်းချလိုက်မိသည်။

ကျောင်းတံခါးမကြီးကို အချိန်ကုန်ခံပြီး ဖွင့်မနေတော့။ အုတ်တံတိုင်းပေါ်ကသာ ကျော်တက်လာခဲ့သည်။ နောက်တစ်ကြိမ် မှောင်မိုက်နေသည့် ကဇာတ်ရုံ ခန်းမဆောင်ထဲသို့ ပြန်ရောက်လာခဲ့ပြန်ပြီ။ ချမ်းမင်းက ဓာတ်မီးတစ်ယောက်တစ်လက် လိုက်ပေးသည်။ ထိုဓာတ်မီးတွေကို သူ အိမ်က ဘယ်အချိန် ယူလာသလဲမသိ။ ချမ်းမင်းက မီးခလုတ်တစ်ခုကို လိုက်ရှာပြီး ဖွင့်လိုက်သည်။

မီးရောင် မှိန်ဖျော့ဖျော့အောက်တွင် ဇာတ်ခုံကို မသဲမကွဲ တွေ့လိုက်ရသည်။ ထိုမီးရောင်ကြောင့် ဇာတ်ခုံပေါ်မှ နောက်ခံ



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီကားများက အသက်ဝင်လာသည့်နှယ်။ ချောက်ချားစရာ ကောင်းနေ၏။

အရိပ်တွေသည်ပင် ထိုးထိုးထောင်ထောင် ဖြစ်နေကြလေသည်။

ချမ်းမင်းက စိတ်လှုပ်ရှားစွာ ပြောလိုက်သည်။

"ငါတို့တွေ ဓာတ်ခုံအောက်ဘက်ဆင်းပြီး သရဲ ရှိ,မရှိ သွားရှာကြမယ်"

ထိုစကားသံက ကျွန်မကို ရင်မောစိုးရွံ့သွားစေသည်။ လှိုင်ဘွားကလည်း ကြောက်စိတ်မွှန်ပြီး တွန့်ဆုတ်စွာဖြင့်...

"မင်းတို့နှစ်ယောက် ဆင်းချင်ရင် ဆင်းသွားကြလေ၊ ငါ အပေါ်ကနေပြီး စောင့်ပေးနေမယ်"

ချမ်းမင်းက လှိုင်ဘွား၏စကားကြောင့် ပြုံးလိုက်ပြီး သူ့မျက်နှာကို ဓာတ်မီးဖြင့် လှမ်းထိုးကာ...

"မင်းက အပေါ်ကနေပြီး ဘာကိုစောင့်နေမှာလဲ"

"ဟို...ဟို...ဘာမှမဟုတ်ပါဘူး၊ တစ်ယောက်ယောက် လာတဲ့အခါကျရင် အသိပေးရအောင်လို့ပါ"

"ဘာမှ စောင့်မနေနဲ့၊ အားလုံး အတူတူ အောက်ကို ဆင်းကြမယ်"

ချမ်းမင်း၏စကားကြောင့် လှိုင်ဘွားမျက်နှာ သွေးမရှိတော့





သလို ဖြူရော်သွားလေ၏။ ချမ်းမင်းကပင် ဆက်ပြီး ပြောလိုက်သည်။

"တကယ်လို့ ငါ သရဲနဲ့တွေ့ရင် မင်းတို့ကို သက်သေလုပ်ခိုင်းရအောင်လို့ပါ"

"ဒါပေမဲ့ သရဲဆိုတာ တွေ့ချင်တိုင်း တွေ့လို့ရအောင် ရုံးခန်းဖွင့်ပြီး လိပ်စာကတ်ပေးထားတာမှ မဟုတ်တာ၊ ငါတို့ ဘယ်လိုရှာကြမလဲ"

ချမ်းမင်းက လှိုင်ဘွားကို သရဲဘောကြောင်သည်ဟု ထင်သွားပုံရသည်။

"ငါကတော့ မတွေ့ တွေ့အောင်ရှာမယ်"

လှိုင်ဘွားက စိတ်ပျက်လက်ပျက်ဖြစ်သွားပြီး ခေါင်းကိုသာ တွင်တွင်ခါယမ်းနေတော့၏။ အမှောင်ထဲတွင် ဓာတ်မီးအားကိုးနှင့် စမ်းတဝါးဝါး လျှောက်လာခဲ့ကြသည်။ အံဝှက်စင်နားအရောက်တွင်တော့ လှိုင်ဘွားနှင့် ကျွန်မက အံဝှက်စင်အလယ်သို့ ဦးအောင်တက်လိုက်၏။ ထိုစဉ်မှာပင် ချမ်းမင်းက ဘေးနားသို့ ဝင်ရပ်လိုက်ပြီး ခလုတ်ကို နှိပ်လိုက်လေတော့သည်။

"ဂျိန်း...ဂျိန်း..."

"ကျွီ...ကျွီ..."

ကြားဖူးနေကျအသံတွေကိုပင် ကြားရပြန်လေ၏။ အံဝှက်



www.burmeseclassic.com

www.burmeseclassic.com



စင်ကလည်း အောက်သို့ တဖြည်းဖြည်းပြုအိ ဆင်းလာတော့သည်။ ဓာတ်ခဲ့သည် မြင်ကွင်းထဲမှ ဝေးကွာမှိန်ပျသွား၏။

လေးဘက်လေးတန်တွင် မြေသားနံရံတွေသာ မြင်နေရသည်။ ထိုမြင်ကွင်းကပင် ကျွန်မတို့ကို လူ့လောကနှင့်ဝေးရာဆီသို့ ခေါ်ဆောင်သွားသည်ဟု ထင်ရသည်။

အံဝှက်စင်ကလည်း တဖြည်းဖြည်း ပြုအိဆင်းလာတော့၏။ ရင်ခုန်သံတွေသည်ပင် လှုပ်ရှားရလွန်း၍ လေးတွဲ့လာသည်။

ချမ်းမင်းကတော့ ဟန်ဆောင်ကောင်းစွာဖြင့်ပင် ကြောက်စိတ်ကို ဖုံးဖိထားနိုင်ပုံရသည်။ သိပ်မကြာခင်မှာပင်...

"ကျွီ...ကျွီ..."

"ဂျိန်း..."

"ဒုန်း..."

အံဝှက်စင်က မြေပြင်နှင့်ထိရိုက်ပြီး ရပ်တန့်သွားလေသည်။ ခဏလောက်ကြာသည်အထိ တစ်ယောက်မှ လှုပ်ရှားမှုမရှိ။ အတန်ကြာမှ ချမ်းမင်းက အံဝှက်စင်ပေါ်မှ အောက်သို့ ဆင်းလိုက်ပြီး ဓာတ်မီးဖြင့် လျှောက်ထိုးကြည့်လိုက်သည်။

ရှင်းလင်းတိတ်ဆိတ်နေသည့် မြေအောက်ခန်းတစ်ခု။ လှိုင်ဘွားက ကျွန်မနောက်မှာကွယ်ပြီး ရပ်နေသည်။ သူ့အသက်ရှူသံတွေက ရင်းနှီးနေကျအသံတွေလိုမဟုတ်။





တစ်မျိုးကြီးဖြစ်နေလေ၏။

ထိုအချိန်မှာပင် ချမ်းမင်းက...

"ဟေ့...သရဲဆိုတာ တကယ်ရှိရင် ထွက်လာခဲ့စမ်း၊ ငါ ဒီမှာလေ၊ ဟေ့ကောင်! ငါတို့ကို လာခြောက်လေကွာ၊ ထွက်လာခဲ့စမ်း"

ချမ်းမင်းက သူ့အိမ်မှခွေးလေးရန်လုံကို ခေါ်နေသည့်အလား အော်ခေါ်နေလေသည်။ ကျွန်မက အံဝှက်စင်ပေါ်မှ ဆင်းသွားလိုက်ပြီး ချမ်းမင်းကို စောင့်တွန်းကာ...

"လျှောက်အော်မနေနဲ့ ချမ်းမင်း၊ နင်လုပ်ပုံက နင့်အိမ်က ခွေးကိုခေါ်နေသလိုမျိုးပဲ"

မရေးမနှောင်းမှာပင် လှိုင်ဘွား၏ ကြောက်ရွံ့ထိတ်လန့်နေသံကို ကြားလိုက်ရ၏။ သူ့အသံက တုန်ယင်ထစ်ငေါ့နေ၏။ မီးရောင်မှိန်ပြပြအောက်မှာပင် သွေးပျက်ကြောက်လန့်နေသော လှိုင်ဘွား၏ မျက်နှာကို အထင်းသားတွေ့လိုက်ရလေသည်။

"အောက်...ဘက်...မှာ...ဘယ်သူမှ မရှိဘူး၊ အပေါ်...ကို...ပြန်တက်...ရအောင်"

ထိုစကားကို ချမ်းက ဟက်ခနဲ ရယ်လိုက်ပြီး...

"ဟင့်အင်း...မတက်သေးဘူး၊ မင်းက ငါတို့နောက်ကနေ ဓာတ်မီးထိုးပြီး လိုက်လာခဲ့၊ ဒါမှ



www.burmeseclassic.com

www.burmeseclassic.com



တို့သွားရမယ့်လမ်းကို မြင်ရမှာ”

ထိုသို့ပြောပြီးသည်နှင့် ချမ်းမင်းက မြေအောက်ဥမင်လိုဏ်ခေါင်း လမ်းအတိုင်း လျှောက်သွားလေသည်။ ကျွန်မတို့ သူ့နောက်က လိုက်သွားလိုက်၏။ အနည်းငယ်ကြာသည်အထိ လျှောက်သွားလိုက်ပြီးသောအခါ မမျှော်လင့်ဘဲ အခန်းတစ်ခန်းကို ဘွားခနဲ တွေ့လိုက်ရလေ၏။

ထိုအခန်းက မှောင်မည်းပြီး အေးစက်တိတ်ဆိတ်နေလေ၏။

ကျွန်မ၏ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတွေက အသံထွက်အောင်ပင် တဆတ်ဆတ် တုန်ခါလှုပ်ယမ်းနေ၏။ ချမ်းမင်းကတော့ ကြောက်ရွံ့နေသည့်ပုံစံ လုံးဝမရှိပဲ တည်ငြိမ်စွာပင် ပတ်ဝန်းကျင်ကို စူးစမ်းကြည့်နေလေသည်။

ထိုအခိုက်အတန့်အတွင်းမှာပင် ...

“ဂျိန်း...ကျိ...”

အသံလာရာဘက်သို့ သုံးဦးသား ဆတ်ခနဲကြည့်လိုက်၏။

ဟင်...!

ထိုအာမေဍိတ်အသံနှင့်အတူ သုံးယောက်စလုံး အံဝှက်စင်နားသို့ တစ်ဟုန်ထိုး ပြေးသွားလိုက်လေသည်။ အံဝှက်စင်က တဖြည်းဖြည်း အပေါ်သို့ ပြန်တက်သွားလေတော့သည်။ မြေအောက်ခန်းထဲတွင်တော့ လှုပ်ရှားဆူညံသံတွေ ပဲ့တင်ထပ်သွား





လေသည်။ ရုတ်တရက် ပြောင်းလဲသွားသော မြင်ကွင်းကို သုံးဦးသား အမိပွာယ်မဲ့စွာ ငေးစိုက်ကြည့်နေမိကြတော့သည်။

သိပ်မကြာခင်မှာပင် အံဝှက်စင် ရပ်သွားသံကို အပေါ်ဘက်ဆီမှ ခပ်သဲ့သဲ့ကြားလိုက်ရလေသည်။ ချမ်းမင်းက စိတ်ပျက်အားငယ်စွာဖြင့် ပြောလိုက်သည်။

“ဒုက္ခပဲ၊ ငါတို့တော့ ဒီနေရာမှာ လုံးဝပိတ်မိသွားပြီ၊ အံဝှက်စင်မရှိရင် အပေါ်ကို ဘယ်လိုမှ ပြန်မတက်နိုင်တော့ဘူး”



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၀ )

အားလုံး စကားတစ်လုံးမှ မဟဖြစ်ကြ။ ကိုယ့်အတွေး နှင့်ကိုယ် ငြိမ်သက် တိတ်ဆိတ်သွားကြသည်။ အတန်ကြာမှ ချမ်းမင်းက...

"ဒါ တစ်ယောက်ယောက်က အပေါ်ကနေ ခလုတ်ကို နှိပ်လိုက်တာပဲ ဖြစ်ရမယ်"

"နင်ပြောတဲ့ တစ်ယောက်ယောက်ဆိုတာ သရဲ ကို ဆိုလိုတာလား ချမ်းမင်း"

ကျွန်မစကားကြောင့် လှိုင်ဘွားမျက်နှာ သွေးဆုတ်ဖြူရော် သွားလေသည်။

လှိုင်ဘွားကပင် အထစ်ထစ်အငေါ့ငေါ့နှင့်...

"ဒါဆို...ငါတို့ ဘာဆက်လုပ်ကြမလဲ"





"ငါတို့မှာ ရွေးချယ်စရာလမ်းမှ မရှိတော့တာ၊ ဒီမြေအောက်ခန်းထဲမှာပဲ ထွက်ပေါက်ကို လိုက်ရှာကြရတော့မှာပေါ့"

ချမ်းမင်း၏စကားက ကျွန်မအသက်ရှူသံတွေကို နှမ်းလျသွားစေသည်။ ခြေထောက်တွေကပင် ပိဿာချိန်ပေါင်းများစွာ လေးလံနေသကဲ့သို့ ဆွဲမရ ခက်နေသည်။ မြေအောက်ခန်းဘက်သို့ ပြန်လှည့်လာမိချိန်မှာတော့ အောက်ခံမြေသားကလည်း တဖြည်းဖြည်း ပျော့အိလာသည်။ လေကလည်း ပို၍ပင် အေးစက်သိုးစိုက မွန်းကျပ်လာလေသည်။

ခပ်လှမ်းလှမ်းမှ အမျိုးအမည်မသိ အသံတွေကို ခပ်တိုးတိုး ကြားနေရ၏။

မြေကြွက်တွေလား၊ ဒါမှမဟုတ်...

လှိုင်ဘွားနှင့် ကျွန်မက ချမ်းမင်းနောက်သို့ ကတိုက်ကရိုက် လိုက်နေရသည်။ ချမ်းမင်းက ရှေ့မှ ခြေလှမ်းကျဲကျဲဖြင့် သွားနေလေသည်။ သူ့လက်ထဲမှ ဓာတ်မီးအလင်းရောင်ကလည်း အရှေ့နောက် ခါယမ်းနေလေ၏။

ထိုစဉ် ခုနကအသံကိုပင် ထပ်ကြားလိုက်ရပြန်သည်။

ချမ်းမင်းများ နောက်နေတာလား...။

သေချာအောင် ချမ်းမင်းကိုမေးမည်အလုပ် ချမ်းမင်းက



www.burmeseclassic.com

www.burmeseclassic.com



တံ့ခနဲရပ်သွားသည်။ ရုတ်တရက် လမ်းက ဆုံးသွားလေပြီ။

ရှေ့တည့်တည့်မှာ ပိတ်ဆို့ကာဆီးနေသော တံခါးတစ်ချပ်။

ချမ်းမင်းက ထိုတံခါးနားသို့ တရွေ့ရွေ့ ချဉ်းကပ်သွားလိုက်ပြီး…

"အထဲမှာ ဘယ်သူရှိလဲ"

ချမ်းမင်းက ထိုစကားကိုပင် ထပ်ခါထပ်ခါ အော်ဟစ်နေသည်။ မည်သည့်တုံ့ပြန်သံမှ မကြားရချေ။ ခဏကြာတော့ ချမ်းမင်းနှင့် ကျွန်မ စိတ်မရှည်တော့ပဲ တံခါးကို အားကုန်ဆောင့်တွန်းလိုက်လေတော့သည်။ တံခါးက ဝုန်းခနဲမြည်ပြီး ပွင့်သွားသည်။ လက်ထဲမှ ဓာတ်မီးတို့ဖြင့် အသီးသီး အတွင်းဘက်သို့ ထိုးကြည့်လိုက်ရာ…

အတွင်းဘက်တွင်တော့…

ခေါက်ကုလားထိုင်တစ်လုံး၊ တစ်ဖက်ပြုတ်နေပြီး လူလေးယောက်စာလောက် ထိုင်လို့ရသည့် ခုံရှည်တစ်လုံး၊ ယိုင်နဲ့ပြီး သစ်သားတန်းအချို့ ပြုတ်ထွက်နေသည့် စာအုပ်စင်တစ်စင်…။

နောက်ပြီး…

မခေါက်သိမ်းရသေးသော အိပ်ရာတစ်ခုကို တွေ့လိုက်ရလေသည်။

စားပွဲခုံတစ်လုံးပေါ်တွင်လည်း ခေတ်ဟောင်း ကက်ဆက်





တစ်လုံးနှင့် အခွေအချို့ ပြန့်ကျဲနေသည်။

ချမ်းမင်းက…

"ဘယ်သူမှ မသိနိုင်တဲ့ မြေအောက်ခန်းထဲမှာ ဘာဖြစ်လို့ ဒီပစ္စည်းတွေ ရှိနေတာလဲ"

"ဟောဒီနေရာမှာ တစ်ယောက်ယောက် ပုန်းလျှိုးဝှက်လျှိုး နေနေတဲ့ ခြေရာလက်ရာတွေပဲကွ"

လှိုင်ဘွား၏ အဖြေစကားကြောင့် ကျွန်မက ချောက်ချားစွာဖြင့်…

"ဒါ…ဒါဆို လွန်ခဲ့တဲ့ နှစ်ပေါင်းခုနစ်ဆယ်လောက်က ပြဇာတ်မကခင်ပျောက်သွားတဲ့ ကျောင်းသားဟာ ဟောဒီမှာ…"

ကျွန်မစကား မဆုံးခင်မှာပင်…

"ဒုန်း"

ရုတ်တရက် တံခါးက အသံကျယ်ကြီးမြည်ပြီး ပြန်ပိတ်သွားလေသည်။

"ဟာ"

အားလုံးဆီမှ တစ်ပြိုင်တည်းနီးပါး ထိုအာမေဋိတ်သံကို ကြားလိုက်ရလေသည်။

သုံးယောက်သား တစ်ဟုန်ထိုးပြေးသွားပြီး တံခါးကို



www.burmeseclassic.com

www.burmeseclassic.com



တွန်းဖွင့်ဖို့ ကြိုးစားကြသည်။ တံခါးက တုတ်တုတ်မျှမလှုပ်။ နောက်တစ်ကြိမ် ချမ်းမင်းက တံခါးကို ပခုံးဖြင့် ဆောင့်တိုက်လိုက်ပြန်သည်။

ထိုနောက် သွေးရူးသွေးတန်းဖြင့် တံခါးကို ထပ်ခါထပ်ခါ တွန်းဖွင့်ကြ၏။

တံခါးကတော့ လုံးဝမရွေ့လျားချေ။

"ငါတို့တော့ ဒီအခန်းထဲမှာ အပိတ်ခံလိုက်ရပြီ"

ဟု ချမ်းမင်းက တုန်လှုပ်စွာ ပြောလိုက်လေတော့သည်။

■



## အခန်း ( ၂၁ )

ကျွန်မက ချမ်းမင်းအားတွင်ရပ်ရင်း...

"အားလုံး တစ်ပြိုင်တည်း တွန်းကြည့်ရင်တော့ ပွင့်မယ်ထင်တယ်"

"အေး...ဖြစ်နိုင်တယ်"

ချမ်းမင်းက ပြောသာပြောနေသည်။ စိတ်ပါပုံမရ။ လှိုင်ဘွားကတော့ တံခါးကို တွန်းဖွင့်ဖို့ အနားကပ်လာသည်။ ချမ်းမင်းက...

"အားလုံး တစ်...နှစ်...သုံး...လို့ အော်လိုက်တာနဲ့ တံခါးကို ဆောင့်တွန်းကြ၊ ဟုတ်ပြီလား"

လှိုင်ဘွားနှင့် ကျွန်မက ချမ်းမင်းကို ခေါင်းညိတ်ပြလိုက်၏။

"ကဲ...စမယ်၊ တစ်...နှစ်"



www.burmeseclassic.com

www.burmeseclassic.com



ချမ်းမင်း ညာသံပေးသံပင် မဆုံးလိုက်...ကျွန်မက တစ်ခု တစ်ခုကို သတိရသွားပြီး...

"နေဦး နေဦး၊ ငါတို့အားလုံး မေ့နေကြတာ၊ တံခါးက အပြင်ကိုတွန်းဖွင့်ရမှာ မဟုတ်ဘူး၊ အတွင်း ကို ဆွဲဖွင့်ရမှာလေ"

ထိုစကားကြောင့် ချမ်းမင်းမျက်နှာ ဝင်းခနဲဖြစ်သွားပြီး...

"ဪ...ငါနှယ် သေလိုက်ပါတော့"

တံခါးကို အတွင်းဘက်သို့ ဆွဲဖွင့်လိုက်သည်။ တံခါးက အသာအယာပင် ပွင့်လာ၏။ သုံးဦးသား တစ်ပြိုင်တည်း ရယ် မောမိလိုက်ကြသည်။ ထိုစဉ်မှာပင် လှိုင်ဘွား၏ ကြောက်ရွံ့စွာ အော်လိုက်သောအသံကြောင့် ရယ်နေရာမှ ရပ်သွားပြီး လှိုင်ဘွား လက်ညှိုးညွှန်ပြရာသို့ ကြည့်လိုက်မိတော့သည်။

"အောင်မလေး...သရဲ...သရဲ"

ကြောက်မက်ဖွယ်ကောင်းသော မျက်လုံးတစ်စုံက တံခါး ပေါက်ကနေ ကျွန်မကို စူးစိုက်ကြည့်နေလေသည်။ မျက်နှာက ခက်ထန်မာကျောနေပြီး အားလုံးကို အစိမ်းလိုက်ဝါးစားတော့ မလိုလို...။

■



အခန်း ( ၂၂ )

"ဟင်...သူ...သူက ကျောင်းစောင့် မြစိန်"

ကျွန်မက တုန်တုန်ယင်ယင်ဖြင့် ရေရွတ်လိုက်မိသည်။ တံခါးပေါက်မှလူကတော့ မလှုပ်မယှက်။ အားလုံးကို အလွတ် မပေးပဲ စိုက်ကြည့်နေသည်။ ကျွန်မကပင်...။

"ကျွန်မတို့...ကျွန်မတို့...သွားပါရစေ"

ကျောင်းစောင့်မြစိန်၏ မျက်နှာပေါ်ကအမာရွတ်တွေက ခုမှ လတ်လတ်ဆတ်ဆတ် ရလာသည့်နှယ် ပိုပြီး ကြောက်စရာ ကောင်းလာလေသည်။ အသက်ရှူသံကလည်း ပို၍ ကျယ်လောင် လာပြီး...

"မင်းတို့ ဘာလို့ ဟောဒီအောက်ကို ရောက်လာ ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အသံက ကြမ်းရှရှ။ အသည်းထိတ်စရာကောင်းနေလေ၏။ ထိုလူကပင် ဆက်ပြီးပြောလိုက်သည်။

"ဘာလို့ မင်းတို့ ငါ့ပိုင်နက်ထဲကို ရောက်နေရတာလဲ"

"ကျွန်မတို့ ဟို ဟိုဒင်း သရဲရှိတယ်ထင်ပြီး လိုက်ရှာ..."

ထိုစကားကြောင့် ထိုလူ မျက်မှောင်ကြုတ်သွားပြီး ဒေါသထွက်သွားကာ...

"မင်းတို့ ငါသတိပေးထားတာကို နားမထောင်ပဲ ဘာလို့ ငါပုန်းနေတဲ့နေရာကို ရောက်လာရတာလဲ"

ထိုစကားကြောင့် ချမ်းမင်းက အံ့သြတကြီး ဝင်မေးလိုက်သည်။

"ဟင်...ဒါဆို နောက်ခံပန်းချီကားတွေကို ဖျက်ဆီးပစ်တာ ခင်ဗျားပေါ့၊ ပြီးတော့ ကျွန်တော့်မီရိုထဲက မျက်နှာဖုံးကိုယူပြီး မျက်နှာကြက်ကနေ တွဲလွဲခိုဆင်းလာတာတွေ အားလုံးက ခင်ဗျားပဲပေါ့ ဟုတ်လား"

ထိုလူက ခေါင်းညိတ်ပြလိုက်ပြီး...

"ဟုတ်တယ်၊ ဘယ်သူ့ကိုမှ မနာကျင်စေချင်လို့ ဒီနည်းနဲ့ မင်းတို့ကို ခြောက်လှန့် သတိပေးလိုက်တာ၊





ပြီးတော့ ငါခိုအောင်းနေတာကို လူတွေ သိမသွားအောင်လို့..."

"ဪ...ကျွန်တော်တို့ ပြဇာတ်က,တဲ့အခါ အံ့ဂုက်စင်ကို အသုံးပြုရင် ခင်ဗျား ဒီအောက်မှာ နေနေတာကို တွေ့သွားမှာစိုးလို့ ပြဇာတ်မကဖြစ်အောင် လိုက်လုပ်နေတာကိုး"

ထိုလူက အနည်းငယ် မဲ့ပြုံး ပြုံးပြီး ခေါင်းညိတ်ပြလိုက်လေသည်။

ချမ်းမင်းကပင် ဆက်မေးလိုက်သည်။

"လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က ဘာတွေဖြစ်ခဲ့သလဲ၊ ပြီးတော့ ကျောင်းပြဇာတ်ကို ပထမဦးဆုံး အကြိမ် က,တုန်းက ခင်ဗျားက ဘာလို့ ရုတ်တရက် ပျောက်သွားရတာလဲ"

ထိုလူက နားမလည်နိုင်စွာ မျက်မှောင်ကုပ် စဉ်းစားနေသည်။ သူ့နဖူးပေါ်သို့ ကျနေသော အဖြူရောင်ဆံပင်တွေကို သပ်တင်လိုက်ရင်း...

"ငါ ဘာမှ နားမလည်ဘူး"

"လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က ကျောင်း က,ပွဲမှာ ဖြစ်ခဲ့တဲ့ အဖြစ်အပျက်လေ"



www.burmeseclassic.com

www.burmeseclassic.com



ချမ်းမင်း၏စကားကြောင့် ထိုသူ့နှုတ်ခမ်းတွေက တဆတ်ဆတ် လှုပ်ရှားလာပြီး...

"ငါ အဲသည့်လောက်ထိ အသက်မကြီးသေးဘူး၊ အခုမှ ငါးဆယ့်ခုနစ်နှစ်ပဲ ရှိသေးတယ်"

ထိုစကားကြောင့် အားလုံးအံ့အားသင့်သွားပြီး ချမ်းမင်းက...

"ဒါဆို ခင်ဗျားက ဟိုးတုန်းက ပျောက်သွားတဲ့ ကျောင်းသား မဟုတ်ဘူးပေါ့၊ ဟုတ်လား"

ထိုလူက နာကြည်းခံပြင်းသံဖြင့် ကျယ်လောင်စွာ ရယ်မောလိုက်ပြီး...

"မဟုတ်ဘူး၊ ငါက ဆင်းရဲသား အိမ်ခြေယာခြေမဲ့ တစ်ယောက်ပဲ၊ နေဖို့အိမ်လည်းမရှိ၊ ဝင်ငွေလည်း မရှိလို့ ဟောဒီမှာ ခိုးကြောင်ခိုးဝှက် လာနေနေရတာ"

ကျွန်မတို့သုံးဦးသား ကျောင်းစောင့်မြစိန်ကို သေသေချာချာ အကဲခတ်ကြည့်လိုက်သည်။

ကျွန်မက...

"ဒါဆို ရှင်ဒီမှာနေတာ ဘယ်လောက်ကြာပြီလဲ၊ ပြီးတော့ ဓာတ်ခွဲခန်းအောက်ဘက်မှာ ဒီအခန်းရှိမှန်း ဘယ်လိုလုပ် သိတာလဲ"

ကျောင်းစောင့်မြစိန်က ကျွန်မဘက်သို့လှည့်ပြီး...





"ငါ့အဖေက ဒီကျောင်းမှာ အနှစ်သုံးဆယ်တောင် ကျောင်းစောင့်လုပ်လာခဲ့တာ၊ ငါ ကလေးဘဝတုန်းက အဖေက ဒီနေရာကို ခေါ်လာနေကျ၊ မြို့ထဲမှာ ငါငှားနေတဲ့အိမ်ရှင်က အိမ်လခ မပေးနိုင်လို့ ငါ့ကို နှင်ချလိုက်တော့ ငါ လမ်းဘေးရောက်ပြီး ဘဝပျက်သွားတယ်။

နောက်တော့မှ ဒီနေရာလေးကို ငါ ပြန်သတိရတာ၊ ကျောင်းအုပ်ကြီးကလည်း အသစ်ပြောင်းလာတာဆိုတော့ ဒီနေရာလေးရှိမှန်း ငါကလွဲပြီး ဘယ်သူမှ မသိကြဘူး၊ ငါ ဒီနေရာမှာ လာနေနေတာ ခြောက်လလောက်ပဲ ရှိသေးတယ်"

မြစိန်က ပြောရင်းမှ ဒေါသထွက်လာပြီး အားလုံးဝေ့ကြည့်လိုက်ကာ...

"ခုတော့ မင်းတို့ကြောင့် ငါ...ငါ ထောင်ထဲ ရောက်ရတော့မယ်၊ မင်းတို့ကြောင့်..."

ဒေါသကြောင့် မျက်နှာတစ်ခုလုံး နီရဲလာပြီး အနီးရှိ သစ်သားချောင်း အကျိုးကို ဆတ်ခနဲ ကောက်ကိုင်လိုက်၏။

သူ ကျွန်မတို့ကို နှုတ်ပိတ် လက်စဖျောက်ပေတော့မည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၄ )

"မင်းတို့ကို ငါ မရက်စက်ချင်ပါဘူး၊ ဒါပေမဲ့"

ကျောင်းစောင့်မြစိန်က ထိုစကားကို တတွတ်တွတ် ရေရွတ်ပြီး ကျွန်မတို့ဘက်သို့ တရွေ့ရွေ့တိုးလာသည်။ ကျွန်မ လက်ကာပြလိုက်ပြီး…

"မဟုတ်ဘူး၊ ရှင်းပြပါရစေဦး"

ထိုအခိုက်အတန့်အတွင်းမှာပင် လိုဏ်ခေါင်းတစ်ဖက်မှ အသံတစ်သံကို ကြားလိုက်ရလေသည်။

ကျွန်မက ချမ်းမင်းနှင့် လှိုင်ဘွားဘက်သို့ ကြည့်လိုက်တော့ သူတို့နှစ်ဦးစလုံးလည်း ထိုအသံကို ကြားလိုက်ရသည့်ဟန်ဖြင့် ကြည့်နေကြသည်။

အံဝှက်စင်က အပေါ်မှ အောက်သို့ ဆင်းလာနေလေသည်။





ကျွန်မတို့ သုံးဦးစလုံး ဘာလုပ်ရမည်ကို ချက်ချင်း သဘောပေါက်လိုက်ကြသည်။

"မင်းတို့သေတွင်းကို မင်းတို့ရှာတာပဲ၊ ဘာလို့ ငါ့စကားကို နားမထောင်ကြတာလဲ"

ကျောင်းစောင့်မြစိန်၏ အသံက ဒေါသစိတ်ကြောင့် ပို၍ ကျယ်လောင်လာလေသည်။

ကျွန်မတို့သုံးဦးစလုံး ဘာစကားမှမပြောပဲ သူ့ကို သတိကြီးစွာ စိုက်ကြည့်နေသည်။ ကျောင်းစောင့်မြစိန်က ကျွန်မတို့နားသို့ နီးကပ်လာလေ၏။

ရုတ်တရက် ကျွန်မ အားကုန်ထပြေးလိုက်သည်။

"ဒိုန်း"

"အား"

"အင့်"

ကျွန်မဦးခေါင်းနှင့် သူ့ရင်ဝကို ပြေးဆောင့်တိုက်လိုက်သောကြောင့် ကျောင်းစောင့်မြစိန်လည်း မြေပြင်ပေါ်သို့ ခွေခနဲ ပုံလျက်သား လဲသွားလေတော့သည်။ ကျွန်မလဲကျနေရာမှ အံဝှက်စင်ရှိရာသို့ အားကုန်ပြေးသည်။ နောက်မှလည်း ချမ်းမင်းနှင့် လှိုင်ဘွားတို့ ခြေသံတွေကိုပါ တစ်ဆက်တည်း ကြားလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းစောင့်မြစိန်က ကျွန်မတို့နောက်သို့ အော်ဟစ် ဆဲဆို ရင်း လိုက်လာနေပြီ။

ပြေးနေရင်းမှပင် ဖိနပ်တစ်ဖက်က ကျွတ်ကျန်ခဲ့၏။ ဂရု မစိုက်နိုင်အား။ အံ့ဝှက်စင်နားသို့ ရောက်ဖို့ကိုသာ စိတ်စောနေ၏။

ထိုစဉ်မှာပင် အမှောင်ထဲမှ ဘယ်လိုမှ မမျှော်လင့်ထားသော အသံတစ်သံကို ကြားလိုက်ရလေသည်။

"မင်းတို့ ဒီမှာ ဘာလာလုပ်နေကြတာလဲ"

ဟင့်...ချမ်းမင်းရဲ့ အဖေပါလား။

သုံးဦးသား မောဟိုက်တုန်ယင်စွာပင် အံ့ဝှက်စင်ပေါ်သို့ ခုန်တက်လိုက်သည်။

ချမ်းမင်းအဖေက...

"ဘာဖြစ်လာကြတာလဲ၊ ခုနက အော်နေတာ ဘယ်သူ့အသံလဲ"

ကျွန်မက ချမ်းမင်း ဖခင်၏အမေးကို ပြန်မဖြေနိုင်သေးပဲ ချမ်းမင်းကိုသာ...

"ဟဲ့...ချမ်းမင်း၊ မြန်မြန် ခလုတ်နှိပ်လိုက်"

ချမ်းမင်းက အလျင်အမြန်ပင် အံ့ဝှက်စင်ခလုတ်ကို နှိပ်လိုက်၏။ အံ့ဝှက်စင်က တဖြည်းဖြည်း အပေါ်သို့ မြင့်တက်လာလေတော့သည်၊





ချမ်းမင်း၏ဖခင်ဖြစ်သူက အားလုံးကို နားမလည်နိုင်စွာ ကြည့်လိုက်ပြီး...

"ငါ ယောကျ်ားတစ်ယောက်ရဲ့အသံကို ကြားလိုက်ရပါတယ်၊ အဲဒါ ဘယ်သူလဲ"

ချမ်းမင်းက သူ့အဖေကို အကြောင်းစုံ ရှင်းပြလိုက်သည်။ ပြီး...

"အဖေက သားတို့ ဒီအောက်မှာရှိမှန်း ဘယ်လို လုပ် သိတာလဲ"

ချမ်းမင်း၏အဖေက သက်ပြင်းကို ရှည်လျားစွာ ချလိုက်ပြီး–

"တကယ်ဆို မင်းက အိမ်မှာရှိနေရမှာလေ၊ မင်း က အိမ်မှာမရှိတော့ ဖေဖေ စိုးရိမ်ပြီး ကျောင်းကိုလိုက် လာတာ၊ ဒီရောက်တော့ ကဇာတ်ရုံတံခါး ပွင့်နေတာ နဲ့ အထဲကိုလာရှာတော့ အံ့ဝှက်စင်အောက်က စကား ပြောသံတွေ ကြားနေရတာနဲ့ ဆင်းလာကြည့်တာပဲ"

သိပ်မကြာခင်မှာပင် အံ့ဝှက်စင်က ဇာတ်ခုံနားမှာ ရပ်သွား လေသည်။ အားလုံး အံ့ဝှက်စင်ပေါ်မှ အလောတကြီး ဆင်းသွား လိုက်ပြီး...

ရဲဌာနသို့ ဖုန်းဆက်ကာ ကျောင်း မြေအောက်ခန်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ခြေယာခြေမဲ့ လူတစ်ယောက်ရှိနေကြောင်းနှင့် ကျောင်းသားတွေကို လိုက်နှောင့်ယှက်နေကြောင်း အကြောင်းကြားလိုက်လေတော့သည်။

ခဏလောက်ကြာတော့ ရဲတွေရောက်လာသည်။ ချမ်းမင်း၏ အဖေက အသေးစိတ်ရှင်းပြပြီး ရဲတွေက အံ့ဂုက်စင်ကို စစ်ဆေးကြည့်ကာ အောက်သို့ဆင်းသွားကြလေတော့သည်။

■



## အခန်း ( ၂၄ )

ပြဇာတ်ကမည့် ည…။

မိန်းကလေးအဝတ်အစားလဲခန်းထဲတွင်တော့ ဆူညံနေလေသည်။ ကျွန်မမျက်နှာကိုလည်း မိတ်ကပ်များဖြင့် လိမ်းချယ်ပြင်ဆင်ထားပြီးပြီဖြစ်၏။ ဇာတ်ဝင်ခန်းအတွက် အဝတ်အစားများကို ကျွန်မ လဲလှယ်ဝတ်ဆင်လိုက်ပြီးနောက် ပြောရမည့် ဇာတ်ဝင်စကား ဒိုင်ယာလော့တွေကို သေချာအောင် တစ်ခေါက်ထပ်ပြီး ဖတ်လိုက်သည်။

ထိုစဉ်မှာပင် ဇာတ်ခုံမန်နေဂျာက…

"ကဲ ကဲ…၊ စ,ကြမယ်ဟေ့၊ အားလုံး ဇာတ်ခုံပေါ်မှာ နေရာယူကြတော့"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားသံကြောင့် ကျွန်မရင်ထဲတွင် လှပ်ခနဲ အေးသလို စိမ့်သလို ဖြစ်သွား၏။ တစ်ကိုယ်လုံးလည်း ရှိန်းခနဲ ဖိန်းခနဲ ဖြစ်သွားလေသည်။ စင်ပေါ်မှာ အမှားအယွင်းဖြစ်မည်ကို အစိုးရိမ်လွန်ပြီး ကျွန်မစိတ်တွေ တင်းကျပ်နေခြင်းဖြစ်၏။

စိတ်ကို လျှော့ချလိုက်ပြီး အသက်မှန်မှန်ရှူရင်း ကိုယ့်ကိုယ်ကို အတတ်နိုင်ဆုံး တည်ငြိမ်အောင်ထိန်းကာ ဇာတ်စင်ပေါ်သို့ တက်သွားလိုက်သည်။

စင်ပေါ်ရှိ ကျွန်မ ရပ်ရမည့်နေရာအရောက်တွင် တစ်စုံတစ်ယောက်ကို အမှောင်ထဲ၌ ဝိုးတဝါး လှမ်းမြင်လိုက်ရ၏။

သရဲတစ္ဆေလို ဝတ်ရုံကြီး ခြုံလွှမ်းထားသည့် ချမ်းမင်း။

ကျွန်မက တအံ့တဩဖြစ်ပြီး လွှတ်ခနဲ လှမ်းပြောလိုက်သည်။

"ဟယ်...ချမ်းမင်း၊ နင်က အခုလို ဝတ်ထားတော့ တကယ့်သရဲအတိုင်းပဲ"

သို့သော် ချမ်းမင်းကတော့ ကျွန်မလှမ်းပြောသည်ကို ကြားပုံမရပါ။ သူက ကျွန်မကို ကျောခိုင်းလျက် အံ့ဝှက်စင်ဖြင့် အောက်သို့ ဆင်းသွားသည်။ သူ့ဇာတ်ဝင်ခန်းရောက်မှ စင်ပေါ်တက်လာရမည်ဖြစ်၏။

ထိုစဉ် ဇာတ်ခုံ ကန့်လန့်ကာက တအိအိ တလိပ်လိပ်ဖြင့်





ဖြည်းဖြည်းချင်း ပွင့်သွားသည်။ ရောင်စုံဆလိုက်မီးတွေ တဝင်းဝင်း တလက်လက်...။

ကျွန်မ လှမ်းကြည့်လိုက်တော့ ပြဇာတ်ရုံတစ်ခုလုံး ပရိသတ်တွေနှင့် ပြည့်နှက်နေသည်။

ထိုစဉ်မှာပင် မီးရောင်က ညရှုခင်းသဏ္ဌာန် ပြာရီမှုန်ပေလာပြီး တီးလုံးကလည်း ချွတ်နင်းသံကို တီးခတ်ပေးနေလေသည်။

ကျွန်မ၏ ဖခင်နေရာမှ သရုပ်ဆောင်ရသော သူရိန်မြင့်က တကယ့်လူကြီးတစ်ယောက်၏ အာလုပ်သံမျိုးဖြင့်...

"ဟင်...သမီး၊ ဘာဖြစ်လို့ ဒီနေရာကို တစ်ယောက်တည်း လာရတာလဲ သမီးရယ်၊ ဒီနေရာဟာ သရဲအရမ်းခြောက်တယ်လို့ ဖေဖေ ပြောထားရဲ့သားနဲ့ ကွယ်"

မမြသွေးအဖြစ် သရုပ်ဆောင်ရသော ကျွန်မကလည်း...

"ဟင့်အင်း...ဟင့်အင်း၊ သမီး မယုံဘူး ဖေဖေ၊ မယုံဘူး၊ သမီးကို ဟိုမသွားရဘူး ဒီမသွားရဘူးနဲ့ ဖေဖေ သက်သက်လိုက်ချုပ်ချယ်နေတာ၊ သမီးက ကလေးမဟုတ်တော့ဘူး ဖေဖေ"

ကျွန်မ ပြန်ပြောလိုက်သည့်ဟန်နှင့် လေသံကို ပရိသတ်



www.burmeseclassic.com

www.burmeseclassic.com



က သဘောကျ နှစ်ခြိုက်စွာဖြင့် လက်ခုပ်တီး ဩဘာပေးကြ၏။

ထိုစဉ် ဇာတ်ခုံဆက်တင်အဖွဲ့က မီးခိုးငွေ့တွေကို စက်ဖြင့် မှုတ်လွှတ်လိုက်ကြရာ အပြာရောင် ဆလိုက်မီးများကြောင့် ဇာတ်စင်တစ်ခုလုံး ပြာလဲ့မှိုင်းဝေသွားလေတော့သည်။ အချိန်ကိုက်ပင်...အံ့ဝှက်စင် တက်လာသံကို ကြားလိုက်ရ၏။

အံ့ဝှက်စင်ထဲမှာတော့ ချမ်းမင်းက သရဲတစ္ဆေဝတ်စုံနှင့် သရုပ်ဆောင်ဖို့ တက်လာနေလောက်ပြီ။

မကြာခင်မှာပင် မှိုင်းအုံ့နေသော မီးခိုးငွေ့တွေကြားမှာ သရဲက ဘွားခနဲပေါ်လာတော့သည်။

"ဖြောင်း...ဖြောင်း...ဖြောင်း...ရှီး"

ထိုမြင်ကွင်းကို ပရိသတ်က လက်ခုပ်လက်ဝါးတီးပြီး အားပေးကြ၏။

ကျွန်မက ဇာတ်ညွှန်းထဲမှအတိုင်း အံ့ဩတုန်လှုပ်သည့် အမူအရာဖြင့် သရုပ်ဆောင်ရင်း...

"ရှင်...သရဲ...သရဲ"

သရဲ၏ ကြောက်စရာမျက်နှာဖုံးက မီးခိုးငွေ့များကြားတွင် ပေါ်လိုက် ပျောက်လိုက်နှင့်။ အနက်ရောင် ဝတ်ရုံစ ဖားလျားကလည်း တဖျတ်ဖျတ်နှင့် လက်တွေကိုပင် မမြင်ရအောင် ဖုံးအုပ်နေသည်။





လေထဲမှာ လွင့်မျောလာသလိုမျိုး သရဲက ကျွန်မဆီသို့ တရွေ့ရွေ့ နီးကပ်လာ၏။

ကျွန်မက...

"မလာနဲ့...မလာနဲ့၊ ရှင်နဲ့ ကျွန်မ ဘဝခြားသွားပြီလေ၊ အဟင့်...ဟင့်"

ခံစားချက်အပြည့်ဖြင့် သရုပ်ဆောင်နေသော ကျွန်မနှင့် ချမ်းမင်းတို့ နှစ်ဦးသားအပေါ်သို့ မီးဆလိုက် အလင်းတန်းများ ထိုးကျလာသည်။

ကျွန်မက ချမ်းမင်း၏မျက်နှာကို လှမ်းကြည့်လိုက်၏။

"ဟင်...ဘုရား...ဘုရား"

သရဲမျက်နှာဖုံးအောက်က မျက်လုံးတွေက ချမ်းမင်း မဟုတ်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၅ )

ကျွန်မ လန့်ပြီးအော်ဟစ်ဖို့ ပါးစပ်ကို ဟ,လိုက်သည်။

ကြောက်ရွံ့တုန်လှုပ်လွန်းသောကြောင့် အသံက လည်ချောင်းဝမှာပင် တစ်ဆို့နေ၏။ မျက်နှာဖုံးအောက်မှ မျက်လုံးအစုံ၏ စူးရှမှုကြောင့် ကျွန်မတစ်ကိုယ်လုံး ဆောင်ကျွမ်းပြာကျသွားတော့မလို ခံစားရသည်။

ကြက်သေသေပြီး သူ့ကိုသာ ကြောင်တောင်စိုက် ငေးနေမိ၏။

သူ...သူ...ဘယ်သူလဲ။

ငါ ဘာဖြစ်လို့ သူ့ကို တရင်းတနှီး သိကျွမ်းဖူးသလို ခံစားနေရတာပါလိမ့်...။

ကျွန်မ ဦးနှောက်ထဲတွင် အတွေးနှင့် အကြောက်တရားတွေက ထွေးပတ် လိမ်ရှုပ်နေ၏။ ထိုစဉ်...





သရဲမျက်နှာဖုံးအောက်မှ အက်ကွဲသောအသံက...

"ဟောဒီနေရာကို ရောက်လာဖို့ ငါစောင့်ဆိုင်းနေရတာ နှစ်တွေအများကြီး ကြာလှပြီ၊ ဟိုးတစ်ချိန်က ငါဟာ မင်းတို့လို လူသားတစ်ယောက်ပါပဲ၊ ဒါပေမဲ့ ငါဟာ မင်းတို့လို ဘယ်တုန်းကမှ မပျော်ခဲ့ရဘူး"

သူ့အသံက တိုးပြီး တိမ်ဝင်သွား၏။ ပြီးမှ ဆက်၍...

"ဒီပြဇာတ်ကို က,ဖို့ ငါ့ကိုရွေးချယ်ခံရတဲ့အချိန်ကလေးမှာပဲ ငါ စိတ်ကူးနဲ့ အပျော်ကြီးပျော်ခဲ့ရတယ်၊ ဒါပေမဲ့ လက်တွေ့မှာ အဲဒီပျော်ရွှင်မှုဟာ ငါ့ဆီ ဘယ်တော့မှ ရောက်မလာခဲ့တော့ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ပြဇာတ်မကခင်လေးမှာ ဟိုအပေါ်က လိမ့်ကျပြီး မြေတွင်းတစ်တွင်းထဲမှာ ပိတ်မိ သေဆုံးခဲ့ရလို့ပဲ"

သူ လက်ညှိုးထိုးရာဆီ လှမ်းကြည့်လိုက်တော့...

အံ့ဩကိစ်စင်...။

သူ ဘယ်သူဘယ်ဝါဆိုသည်ကို ကျွန်မ ချက်ချင်း ရိပ်မိသွားသည်။ လွန်ခဲ့တဲ့ အနှစ်ခုနစ်ဆယ်လောက်က ပျောက်ဆုံးသွားသည့် ကျောင်းပြဇာတ်မှ သရုပ်ဆောင်ကျောင်းသားလေး...။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ သူနှင့် ကျွန်မ ဓာတ်ခုံပေါ်တွင် နှစ်ယောက်တည်း...။

"ဟိုနေရာပေါ့၊ ငါပြုတ်ကျပြီး သေခဲ့တဲ့နေရာ၊ အဲဒီအောက်မှာပဲ ငါဟာ ဝိညာဉ်အဖြစ်နဲ့ စောင့်နေရတာ၊ ဟောဒီပြဓာတ်မှာပါဖို့ ငါဟာ နှစ်ပေါင်း ခုနှစ်ဆယ်လုံးလုံး စောင့်နေခဲ့ရတာပါ"

သူက အံဝှက်စင်ရှိရာ တွင်းဆီသို့ လက်ညှိုးထိုးပြီး တတွတ်တွတ် ရေရွတ်နေသည်။ သူ့စကားသံအဆုံးမှာ ပရိသတ်များထံမှ လက်ခုပ်သြဘာသံတွေက ညံစီနေလေ၏။

သူ...ဘယ်သူလဲ...။

ရုတ်တရက် သတ္တိမွေးလိုက်သော သိချင်စိတ်ဖြင့် ကျွန်မ ရှေ့သို့ တစ်လှမ်းတိုးပြီး ဝတ်ရုံဖားဖားကြီးအောက်မှ သူ့လက်ကို လှမ်းကိုင်ရင်း မျက်နှာဖုံးကို ဆွဲချွတ်လိုက်သည်။

■



## အခန်း ( ၂၆ )

ဆူညံသောတီးလုံးသံနှင့်အတူ ဓာတ်ခုံဒါရိုက်တာ၏ ညွှန်ကြားချက်အတိုင်း မီးခိုးငွေ့တွေ ဝုန်းခနဲထွက်လာပြီး စင်တစ်ခုလုံးကို ဖုံးလွှမ်းသွားသည်။

ဟင်...သူ...သူ ဘယ်ရောက်သွားပြီလဲ။

မမြင်မစမ်းနှင့် ကျွန်မ လိုက်ရှာနေစဉ်မှာပင် အံဝှက်စင်အောက်ဆင်းသွားသည့် တကျွီကျွီအသံကို ကြားလိုက်ရလေ၏။

ပရိသတ်များ၏ အားပေးလက်ခုပ်သံတွေကလည်း ဓာတ်ရုံတစ်ရုံလုံး ဟိန်းထအောင် ဆူညံနေသည်။

ကတ္တီပါကားလိပ် ကျသွားသည်အထိ ကျွန်မ မလှုပ်မယှက် ရပ်နေမိသည်။ ထိုစဉ်...ကျွန်မနာမည်ကို လှမ်းခေါ်သံကြား၍ လှည့်ကြည့်လိုက်တော့...



www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ချမ်းမင်း"

သရုပ်ဆောင်များ အတက်အဆင်းလုပ်ရသည့် လှေကားရင်းမှာ ရပ်ရင်း ချမ်းမင်းက တုန့်တုန့်ယင်ယင်နှင့် ကျွန်မကို လှမ်းခေါ်နေ၏။ သူ့ကိုယ်ပေါ်မှာလည်း စွပ်ကျယ်နှင့် အားကစားဘောင်းဘီသာရှိသည်။

သူ့အနီးသို့ ကျွန်မ ရောက်သွားသောအခါ ချမ်းမင်းက မျက်စိပျက် မျက်နှာပျက်ဖြင့်...

"ငါ ငါ အဝတ်လဲခန်းထဲမှာ မျက်နှာကို ဆေးချယ်နေတုန်း ဘယ်လိုဖြစ်သွားလဲမသိဘူး၊ အခန်းတစ်ခုလုံး မှောင်မည်းလာပြီး ငါ့စိတ်တွေကိုလည်း အညှိခံလိုက်ရသလို ဘာမှမသိတော့ပဲ သတိလစ်သွားတယ်၊ ပြဇာတ်ကို နင်တို့ ဘယ်လိုက,လိုက်ကြသလဲ"

ကျွန်မက အသက်ပင်မရှူနိုင်လောက်အောင် လည်ချောင်းဝတွင် တစ်ဆို့နေသည့် ကြောက်ရွံ့စိတ်ကို ကျိတ်မှိတ် မျိုချရင်း...

"ပြဇာတ်ကရတာ အဆင်ပြေပါတယ်၊ နင့်နေရာမှာ တခြားတစ်ယောက် ဝင်ပြီး သရုပ်ဆောင်သွားတယ်"

ထိုအချိန်မှာပင် ဆရာမ ဒေါ်ခင်ကြည်ပြာက အနားသို့ရောက်လာပြီး...





"သိပ်တော်တဲ့ ကလေးတွေပဲကွယ်၊ ဆရာမ ချီးကျူးပါတယ်၊ အကောင်းဆုံးကတော့ သရဲနေရာက သရုပ်ဆောင်သွားတဲ့ ချမ်းမင်းပဲ"

ဒေါ်ခင်ကြည်ပြာက ချမ်းမင်းကို ဂုဏ်ယူဝင့်ကြွားစွာ လှမ်းကြည့်ရင်း ဆက်ပြောလိုက်သည်။

"မင်း ထပ်ဖြည့်ပြီး ပြောလိုက်တဲ့ စာသားတွေ သိပ်ကောင်းတယ် ချမ်းမင်း၊ ဆုပေးပွဲနေ့ကျရင် မင်းကို ကောင်းကောင်းဂုဏ်ပြုမယ် ဟုတ်ပြီလား"

"ဗျာ..."

ချမ်းမင်းက တအံ့တသြ ပါးစပ်အဟောင်းသားဖြင့်...။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၇ )

တုန်လှုပ်ချောက်ချားမှုကြောင့် ကျွန်မဦးနှောက်တွေ ရီဝေထိုင်းမှိုင်းနေသည်။ ကျွန်မ ဦးခေါင်းကို ငိုက်စိုက်ချပြီး လေးတွဲ့သော ခြေလှမ်းများဖြင့် ကဇာတ်ရုံအပြင်ဘက်ဆီသို့ တစ်လှမ်းချင်း လျှောက်သွားနေမိ၏။

ချမ်းမင်းက...

"ဘာလဲ၊ နင် အိမ်ပြန်တော့မလို့လား"

ကျွန်မ ခေါင်းညိတ်ပြလိုက်သည်။ သူက ...

"ငါ့ကို စောင့်ဦးလေဟာ၊ အဝတ်အစားတွေ သွားပြန်ဝတ်လိုက်ဦးမယ်၊ ဒီဇွပ်ကျယ်နဲ့ ဘောင်းဘီတိုနဲ့ ဘယ်လိုလုပ်ပြီး အိမ်ပြန်ရမလဲ၊ နေဦး...နေဦး၊





ငါ့အဝတ်အစားတွေကို သံဗီရို locker ထဲမှာ ထည့်ထားတာ သွားပြန်ယူလိုက်ဦးမယ်"

ကျွန်မနှင့် ချမ်းမင်းတို့ နှစ်ဦးသား သံဗီရို locker များရှိရာ အောက်ထပ်စင်္ကြံ အစွန်ဆီသို့ လျှောက်လာခဲ့ကြ၏။ သံဗီရိုတွေ အစီအရီ တန်းနေသည့်ရှေ့ ရောက်သောအခါ-

"ဟင်"

"ဟာ"

ကျွန်မကော ချမ်းမင်းပါ အံ့အားသင့်စွာဖြင့် ရေရွတ်လိုက်မိကြသည်။ ကျွန်မက...

"ဘယ်လိုဖြစ်တာလဲ၊ ငါ့ ဗီရို locker တံခါးပွင့်နေပါလား"

"အေး...ဟုတ်တယ်၊ ထူးဆန်းလိုက်တာ"

သိချင်စိတ် အလောတကြီးဖြင့် သံဗီရိုတံခါးကို ကျွန်မဆတ်ခနဲ ဆွဲဖွင့်လိုက်ရာ အထဲမှ ကျွန်မ၏ မိုးကာအင်္ကျီ၊ ထမင်းဘူးနှင့် ကျောင်းစာအုပ်အချို့ ဝေါခနဲ ထွက်ကျလာကြ၏။

"ဟင်...ဒါက ကျောင်းစာအုပ်လည်း မဟုတ်ဘူး၊ ဘာကြီးလဲ"

ချမ်းမင်းက ပြောပြောဆိုဆိုနှင့် ပြန့်ကျဲနေသော အရာများကြားမှ တစ်စုံတစ်ရာကို ကောက်ယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟောင်းနွမ်းဆွေးမြည့်ကာ စာရွက်သားတွေ ပဲ့ကြွေကျတော့မတတ် သက်တမ်းရင့်ရော်နေသည့် စာအုပ်တစ်အုပ်…။

ဝါကျင့်ကျင့်ဖြစ်ကာ ဖုန်အလိမ်းလိမ်းတက်နေသည့် အဖုံးပေါ်တွင် ရိုက်နှိပ်ထားသည့် စာသားက…

“စိန်ဖလော်ရင့် သာသနာပြုမစ်ရှင်ကျောင်း၊

၁၉၂၀ ခုနှစ်”

ဟင်…ဒါဟာ ဟိုတစ်ခေတ်တုန်းက ဒီကျောင်းမှာသုံးတဲ့စာအုပ်ပဲဟု ကျွန်မ စိတ်ထဲမှ ရေရွတ်မိသည်။

ချမ်းမင်းက…

“ဒီစာအုပ်က ဘယ်လိုဖြစ်ပြီး နင့်ဗီရိုထဲကို

ရောက်နေရတာလဲ”

ကျွန်မက သူ့အမေးကို ပြန်မဖြေတော့ပဲ စာအုပ်ကို လှန်လှောကြည့်လိုက်သည်။ ပထမဆုံး စာမျက်နှာပေါ်တွင် တွေ့လိုက်ရသည့် ခေါင်းစီးစာတန်းကြောင့် ကျွန်မတို့နှစ်ဦးစလုံး တုန်လှုပ် ထိတ်လန့်သွားကြ၏။

“ဟင်. ဝိညာဉ်မေတ္တာပြဓာတ် – ဓာတ်ညွှန်း

ဆိုပါလား”

စာအုပ်ကိုကိုင်ထားသည့် ကျွန်မလက်တွေ တဆတ်ဆတ်ဘုန်ယင်လာသည်။ ထိုအရှိန်ဖြင့် လှုပ်ခါချနေသလို ဖြစ်သွား





သောကြောင့်လားတော့ မပြောတတ်၊ စာအုပ်ကြားမှာညပ်နေသော အဖြူအမည်း ဓာတ်ပုံလေးတစ်ပုံသည် လျော့ခနဲ ထွက်ကျသွားသည်။

ဓာတ်ပုံကို ကျွန်မ လှမ်းဖမ်းသော်လည်း မမိလိုက်ဘဲ ဇော့ဝကာ သံမံတလင်းကြမ်းပြင်ပေါ်တွင် ဓာတ်ပုံမျက်နှာစာဘက်ကအောက်၊ နောက်ကျောက အပေါ်ဘက် အနေအထားဖြင့် မှောက်လျက်သား ကျသွားတော့သည်။

လှမ်းကောက်ယူမည်အလုပ်တွင် ဓာတ်ပုံကျောဘက်၌ ရေးထားသည့် မထင်မရှား စာကြောင်းတစ်ကြောင်းကို တွေ့လိုက်ရ၏။

“ဝိညာဉ်မေတ္တာပြဓာတ်တွင် တစ္ဆေသရဲအဖြစ်

သရုပ်ဆောင်ရန် ရွေးချယ်ခံရသူ”

ထိုစာတန်းကိုဖတ်ပြီး ချမ်းမင်းက အသံတုန်တုန်ယင်ယင်ဖြင့်…

“ဒါ…ဒါဆို ဒီပုံက အဲဒီညမှာ သေသွားတဲ့

ကျောင်းသားလေးရဲ့ပုံပေါ့နော်”

စိတ်လှုပ်ရှားနေလွန်းသောကြောင့် သူ့အမေးကို ကျွန်မပြန်မဖြေနိုင်။ သိချင်စိတ် ပြင်းပြစွာဖြင့် ထိုဓာတ်ပုံကို ကောက်ယူပြီး လှန်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"အောင်မလေး"

ဓာတ်ပုံထဲက မျက်နှာသည် လှိုင်ဘွားဧ၏ပုံပင် ဖြစ်လေသည်။

■



( နိဂုံး )

"မဖြစ်နိုင်ဘူး၊ ဒါ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူး"

ဆရာမ ဒေါ်ခင်ကြည်ပြာက ကျွန်မတို့ ယူလာပြသော ဓာတ်ပုံကို ခဏမျှကြည့်ပြီးနောက် အံဆွဲထဲသို့ ထိုးသွင်းကာ ပြောလိုက်သည်။ ထို့နောက် သူမက...

"တစ္ဆေသရဲဆိုတာ တကယ်မရှိပါဘူး၊ တပည့်တို့ရယ်၊ ဒါဟာ လှိုင်ဘွားနဲ့ ချုပ်စွပ်တူတဲ့ လူတစ်ယောက်၊ ဒါမှမဟုတ် လှိုင်ဘွားရဲ့ အဘိုး၊ အဲဒီလိုမျိုး ဖြစ်နိုင်တယ်လို့ကော မင်းတို့ မစဉ်းစားမိကြဘူးလား"

ဆရာမက စကားကို ကျွန်မတို့ ဘယ်လိုတုံ့ပြန် အဖြေပေးရမည်မှန်းမသိ။ ဆရာမက ဆက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ဆိုကြပါစို့ကွယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်းခုနစ်ဆယ် လောက်က ပျောက်သွားတဲ့သူဟာ လှိုင်ဘွားရဲ့အဘိုးပဲ ထားပါတော့၊ အဲဒီ စိတ္တဇအစွဲဟာ လူကြီးသူမတွေ ပြောစကားကြောင့် လှိုင်ဘွားရဲ့စိတ်ထဲမှာ ဝေဒနာ တစ်ခုလို စွဲကပ်နေပါလိမ့်မယ်၊ အဲဒါကြောင့် သူ့ရဲ့ အဘိုး မကျ,ဖြစ်လိုက်တဲ့ သရုပ်ဆောင်နေရာကို သူ ရှုးသွပ်စွဲလန်းပြီး ဝင်လုပ်တာလို့လည်း ကောက်ချက် ချနိုင်တာပဲ၊ မဟုတ်ဘူးလား"

"ဒါပေမဲ့ ဆရာမ..."

"တော်ပြီ...တော်ပြီ၊ ဆက်ပြီးပြောနေရင် သိပ် မိုးချုပ်သွားလိမ့်မယ်၊ မင်းတို့မိဘတွေလည်း စောင့် နေကြပြီ၊ ကဲ...အိမ်ကိုပဲ တန်းတန်းမတ်မတ် ပြန်ကြ တော့၊ တစ္ဆေသရဲဆိုတဲ့ ပေါက်ကရ အယူအဆတွေကို မင်းတို့ခေါင်းထဲက ထုတ်ပစ်လိုက်ကြ၊ ဟုတ်ပြီလား၊ အဓိက စိတ်ပဲ တပည့်တို့၊ စိတ်ဟာ သိပ် အင်အား ကြီးတယ်ကွဲ့"

ကျွန်မတို့နှစ်ယောက်စလုံး စိတ်မသက်မသာဖြင့် ခေါင်း ညိတ် ပြလိုက်၏။

* * *





အပြန်လမ်းတွင် ချမ်းမင်းက သူ့ရင်ထဲမှာ မတင်မကျဖြစ်နေ သော အတွေးကို ခပ်တိုးတိုးညည်းသလို ပြောသည်။

"ဘယ်လိုလုပ်ပြီး လှိုင်ဘွားရဲ့အဘိုး ဖြစ်နိုင်မှာ လဲနော်၊ အဲဒီလူက ကျောင်းသားဘဝ ငယ်ငယ်လေး မှာတင် သေသွားတဲ့ဥစ္စာ၊ သူ့မှာ ညီအစ်ကိုတွေ သား တွေရှိလို့ လှိုင်ဘွားရဲ့ အဘိုးလေး တော်နေရင်တော့ မပြောတတ်ဘူး"

ချမ်းမင်း၏ အယူအဆကို ကျွန်မ ဘာတစ်ခွန်းမှ ဝင်မပြော ဖြစ်။ ကျွန်မမှာလည်း ကိုယ့်အတွေးနှင့်ကိုယ်...။

ဓာတ်ခုံပေါ်မှာတုန်းက...

မျက်နှာဖုံးကို ဆွဲချွတ်ဖို့ ကြိုးစားရင်း ဝတ်ရုံစ၏ လက်တစ် ဖက်ကို ကျွန်မ လှမ်းဆုပ်ကိုင်လိုက်သည့် အထိအတွေး ခံစားမှု ကို ကျွန်မ ဘယ်လိုမှ မေ့ဖျောက်ပစ်၍ မရနိုင်အောင် ပြန်... ပြန် သတိရနေမိ၏။

ဝတ်ရုံစ လက်မောင်းအိုးအောက်မှာ မည်သည့်အရာကိုမှ ကျွန်မ မဆုပ်ကိုင်မိပါ။ ရှင်းရှင်းပြောရလျှင် ဝတ်ရုံကြီးတစ်ခုလုံး အောက်မှာ မည်သည့်ခန္ဓာကိုယ်မှ မရှိဘဲ ဒီအတိုင်း ဗလာ ဟင်းလင်းချည်းသက်သက်သာ ဖြစ်သည်။

ကျွန်မ စိတ်အစွဲအလမ်းနှင့် ကယောင်ချောက်ချား ထင်မြင်



www.burmeseclassic.com

www.burmeseclassic.com



မှူသာ ဖြစ်ပါစေတော့ဟု ဆုတောင်းလိုက်မိ၏။

* * *

နောက်ရက်...နောက်ရက်များစွာတို့တွင်

လှိုင်ဘွား ကျောင်းတက်သည်ကို မတွေ့ရတော့သောအခါ ကျွန်မ လွမ်းဆွတ်သလိုလို ခံစားရသည်။

ဆရာမပြောသလိုပင် စိတ်အစွဲအလမ်းက ကျွန်မကို ဒုက္ခပေးနေလေပြီလား။

မသိတော့ပါ...။

သင်တို့ကော ဘယ်လိုစိတ်အစွဲအလမ်းတွေရှိကြပါသလဲ...။

ကိုယ် ပျော်ရွှင်ဖွယ် က,ပြခွင့်ရမည့် နေ့ရက် တစ်စုံတစ်ရာကို မျှော်လင့်ရင်း နှစ်တွေ အကြာကြီး စောင့်ဆိုင်းနေရသူတိုင်းသည် တစ္ဆေသရဲများ ဆန်နေလေမည်လား...။ ။

သတိုးတေဇ

■

အိပ်မက်အသစ်

BURMESE CLASSIC .com

www.burmeseclassic.com